www.burmeseclassic.com

ပင်းသိန်

စနေပေါင်းပေါင်နှင့်
မြေမှုံးမှုံးပုံကား



www.burmeseclassic.com

www.burmeseclassic.com

နိဒါန်းအခန်းဆက်များ

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သမ္မတအာဏာစွမ်း

ပြည်ပအားကိုး ပုဆိန်ရိုး အထိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
ဖနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

နိုင်ငံရေးဦးစားပေးချက် (၄) ချက်

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ပိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စီးပွားရေးဦးစားပေးချက် (၄) ချက်

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဝိတ်ဝင်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

လူမှုရေးဦးစားပေးချက် (၄) ရပ်

တစ်မျိုးသားလုံး၏ ဝိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားဓလေ့လကွဲကာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်ဝိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စနေမောင်မောင်နှင့် မြေလျှိုးမိုးပျံဂိုဏ်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၀၁၁၃၀၈၀၇၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၁၀၂၀၀၈၀၈

ထုတ်ဝေသူ

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့

မြန်မာစီစဉ်ရေး

အောင်မြင့်စာပေ၊ အမှတ်(၁)၊ အောင်ဘာလေလမ်းကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့

- ပထမအကြိမ် -

၂၀၀၉ ခုနှစ်၊
(၀၆၀၀ဝါဒီလ)၊
အုပ်ရေ(၅၀၀)၊
တန်ဖိုး(၂၀၀)ကျပ်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

စနေမောင်မောင်နှင့် ပြန်လည်ဆုံစည်းခြင်း

ကျွန်ုပ်သည် စနေကိုကား၏အန္တရာယ်ကို ရှောင်ရင်းတိမ်းရှင်းနှင့်ပင် ဆရာကြီးစနေမောင်မောင်နှင့် နှစ်ပေါင်းများစွာ ကွဲခဲ့ရပြီးဖြစ်၏။ ကျွန်ုပ်သည် မျှောခုတ်သော ဓါး(၁၂)လက်ကို ဝယ်၍ လုပ်သားများ ငှားကာ မျှောခုတ်သောအလုပ်ကို ကန်ထရိုက်ယူ၍ လုပ်ခဲ့လေသည်။ ကျွန်ုပ်တဲ့သို့ ဓါးများ ငှားကာ အောက်လက်ဝယ်သား

www.burmeseclassic.com

www.burmeseclassic.com

များဖြင့် ကန်ထရိုက်ယူ၍ မျှောခုတ်သောသူများကို ထိုအရပ်ဒေသ၌ 'ခါးခေါင်း' ဟူ၍ခေါ်လေ၏။

ကျွန်ုပ်သည် ခါးခေါင်းဆိုသော်လည်း အငြိမ်နေသည်မဟုတ်။ ကျွန်ုပ်ကိုယ်တိုင်ပါ ဝင်၍ခုတ်ရလေ၏။ အနေအထိုင်ဆင်းရဲခြင်း၊ အစားအသောက် ဆင်းရဲခြင်း၊ အလုပ်ပင်ပန်းခြင်းတို့ကြောင့် ကျွန်ုပ်သည် ညှိုးခြိုးလျက် ရှိလေတော့၏။ နောက်ဆုံးတွင် ခါးခေါင်းအလုပ်ကို စွန့်လွှတ်၍ ဆရာကြီးစနေမောင်မောင်အား ရှာမည်ဟု ဆုံးဖြတ်ကာ ရန်ကုန်သို့ တက်လာခဲ့လေ၏။

ရန်ကုန်သို့ ရောက်လျှင် ကျောက်မြောင်း၊ သီတာလမ်းထိပ်ရှိ 'အောင်သပြေ' လက်ဖက်ရည်ဆိုင်တွင် ဝင်ကာ လက်ဖက်ရည်သောက်လေ၏။ ထိုသို့ လက်ဖက်ရည် သောက်နေစဉ်အတွင်း အခြားစားပွဲခုံသို့ လူအများ ရောက်ရှိလာပြီးလျှင် စကားစမြည် ပြောကြလေ၏။ ၎င်းတို့ပြောသော စကားထဲတွင် တစ်ချပ်မျှောက်ဖဲကစားခြင်းအကြောင်း ပါ၏။

တစ်ယောက်သောသူက. . .

"သူမျှောက်ထားတဲ့ဖဲကို ကျုပ်က ကင်းဖဲအောက်မေ့နေတာ၊ လှန်လိုက်တော့မှ စပိတ်တွေ ဖြစ်နေတယ်"

ဟု ပြောကာ ရယ်လေ၏။

"ခင်ဗျားက အဲဒီလူကို နှယ်နှယ်ရရလူ အောက်မေ့လို့လား၊ စနေမောင်မောင်ဆိုတာ မကြားဖူးဘူးလား၊ ပျင်းလို့ ကျုပ်တို့နဲ့ အပျင်းပြေ ဝင်ကစားတာဗျ၊ ဉာဏ်ရည်ဉာဏ်သွေးရော၊ အကင်းပါးပုံရော ကျုပ်တို့က သူ့ကို ဘယ်မှီမလဲဗျာ"

ဟု ပြောသောစကားကို ကြည့်လျှင် ကျွန်ုပ်သည် ထ၍ခုန်မတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလေ၏။

ထိုအခါ ကျွန်ုပ်က ထိုလူတို့အား. . .

"မိတ်ဆွေတို့ရယ်. . . နှောင့်ယှက်တယ်လို့ မထင်ပါနဲ့၊ ခင်ဗျားတို့ စောစောက ပြောတဲ့ စနေမောင်မောင်ဆိုတဲ့လူဟာ အခု ဘယ်မှာလဲ"

ဟု မေးလိုက်ရာ တစ်ယောက်သောသူက. . .

"ကျုပ်တို့နဲ့ အခုပဲ ကစားပြီး ပြန်သွားပြီဗျ၊ ခြောက်နာရီမှာ ကျုပ်တို့ကစားဝိုင်း ပြီးသွားတယ်ဗျာ၊ သူ့အိမ်မှာ ရှိလိမ့်မယ်၊ သူ့အိမ်က ကျောက်မြောင်းစွေး ဗလီနားက ခြံဝင်းကျယ်ကြီးနဲ့ ကျွန်းအိမ်မဲမဲကြီးဗျာ၊ ရှာရလွယ်ပါတယ်ဗျာ"

ဟု ပြောလိုက်လျှင် ကျွန်ုပ်သည် လက်ဖက်ရည်ဖိုးငွေကို

www.burmeseclassic.com

www.burmeseclassic.com

ရှင်းပြီးနောက် စနေမောင်မောင်၏အိမ်ဘက်သို့ ထွက်လာခဲ့လေ၏။ အချိန်မှာ မှောင်စပျိုးနေပြီဖြစ်၏။ ကုလားဗလီမှ နာရီစင်ကြီးကို ကြည့်လိုက်ရာ (၇)နာရီထိုးနေပြီဖြစ်၏။ ခြံဝသို့ ရောက်သောအခါ၌ ခြံဝတွင် စောင့်နေသော ဂေါ်ရခါးလူမျိုး ဒရဝမ်က ကျွန်ုပ်အား အမျိုးမျိုးအဖုံဖုံ စစ်ဆေးလေ၏။ ထို့နောက် ၎င်းကပင်...

"ဒီအချိန်ဟာ ဆရာကြီး ထမင်းစားတဲ့အချိန်ဗျ၊ သူ ဘယ်သူ့ကိုမှ တွေ့မှာမဟုတ်ဘူး၊ ခင်ဗျား ဒီမှာ စောင့်ရလိမ့်မယ်၊ သူ ထမင်းစားပြီးရင် ဟောဟိုနောက်က ထမင်းစားခန်းဟာ မီးလင်းလာတယ်ဗျာ၊ သူ့ရဲ့စားပွဲထိုး 'ဂိုဗိရမ်း' က မီးတွေ ဖွင့်လိုက်ရော၊ အဲဒီအချိန်ကျရင် ခင်ဗျားကို တံခါးဖွင့်ပေးမယ်၊ ခင်ဗျားဝင်ပြီးတွေ့ပေါ့"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း နောက်ဖေးထမင်းစားခန်းဆီသို့ လှမ်းမျှော်ကြည့်ရှုနေရလေ၏။ များမကြာမီ၌ ထမင်းစားခန်းမှ မီးများ လင်းလာလေ၏။ ထိုအခါ ကျွန်ုပ်က ဒရဝမ်အား...

"ဟေ့... ဟိုမှာ မီးလင်းလာပြီ"

ဟု ပြောရာ ဒရဝမ်က တံခါးကို ဖွင့်ပေးလေ၏။ ပြီးလျှင်..

"ခင်ဗျား အရင်မသွားနဲ့ဦး... ကျုပ်အရင်သွားပြောမယ်"

ဟု ဆိုကာ ဒရဝမ်သည် အိမ်ကြီးဆီသို့ ပြေးသွားလေ၏။ များမကြာမီ၌ ကျွန်ုပ်ထံသို့ ပြန်လာပြီးလျှင်...

"ခင်ဗျားသွားလို့ရပြီ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း အိမ်ကြီးဆီသို့ သွားရလေ၏။ အိမ်ကြီး၏တံခါးဝသို့ ရောက်သောအခါ၌ အိမ်ကြီးအတွင်းဘက်သို့ ကြည့်လိုက်သောအခါ လွန်စွာခမ်းနားစွာ ပြင်ဆင်ထားသော ည့ဲခန်းကို တွေ့ရလေ၏။ လှပ၍ အမွှေးရှည်သော ကော်ဇောကြီး ခင်းထား၏။ အိမ်နံရံများတွင် ကျွန်းသားလူရိုင်းများ အသုံးပြုလေ့ရှိသော ဒိုင်းကြီးများ၊ ဓါးကြီးများ ချိတ်ထားလေ၏။ ထို့ပြင် နံရံ၌လည်း လွန်စွာကြီးမား၍ ခဲ့ညားသော တိုင်ကပ်နာရီကြီးတစ်လုံး ချိတ်ထားလေ၏။

နံရံတစ်ခုပေါ်၌ သီပေါမင်းနှင့် စုဖုရားလတ်ပုံ ဆီဆေးပန်းချီကားကို ချိတ်ထားလေ၏။ ထိုပန်းချီကားနှင့် မလှမ်းမကမ်းတွင် တရုတ်စကားပင်ကို ဆီဆေးဖြင့် ရေးထားသော ပန်းချီကားတစ်ချပ်ကို ချိတ်ဆွဲထား၏။ ထိုပန်းချီကားတစ်ချပ်၏အောက်တွင် 'ဘဂျာဏ်' ဟု လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသဖြင့် ပန်းချီကျော် ဦးဘဂျာဏ်၏လက်ရာပန်းချီကို စွဲးကြီးပေး၍ ဝယ်ယူချိတ်

www.burmeseclassic.com

www.burmeseclassic.com

ဆွဲထားကြောင်း သဘောပေါက်လေ၏။

ကျွန်ုပ်သည် ထိုပန်းချီကားကို ငေးမောကြည့်ရှုနေ၏။ ထို့နောက် သီပေါမင်းနှင့် မိဖုရားပုံကိုတလှည့် ကြည့်ရှုမိလေ၏။ ထိုသို့ ကြည့်ရှုရင်း. . .

"စနေမောင်မောင်ဟာ ဒီဘုရင်နဲ့ ဘုရင်ကတော်ပုံကို ချိတ်ထားတာ အဓိပ္ပါယ်တော့ ရှိမယ်"

ဟု တွေးမိလေ၏။ ထိုအချိန်၌မှာပင် ကျွန်ုပ်၏နောက်သို့ မည်သည့်အချိန်က ရောက်နေသည် မသိသော စနေမောင်မောင်က. . .

"ဟုတ်ပါတယ် ကိုအောင်ထွန်း. . . အဓိပ္ပါယ်ရှိပါတယ်ဗျာ၊ အဓိပ္ပါယ်ရှိလို့ ချိတ်ထားတာပေါ့၊ ခင်ဗျားတွေးတာ မမှားပါဘူး၊ ကျုပ်တို့လူမျိုးဟာ ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြင်နှံနဲ့ နေခဲ့ကြတာပဲ၊ ကိုယ့်ဘုရင် ကိုယ်သခင်နဲ့ နေခဲ့ကြတာပဲ၊ ကျွန်လူမျိုး မဟုတ်ဘူးဗျာ၊ သခင်လူမျိုးဗျ၊ အဲဒါကို သတိရအောင် ချိတ်ထားတာဗျို့"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်လည်း လှည့်၍ကြည့်လိုက်ပြီး

"ဟာ. . . ဆရာကြီး"

ဟု အားရဝမ်းသာ နှုတ်ဆက်လိုက်မိလေ၏။ ထိုအခါ စနေ

မောင်မောင်က. . .

"ကိုအောင်ထွန်း. . . ခင်ဗျားအတော့်ကို ပိန်သွားတာပဲ၊ ခင်ဗျားဂိုက်နဲ့ဟန်ပန်ကို ကြည့်ရတာ မျှောခုတ်စားတဲ့လူနဲ့ တူနေတယ်၊ မဟုတ်မှလွဲရော. . . ပင်လယ်ပိုင်းမှာ ဓားခေါင်းလုပ်ပြီး မျှောခုတ်နေတာနဲ့ တူတယ်၊ ခင်ဗျားရဲ့ဆဲပင်တွေဟာ ဆားငံရေလဲထိ၊ နေလည်း အပူခံရလွန်းလို့ နီကြောင်ကြောင် ဖြစ်နေတယ်၊ လက်ကို ကြည့်လိုက်တော့လည်း ကြမ်းထော်နေတာပဲ၊ အသားအရောင်ကလည်း ညစ်မှိုင်းပြီး ဆားပွင့်နေတာလိုပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . .

"မှန်ပါတယ် ဆရာကြီး၊ ကျွန်တော် ပင်လယ်ပိုင်းမှာ ခဏခေါင်းလုပ်ပြီး မျှောခုတ်စားနေရပါတယ်၊ အဲဒါကြောင့် ဆရာကြီးကို ရှာမယ်ဆိုပြီး ရန်ကုန်ကို ထွက်လာခဲ့တာပါ"

ဟု ပြောလိုက်လျှင် စနေမောင်မောင်က. . .

"ကျုပ်နဲ့ တွေ့ပြီပဲဗျာ. . . ဘာမှမပူပါနဲ့တော့၊ တစ်ခုတော့ ရှိတယ်ဗျို့၊ ခရီးရှည်ထွက်ပြီး စွန့်စားခန်းတော့ လုပ်ရဦးမယ်"

ဟု ပြောလိုက်လျှင် ကျွန်ုပ်ပြုံးလိုက်မိလေ၏။ ထို့နောက် ကျွန်ုပ်ကပင်. . .

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုစွန့်စားခန်းလဲ ဆရာကြီး၊ စနေဂိုဏ်းနဲ့ တွေ့ရဦးမှာလား"

ဟု ကျွန်ုပ်က မေးမိလေ၏။

"ဟုတ်ရိုးလားဗျာ. . . စနေဂိုဏ်းထက် ဆယ်ဆဆိုးတယ်ဗျို့၊ အဲဒီအကြောင်းတော့ အသေးစိတ် နောက်မှ ပြောမယ်ဗျာ၊ ခင်ဗျားမှာကလည်း အဝတ်အစားကအစ ချို့တဲ့နေပုံရတယ်၊ အဲဒါလေးတွေ ပြည့်စုံအောင် လုပ်ပေးလိုက်ဦးမယ်၊ အာဟာရ ဖြစ်မှာလေးတွေ ကျွေးပြီး အရင်ပုံစံအတိုင်း ဖြစ်အောင် လုပ်ပေးရမယ်ဗျို့"

ဟု ပြောလိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း[၂]

ပရမားဒရမ်ခတ်လာသို့ ရောက်ကြပြီ

စနေမောင်မောင်သည် ကျွန်ုပ်အား ညစေးတန်းသို့ ခေါ်သွားပြီးလျှင် အကြီများ၊ လုံချည်များ၊ ဖိနပ်များ ပြည့်စုံစွာ ဝယ်ပေးလေ၏။ ထို့နောက် အိမ်သို့ ဆရာဝန် ပင့်ပြီးလျှင် ရောဂါရှိမှုကို စစ်ဆေးခိုင်းပြန်၏။ ဆရာဝန်၏ပြောပြချက်အရ မည်သည့်ရောဂါမျှ

www.burmeseclassic.com

www.burmeseclassic.com

မရှိ၊ အားနည်းနေကြောင်း သိရလေ၏။ ထိုအခါ အားဆေးသွင်းခိုင်းလေ၏။ လေးနာရီခန့် သွင်းရသော အားဆေးနှစ်ခါသွင်းပြီးနောက် ကျွန်ုပ်သည် ပကတိ ကျွန်းမာ၍လာလေတော့၏။

"ကိုအောင်ထွန်း. . . နဂိုအတိုင်း တောင့်တောင့်တင်းတင်း ပြန်ဖြစ်သွားပြီဗျ"

ဟု စနေမောင်မောင်က ပြောလေ၏။ ကျွန်ုပ် ဤသို့ဖြစ်ပြီး မကြာမီနောက် ဘွန်ဟောင်းဆိုသည့် တရုတ်ဘိန်းစားတစ်ဦး ရောက်လာလေတော့၏။ ဘွန်ဟောင်းကိုလည်း အဝတ်အစားများ ဝယ်ပေးခြင်း၊ ဆေးကုသပေးခြင်းများကို စနေမောင်မောင်က ပြုလုပ်လေ၏။ ကျွန်ုပ်တို့နှစ်ဦးစလုံး ပကတိ ကျန်းမာလာသောအခါ၌. .

"ကိုယ့်လူတို့ကို ပြောပြရဦးမယ်၊ အိန္ဒိယပြည်ရဲ့မြောက် ဘက် ဟိမဝန္တာတောင်ခြေက တောအုပ်ထဲမှာ 'မြေလျှိုးမိုးပျံ' ဆိုတဲ့ လောကီဂိုဏ်းတစ်ဂိုဏ်းရဲ့အဖွဲ့ချုပ် ရှိတယ်၊ အဲဒီအဖွဲ့ရဲ့အကြီး အကဲက 'ဆူတာဝါဟန' တဲ့. . ဆာဒူးရသွေကြီးပါပဲ၊ သူ့ရဲ့မယားပါ သား ဒိဗန်ဆိုတာကတော့ ကျွပ်ရဲ့တပည့် အင်္ဂါမောင်မောင်ဆိုတဲ့ ကောင်ကို သတ်မှုနဲ့ မြန်မာပြည်မှာ ကြိုးပေးခံသွားရတယ်. . .

ဒီအဖွဲ့မှာ ပညာရပ်တွေကို မှတ်တမ်းတင်ထားတဲ့ ကျမ်း

စာအုပ်တစ်အုပ်၊ အဲဒါကို လက်ျာလို့ ခေါ်တယ်၊ သူတို့အဖွဲ့ပိုင် ရတနာပစ္စည်းတွေ အရပ်ရပ်မှာ ဖွက်ထားတဲ့ ရတနာသိုက်မြေပုံ စာအုပ်တစ်အုပ်၊ အဲဒါကို လက်ဝဲလို့ ခေါ်တယ်၊ အဲဒီရတနာသိုက် မြေပုံစာအုပ်ရရင် အလွယ်တကူ သွားပြီးရှာရုံပဲ၊ အဲဒီလိုဆိုရင် ကျွပ်တို့ဟာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးသူတွေ ဖြစ်ပြီ. . .

အဲဒါကြောင့် အဲဒီကျမ်းစာအုပ်နှစ်အုပ်ကို မရရအောင် သွားပြီးယူရမှာပဲ၊ 'မြေလျှိုးမိုးပျံ' အဖွဲ့ဝင်တွေဟာ စနေဂိုဏ်းသား တွေထက် တော်တယ်၊ မျက်လှည့်ပညာကအစ မှော်ပညာမျိုးစုံကို တတ်ကျွမ်းကြတယ်၊ သူတို့အဖွဲ့ထဲကို ရောက်ဖို့ဆိုတာ တန်ဆောင် မုန်းလမှာ သူတို့ လုပ်တဲ့ပွဲတော်ရှိတယ်၊ အဲဒီပွဲတော်ကို ရှေးယခင်က တစ်မျိုးခေါ်တယ်၊ အခုအခါမှာတော့ 'ဒိဗန်ပွဲတော်' လို့ ခေါ်တယ်၊ အဲဒီအခါမှာ ကမ္ဘာအရပ်ရပ်ကို ရောက်နေကြတဲ့ အဖွဲ့ဝင်တွေဟာ ဒီနေရာကို လာပြီးစုစည်းကြတယ်၊ အတွင်းစည်းလို့ ခေါ်တဲ့နေရာကို အဖွဲ့ဝင်တိုင်း ဝင်ခွင့်ရတယ်၊ ကျွပ်တို့က အဲဒီအခါမှာ အဖွဲ့ဝင်ဟန် ဆောင်ပြီး အတွင်းစည်း ရောက်တာနဲ့ ရတနာမြေပုံစာအုပ်ကို ရအောင်ယူဖို့ပါပဲ၊ အတွင်းစည်း ရောက်ဖို့ကလည်း အစစ်အဆေး တွေ အများကြီး လုပ်ထားတယ်၊ သူတို့အချင်းချင်းသာ သိတဲ့

www.burmeseclassic.com

www.burmeseclassic.com

လျှို့ဝှက်သင်္ကေတတွေလည်း အများကြီးပဲ၊ ဒီတစ်ခို ကြိုးစားပြီးရင် ရတနာ ရှာတဲ့အလုပ်ကို ဒီတစ်သက် မလုပ်တော့ဘူး. . . နားပြီပေါ့ ဗျာ"

ဟု စနေမောင်မောင်က ရှင်းပြလေ၏။ ထို့နောက် နေ့ကောင်းရက်သာ အချိန်ကောင်း ရွေးကာ ရန်ကုန်မြို့မှနေ၍ အိန္ဒိယပြည်၊ ကာလကတ္တားမြို့ ဟောင်ရာဆိပ်ကမ်းသို့ RAJDIR (ရပ်ရှ်ဒါး) ခေါ် 'ရာဇဂြိုလ်' ဟူသောသင်္ဘောကြီးဖြင့် စီးနင်းလိုက်ပါခဲ့လေ၏။

သင်္ဘောထွက်ခါစတွင် ဘရစ်(ရှိ)ဟူသောနေရာ၌ သင်္ဘောကပ္ပတိန်က ပထမတန်းစီးခရီးသည်များအား ဧည့်ခံစကားပြောလေ၏။ ထို့ကြောင့် စနေမောင်မောင်သည် ထိုနေရာတွင် ရှိနေလေ၏။ ကျွန်ုပ်နှင့် ဘွန်ဟောင်းမှာမူ သင်္ဘော်၏ကုန်းပတ်နေရာတွင် လှည့်လည်ကြည့်ရှုနေကြလေ၏။

ကျွန်ုပ်သည် သင်္ဘောစီးရင်း ရေပြင်ကို ကြည့်ရာ မီးပြတိုက်ကို လွန်သည်နှင့် အစိမ်းရောင်သမ်းနေသော ရေပြင်ကြီးကို တွေ့ရလေ၏။ ထိုမှ မိုင်(၁၀၀)ခန့် ခုတ်မောင်းပြီးသောအခါ ပကတိကျောက်စိမ်းပြင်ကြီးကဲ့သို့ စိမ်းနေသော ပင်လယ်ပြင်ကို တွေ့ရလေ၏။ ထို့နောက်ကျွန်ုပ်လည်း အိပ်ခန်းထဲသို့ ဝင်၍ အိပ်စက်လေ၏။

နံနက်မိုးလင်း၍ နောက်ထပ်မိုင်(၁၀၀)ကျော်ကို ဖြတ်သန်းသောအခါ ပကတိ ပြာနှမ်းသော ပင်လယ်ပြင်ကို တွေ့ရလေ၏။ ထိုရေပြာကို လွန်မြောက်သောအခါ ရေစိမ်းပြင်ကို မိုင်(၁၀၀)ခန့် တွေ့ရပြန်လေ၏။ ထိုရေစိမ်းကို လွန်သောအခါကျမှ ပကတိရေပြင်ကို တွေ့ရလေ၏။

ရန်ကုန်ဆိပ်ကမ်းမှ ကာလကတ္တားဆိပ်ကမ်းအထိ မိုင်ပေါင်း(၇၅၀ စ)မိုင် ဝေးကွာလေ၏။ ပကတိရေပြင်ကို တွေ့ပြီးနောက် ဟူဂလီမြစ်ဝသို့ ရောက်လေ၏။ ထို့နောက်တွင်ကား ကာလကတ္တားမြို့ ဟောင်ရာဆိပ်ကမ်းသို့ ရောက်လေတော့၏။ သင်္ဘောပေါ်မှ ဆင်း၍ မြင်းလှည်းငှားပြီးလျှင် အီဒင်ဆေးရုံလမ်း၊ နံပါတ်(၁၀) မြန်မာပိုင် သုံးထပ်အုတ်ဇရပ်ကြီးဆီသို့ သွားရောက်ခဲ့လေ၏။ ထိုနေရာသို့ မြင်းလှည်းငှားသောအခါ၌ မြင်းလှည်းသမားအား 'ပရမားဒရမ်ဆာလာ' ဟု ပြောရလေ၏။ ထိုသို့ပြောလိုက်လျှင် မြင်းလှည်းသမားသည် ထိုဇရပ်ကြီးသို့အရောက် ပို့ပေးလေ၏။ ထိုဇရပ်ကြီးကို မြန်မာဘုန်းတော်ကြီးတစ်ပါး အုပ်ချုပ်လေ၏။ မြန်မာပြည်မှ သွားသော ဘုရားဖူးများနှင့်ကုန်သည်များသည် ထိုဇရပ်ကြီးတွင်ပင် တည်းခိုကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုဇရပ်သို့ ရောက်သောအခါ၌ စနေမောင်မောင်က ကျွန်ုပ်နှင့်ဘွန်ဟောင်းအား. . .

"ကိုယ့်လူတို့ မှတ်မိဦးမှာပေါ့. . . စနေဂိုဏ်းက စာအုပ်ကြီးကို သွားပြီးခိုးကြတုန်းက ဒီဇရပ်ကြီးမှာ တည်းခဲ့တာလေ၊ ဒီကနေ လှမ်းမြင်နေရတဲ့ အုတ်တိုက်နီနီဟာ ကာလကတ္တားရဲ့ဆေးတက္ကသိုလ်ပဲ၊ အဲဒီမှာက ဆေးရုံလည်း တွဲပြီးဖွင့်ထားတယ်၊ ဆေးကျောင်းတက်တဲ့ နောက်ဆုံးနှစ် ကျောင်းသားတွေဟာ လူနာကို လက်တွေ့ဝင်ပြီးကုသရတယ်၊ မြန်မာပြည်က လာပြီးတက်တဲ့ ဆေးကျောင်းသားတွေလည်း ရှိတယ်"

ဟု ရှင်းပြလေ၏။ ညစာထမင်းစားပြီးသောအခါ၌. . .

"ဒီဇရပ်မှာ ညနေက ရောက်လာတဲ့ည့်သည်တစ်ယောက်ဟာ မြေလျှိုးမိုးပျံအဖွဲ့က ဖြစ်တယ်၊ ကျွပ်တို့ကို ဘယ်သူတွေဆိုတာ ရိပ်မိရင် ရန်မူချင်ရင်လည်း မူမယ်၊ သူတို့အဖွဲ့ဝင်တွေဆီကို သတင်းပေးချင်လည်း ပေးမယ်၊ နည်းနည်းတော့ သတိထားပြီးနေကြ"

ဟု မှာကြားလေ၏။ ထိုသို့မှာကြားပြီးနောက် စနေမောင်မောင်သည် ကျွန်ုပ်တို့နှစ်ဦးအား လက်ဖက်ရည် ဖျော်ခိုင်းပြီးနောက် လက်ဖက်ရည်သောက်ရင်း တစ်ထောင့်တစ်ည ပြောရသည် ဆို

သော ပသီပုံပြင်ကို စိတ်ရှည်လက်ရှည် ပြောပြနေလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

စနေမောင်မောင် ချက်သော တောတွင်းဒန်ပေါက်

ည၌နက်သောအခါ၌ စနေမောင်မောင်၏အခန်းမှ အသံဝလံများ ကြားရသဖြင့် ကျွန်ုပ်ရောဘွန်ဟောင်းပါ သွားရောက်ကြည့်ရှုရာ ညနေက ရောက်လာသည်ဆိုသော ည့ီသည်ကို စနေမောင်မောင်က ဖမ်းဆီးထားသည်ကို တွေ့ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

"ဒီကောင် ကျုပ်အခန်းကို လာကပ်တာဗျ၊ သူ့လက်ထဲမှာ က မားပါတယ်၊ ဒီကောင်ဟာ မြေလျှိုးမိုးပျံအဖွဲ့ကဗျ၊ ကျုပ်တို့ ဘယ် သူတွေဆိုတာ သူက ရိပ်မိနေတဲ့ပုံပဲ"

ဟု စနေမောင်မောင်က ပြောလေ၏။ ထိုသူသည် မျက်လုံး အိမ်မှ မျက်ရည်စတွေ စီးကျနေလေ၏။ ထို့ကြောင့် ဘွန်ဟောင်းက ကုလားစကားဖြင့်. . .

"မင်းဘာဖြစ်လို့ ငိုတာလဲ"

ဟု မေးရာ ထိုလူသည် တစ်လုံးတစ်ပါဒမျှ ပြန်၍မဖြေနိုင် ဘဲ ငိုမြဲငိုနေလေ၏။ ထိုအခါ စနေမောင်မောင်က. . .

"ဘွန်ဟောင်း. . . မေးမနေနဲ့ကွာ၊ ဒီကောင့်ကို စကား မပြောနိုင်အောင် ငါလုပ်ထားလိုက်ပြီ၊ ဒီကောင် ဒီတစ်သက်တော့ အ,အဘဝနဲ့ နေသွားရတော့မယ်"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ဆရာကြီး. . . စိတ်ညှို့ပြီး စကားမပြောနိုင်အောင် လုပ် လိုက်တာလား" ဟု မေးလိုက်ရာ စနေမောင်မောင်က. . .

"စိတ်ညှို့ပြီး လုပ်လိုက်တာ မဟုတ်ဘူးဗျို့၊ ဆီးခုံနဲ့ ချက်ကြား ထဲမှာ အသံထွက်တဲ့ အကြောလေးတစ်ကြော ရှိတယ်၊ အဲဒီ

အကြောလေးကို လက်နဲ့ ညှစ်ပြီးဖြတ်ပစ်လိုက်တာ၊ ငယ်ငယ်က လေ့ကျင့်ခဲ့တဲ့ အကြောကိုင်ပညာပေါ့ဗျာ"

ဟု ရှင်းပြလေ၏။ နံနက်မိုးလင်းသောအခါ၌ ထိုသူလည်း ဇရပ်မှ ထွက်ပြေးသွားပြီဖြစ်၏။

"တစ်ခုတော့ ရှိတယ်ဗျို့၊ စကားမပြောနိုင်ပေမယ့် စာရေးပြီး ပြောနိုင်သေးတယ်၊ အမှန်က မျက်လုံးပါ ကန်းအောင် လုပ်ပစ်ခဲ့ရ မှာ၊ ကျုပ်က ဝင့်လိုက်မှာ သိပ်ပြီးကြောက်တယ်ဗျ၊ ဒါကြောင့် အဲဒီ လို မလုပ်ခဲ့တာ၊ ကျုပ်တို့ သွားတဲ့လမ်းမှာ ကျုပ်တို့ကို ဒုက္ခပေးလိမ့် မယ် ထင်တယ်"

ဟု စနေမောင်မောင်က ပြောလေ၏။ နောက်တစ်နေ့တွင် ကျွန်ုပ်တို့သည် ဟောင်ရာဘူတာမှ မိုင်ပေါင်း(၂၁၀) ဝေးသော 'ဂယာမမြို့' ဘူတာဆီသို့ မီးရထားဖြင့် စီးနင်းလိုက်ပါခဲ့ကြလေ၏။ ဂယာမမြို့ ဘူတာသို့ ရောက်လျှင် စနေမောင်မောင်က. . .

"ကျုပ်တို့ မြတ်စွာဘုရား ပွင့်ရာ တောဓိပင် ရှိတဲ့နေရာကို ဒီကနေ (၇)မိုင်ဝေးတယ်ဗျ၊ ဘာပဲဖြစ်ဖြစ် အဲဒီကို ဘုရားသွားဖူးပြီးမှ ခရီးဆက်ကြတာပေါ့"

ဟု ဆိုကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်၍ နံနက်စာ

www.burmeseclassic.com

www.burmeseclassic.com

အဖြစ် ကုလားမုန့်နှင့် 'လက်ဖက်ရည်များ သောက်ပြီးလျှင် မော်တော်ကားတစ်စီး ငှားရမ်း၍ ဗောဓိပင် ရှိရာသို့ သွားရောက်ခဲ့ကြလေ၏။ ထိုနေရာသို့ ရောက်လျှင် သဒ္ဓါကြည်နူးသောစိတ်ဖြင့် ဗောဓိပင်တွင် မြတ်စွာဘုရားအား ဖယောင်းတိုင်များ ထွန်းညှိကာ ပူဇော်ရှိခိုးကြလေ၏။ ထိုသို့ရှိခိုးရာတွင် စနေမောင်မောင်သည် အသံထွက်၍ ဘုရားရှိခိုးသည်ဖြစ်ရာ နားထောင်ရသည်မှာ လွန်စွာကြည်နူးဖွယ်ကောင်းလေတော့၏။ ထို့ကြောင့် ကျွန်ုပ်နှင့် ဘွန်ဟောင်းသည် စနေမောင်မောင် ဘုရားရှိခိုးသည်ကို အထူးအာရုံစိုက်၍ နားထောင်နေကြရလေ၏။ နံနက်စာကို ပုဒ္ဓဂယာအနီးရှိ တိန္ဒုထမင်းဆိုင်၌ပင် စားသောက်ပြီးနောက် ဂယာမဘူတာသို့ ပြန်ခဲ့ကြလေ၏။

ထိုဘူတာမှတစ်ဆင့် နေရဥ္ဇရာမမြစ်အပါအဝင် မြစ်ချောင်းအချို့ကို ဖြတ်၍သွားရသော ဝေဇ္ဇဂမ်းဘူတာသို့ စီးနင်းလိုက်ပါခဲ့ကြလေ၏။ ဝေဇ္ဇဂမ်းဘူတာသို့ ရောက်လျှင် မီးရထားမှ ဆင်း၍ မြင်းလှည်းငှားကာ တူရကီးရားရွာသို့ ခရီးဆက်ကြလေ၏။ ထိုရွာသို့အရောက်တွင် စနေမောင်မောင်က...

"ဒီရွာဟာ ကျွပ်တို့နဲ့ ထိပ်တိုက်တွေ့မယ့်ဘူတာ ဝါဟန

နေခဲ့တဲ့ရွာပဲ၊ ကျွပ်တပည့် အင်္ဂါမောင်မောင်ကို သတ်သွားတဲ့လူဟာလည်း ဒီရွာသားပဲ၊ ဘူတာဝါဟနရဲ့မယားပါသားပေါ့။ သူ့နာမည်က ဒီဝန်လို့ ခေါ်တယ်၊ ဟောဟိုမှာ တွေ့တဲ့မြစ်ဟာ အခုတော့ ဖာရူမြစ်လို့ ခေါ်တယ်၊ ကျွပ်တို့ဘုရားလောင်း ရွှေကုန့်သည် ဖြစ်တုန်းက ဒေဝဒတ်က စပြီးရန်ငြိုးဖွဲ့တဲ့နေရာပဲ၊ ရွာထဲမှာတော့ တည်းလို့မဖြစ်ဘူး၊ ဟိုး... ရွာအစွန် တောအုပ်နားမှာ ရွက်ဖျင်းတဲထိုးပြီး ဘူတာဝါဟနအကြောင်းကို စုံစမ်းရမှာပဲ"

ဟု ဆိုကာ စနေမောင်မောင်သည် မြင်းလှည်းကို တောစပ်အနီးသို့ မောင်းခိုင်းပြီးလျှင် တောစပ်အနီး၌ပင် ရွက်ဖျင်တဲထိုးကာ နေကြရလေ၏။

ထိုအတောအတွင်း စနေမောင်မောင်သည် ညွှတ်ကွင်းများကို လုပ်၍ တောကြက်များကို ထောင်လေ၏။ ရွာအတွင်းမှ ကုလားကလေးတစ်ယောက် လာပြီးလျှင် မိတ်ဖွဲ့စကားပြောလေ၏။ စနေမောင်မောင်သည် ထိုကုလားကလေးအား အောက်ပါပစ္စည်းများ ဝယ်ခိုင်းလေ၏။

ဆန်	-	၁ ပြည်
ကြက်သွန်ဥကြီး	-	၁၀ လုံး

www.burmeseclassic.com

www.burmeseclassic.com

စပျစ်သီးခြောက်	-	၅ ကျပ်သား
ထောပတ်	-	၁ ပေါင်
ဆီ	-	၂၅ ကျပ်သား
ဒိန်ချဉ်	-	၁ ခွက်
ကုံကုမ်	-	တစ်ပဲသား
လေးညှင်းပွင့်	-	အနည်းငယ်
သစ်ကြံပိုးခေါက်	-	အနည်းငယ်
ကရဝေး	-	၁၀ ခွက်
ဖာလာစေ့	-	အနည်းငယ်
ချင်း	-	၃ ကျပ်သား
ကြက်သွန်ဖြူ	-	၃ ကျပ်သား
ဆား	-	အနည်းငယ်
နှင်းရည်	-	တစ်ပုလင်း
ဗန်ဒါစေ့	-	အချို့

စနေမောင်မောင်သည် ထိုပစ္စည်းများ ရသောအခါ၌ တော ကြက်များကို ဖျက်လေ၏။ အူအသဲ စသည်တို့ကို သပ်သပ်ဖယ်၍ အိုးတစ်လုံးဖြင့် ဆီပြန်ချက်လေ၏။ ကြက်သားများကို ကြက်သွန်ဖြူ

အရည်ညှစ်၍ ဒိန်ချဉ်ဖြင့် ရောကာ ဆုပ်နယ်ပြီးလျှင် အိုးတစ်လုံးတွင် သီးသန့်နှပ်၍ထား၏လေ။ ၎င်းအိုးခွက်များကိုလည်း ထိုကုလား လေးကပင် ရှာပေးခြင်းဖြစ်၏။

စနေမောင်မောင်သည် ကြက်သွန်နီများကို လှီး၍ နီလာ အောင် ကြော်ပြီးလျှင် မဆလာခပ်၍ အသင့်ထားလေ၏။ ထို့နောက် ရေနွေးအိုးတည်ပြီးလျှင် ရေနွေးအိုး ဆူလာသောအခါ ဆန်များ ထည့်၍ချက်လေ၏။ ဆန်များ နူးနပ်၍ ကောလာသောအခါ စနေမောင်မောင်သည် ဝါးများကို ခုတ်ပြီးလျှင် ထမင်းများကို ထည့်လေ၏။ ထမင်းထည့်ပြီးသောအခါ ကြက်သွန်ကြော်များကို ထည့်လေ၏။ ထို့နောက် စပျစ်သီးခြောက်နှင့် ဗန်ဒါစေ့များကို ထည့်လေ၏။ ထို့နောက် အပေါ်မှနေ၍ ဒိန်ချဉ်အနည်းငယ် ဖြန်းလေ၏။ ပြီးလျှင် နှင်းရည်စိမ်ထားသော ကြက်သားများကို ထည့်လေ၏။ ကြက်သားများ ထည့်ပြီးလျှင် ထမင်းတစ်ထပ် ထည့်လေ၏။ ထမင်း ထည့်ပြီးလျှင် ကြက်သွန်ကြော်များ ဖြူးပြန်၏။ စပျစ်သီးခြောက်များ ဖြူးပြန်၏။ ဤသို့လျှင် ကြက်သားတစ်ထပ်၊ ထမင်းတစ်ထပ်၊ ကြက် သွန်ကြော်တစ်ထပ် ထည့်ပြီးနောက် ဝါးကျည်တောက်ကို ကောက်ဖုံး ဖြင့် အစို့ပြုလုပ်ကာ ပိတ်ပြီးလျှင် ကောက်ညှင်းကျည်တောက်ဖုတ်

www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ မီးပြင်းတိုက်၍ ဖုတ်လေတော့၏။ အလုံးစုံ ပြီးသောအခါ ကောက်ညှင်းကျည်တောက်ဝါးများကို ခွာလိုက်ရာ အတွင်းမှ အနှံ့အရသာနှင့် ပြည့်စုံသော ဒန်ပေါက်ထမင်းများ ထွက်လာလေတော့၏။ ထိုအခါ၌ ငှက်ပျောရွက်များ ခုတ်၍ ဒန်ပေါက်ထမင်းနှင့် ကြက်အသည်းအမြစ် ဆီပြန်ဟင်းကို ထည့်ပေးလေ၏။ ကြက်သွန်ချဉ်များလည်း ပြုလုပ်ကာ ထည့်ပေးလေ၏။ ကျွန်ုပ်တို့သုံးဦးသားမက စျေးဝယ်ပေးသော ကုလားလေးကိုပင် ကျွေးလိုက်သေးတော့၏။

ကျွန်ုပ်တို့သည် မြိန်ယှက်စွာ စားသောက်ကြလေ၏။

"ရန်သူနဲ့ တွေ့ရင် အသက်တောင် စွန့်ချင်စွန့်ကြရမှာ၊ ဒါကြောင့် ဂုဏ်ပြုတဲ့အနေနဲ့ တောတွင်းဒန်ပေါက် ချက်ပြီးကျွေးတာ၊ ကျုပ်ကို စျေးဝယ်ပေးတဲ့ ကုလားလေးနာမည်က 'မူတူး' တဲ့၊ ဒီကောင်က ရေခဲကို ရအောင်ရှာပြီး ဝယ်လာတယ်၊ ဟောဟို ဝါးကျည်တောက်ကြီးထဲမှာ ရေခဲရေ လုပ်ထားတယ်၊ ဒန်ပေါက်စားပြီးရင် ရေခဲရေလေး သောက်လိုက်၊

ပြီးတော့ ဆေးလိပ်ဖွာပြီး တစ်ရေးတစ်မော အိပ်လိုက်ပေတော့၊ ကျုပ်ကတော့ မူတူးကို ကျုပ်သိချင်တာတွေနဲ့ စမ်းခိုင်းလိုက်မယ်၊ သူ့ဆီက သတင်းအပြည့်အစုံ ရမှ ဒီက ထွက်မယ်၊ အေးအေး

ဆေးဆေး နှားနေကြတော့"

ဟု ဆရာကြီးစနေမောင်မောင်က ပြောပြီးလျှင် ၎င်းကမူ ဆေးတံဖွာ၍ နေလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း[၄]

ချိုလေတဲ့ . . . ချိုလေ

ကျွန်ုပ်တို့သည် တံငါရိကီးရွာ ရွာအစွန်တောစပ်တွင် စခန်းချနေထိုင်ကြလေ၏။ ထိုအချိန်ကာလအတွင်း ဆရာကြီး စနေမောင်မောင်သည် ကျွန်ုပ်တို့အား တောတွင်းဒန်ပေါက် ချက်ကျွေးလိုက်၊ တောတွင်းအုန်းထမင်းကျွေးလိုက်၊ တောတွင်း ထောပတ်ထမင်း ချက်ကျွေးလိုက်နှင့် အမျိုးမျိုးအဖုံဖုံ လုပ်ကိုင်ကျွေးမွေးလျက်ရှိလေ

www.burmeseclassic.com

www.burmeseclassic.com

ဇ၏။ နေ့လည်နေ့ခင်းများတွင်လည်း ဂျင်းမှုန့်နှင့် ဖျော်သော လက်ဖက်ရည် ဖျော်တိုက်လိုက်၊ အုန်းနို့နှင့် ဖျော်သော လက်ဖက်ရည် ဖျော်တိုက်လိုက်ဖြင့် ရှိခဲ့ရာ ကျွန်ုပ်တို့သည် စားကောင်းသောက်ဖွယ်များ စားလိုက်၊ ဖာဂူမြစ်ထဲတွင် ရေဆင်းကူးလိုက်နှင့် အတော့်ကို ဇိမ်ကျလျက် ရှိလေ၏။

မူတူးဆိုသော ကုလားလေးမှာလည်း မိုးလင်းသည်နှင့် ရောက်လာတတ်၏။ ပြီးလျှင် စနေမောင်မောင်သည် မြေလျှိုးမိုးပုံအဖွဲ့၏ပုံပြင်များကိုလည်း မူတူးဆိုသော ကုလားလေးထံမှ မြောက်မြားစွာ နားထောင်ခဲ့ရလေ၏။ မူတူးသည် မြေလျှိုးမိုးပုံအဖွဲ့ကို လွန်စွာစိတ်ဝင်စား၏။ ထို့ကြောင့် များစွာမှတ်သားထား၏။ ၎င်းထဲမှ ရသော သတင်းများတွင် မြေလျှိုးမိုးပုံအဖွဲ့ ဆုံစည်းသောနေ့တွင် ထိုအဖွဲ့၏ဆုံစည်းပွဲတွင် တက်ရောက်မည့် ကမ္ဘာအရပ်ရပ်ရှိ အဖွဲ့ဝင်များသည် အဖွဲ့၏ပင်မနေရာသို့ တန်းစီမသွားရဘဲ အဖွဲ့၏ စခန်းထောက်ဖြစ်သော အိန္ဒိယပြည်မြောက်ပိုင်းရှိ ကာဂျန်တာလိုက်ဂူစခန်းထောက်တွင် ဝင်ရောက်အစစ်အဆေးခံရမည်ဖြစ်၏။

အဖွဲ့ဝင်များ တွေ့ဆုံပွဲတွင် အဖွဲ့အကြီးအကဲဖြစ်သော မူတာဝါဟနသည် အထူးရွေးချယ်ထားသော လူရွှစ်ဦးကို သာ

အတွင်းစည်းသို့ ဝင်ခွင့်ပေးပြီး လက်ဝဲလက်ယာ ကျမ်းစာအုပ်ကြီးနှစ်အုပ်ကို ကြည့်ရှုခွင့်ပေးသည်ဟု ဆို၏။ ထိုရွှစ်ဦးသည် ကျမ်းစာအုပ်ကြီးများကို ကြည့်ပြီးနောက် အပြင်သို့ ပြန်ထွက်လာပြီး အဖွဲ့ဝင်များကို ကြေညာမှသာလျှင် အဖွဲ့ဝင်များသည် ဆုံစည်းတွေ့ဆုံပွဲကို ပျော်ရွှင်ခမ်းနားစွာ ကျင်းပကြလေ၏။

ထိုသို့ကျင်းပပြီးနောက် ပညာရပ်ချင်း၊ အတွေ့အကြုံချင်း ဖလှယ်ကြ၏။ မိမိတို့တွင် ရှိသော အခက်အခဲများကို တင်ပြကြ၏။ ထို့နောက်မှ တစ်ဦးနှင့်တစ်ဦး လက်ဆောင်ပေးကာ ပြာသိုလပြည့်နေ့တွင် လူစုခွဲကြလေတော့၏။ လူစုမခွဲမီ၌ အဖွဲ့၏အကြီးအကဲဖြစ်သော ဆရာကြီး မူတာဝါဟကို ဝိုင်းဝန်း၍ ဂါရဝ ပြုကြသေး၏။ ထို့ကြောင့် စနေမောင်မောင်က ကျွန်ုပ်နှင့် ဘွန်ဟောင်းအား. . .

"ဒီလိုရှိတယ် ကိုယ့်လူတို့၊ ကျုပ်တို့ လိုချင်တဲ့ ကျမ်းစာအုပ်ကြီးနှစ်အုပ်က လူတိုင်း ကြည့်ခွင့်ရတာ မဟုတ်ဘူး၊ အတွင်းစည်းကို ဝင်ခွင့်ရတဲ့ ကိုယ်စားလှယ် ရှစ်ဦးပဲ ဝင်ခွင့်ရတာ၊ အဲဒီကိုယ်စားလှယ် ရှစ်ဦးအပါအဝင် တွေ့ဆုံပွဲကို တက်မည့်သူအားလုံးကို သူတို့ခဲ့စခန်းထောက်ဖြစ်တဲ့ အာဂျန်တာ လိုက်ဂူမှာ တင်းတင်းကျပ်ကျပ် စစ်ဆေးသေးတာဆိုပဲ၊ အဲဒီကို ကျုပ်တို့ သွားပြီးအစစ်ခံရဦးမှာ၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com

မှာ ကျုပ်တို့ဟာ အဖွဲ့ဝင်အစစ် မဟုတ်ဘဲ လိမ်ညာပြီး လာတဲ့လူ တွေဆိုတာ ပေါ်သွားရင်တော့ ကျုပ်တို့အသက်ကို ဖက်နဲ့ ထုပ်ထားပေတော့ပဲ"

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် ကျောရိုးအတွင်း စိမ့်တက် သွားသည်အထိ ကြောက်လန့်မိလေတော့၏။ စနေမောင်မောင်နှင့် ကျွန်ုပ်တို့သည် ဆန်ခီဘူတာသို့ သွားရောက်ကြလေ၏။ ထို့နောက် ရထားဖြင့် (၃၁၅)မိုင်ဝေးသော (PAHUR)ပါဟူဘူတာသို့ ခရီးဆက်ခဲ့ ကြလေ၏။ ပါဟူဘူတာသို့ ရောက်လျှင် ရထားပြောင်းစီးပြီး (BHOBAW)ဘိုပေါဘူတာသို့ ခရီးဆက်ရပြန်၏။ ဘိုပေါသို့ ရောက် လျှင် မိုင်(၅၀)ဝေးသော (ITAXI)အီတာစီဘူတာသို့ ရထားပြောင်း စီးရပြန်၏။ အီတာစီသို့ ရောက်လျှင် ဟိုတယ်တစ်ခုခွ် တစ်ရက် တည်းပြီးနောက် (၂၁၅)မိုင်ဝေးသော (PACHORA) ပချိုရာ ဘူတာ သို့ စီးနင်းရပြန်၏။ ပချိုရာသို့ ရောက်လျှင် ရထားပြောင်းစီးပြီး ပါဟု သို့ လိုက်ရပြန်၏။ ပချိုရာနှင့်ပါဟုမှာ (၂၅)မိုင်ဝေးလေ၏။ ပါဟုသို့ သွားသောရထားမှာ ရထားကြီး မဟုတ်ဘဲ ရထားအသေးလေး ဖြစ်၏။ ပါဟုဘူတာသို့ ရောက်လျှင် ဆင်း၍ (၁၃)မိုင်ဝေးသော (AGANTACAVE) အာဂျန်တာလိုဏ်ဂူသို့ သွားရလေ၏။

ကျွန်ုပ်တို့ ထိုနေရာသို့ ရောက်သွားချိန်၌ ညဉ့်နက်နေပြီဖြစ် ၏။ အာဂျန်တာဂူတွင် ဝင်ပေါက်(၂၇)ခု ရှိ၏။ (၄)တောင်၊ (၅) တောင်မှ (၁၀)တောင်အထိ မြင့်သော မြတ်စွာဘုရား ရုပ်ပွားတော် များကို ကျောက်ဖြင့် ထွင်းထုထားသည်ကို တွေ့ရလေ၏။ ဂူကြီး တစ်ခုလုံးမှာလည်း ကျောက်ဂူကြီးဖြစ်၏။ ထိုကျောက်ဂူကြီးကို ထွင်း ထု၍ ဝင်ပေါက်များ၊ အခန်းများ ဖွဲ့စည်းထားခြင်းပင်ဖြစ်၏။

အဝေးမှကြည့်သော် သုံးထပ်တိုက်ကြီးနှင့် အလားသဏ္ဌာန် တူလေ၏။ ဝင်ပေါက်(၂၇)ပေါက်တွင် မြတ်စွာဘုရား ရုပ်ပွားတော် များ ရှိသကဲ့သို့ အချို့သောဝင်ပေါက်များတွင် ဟိန္ဒူနတ်ဘုရားရုပ် များလည်း ရှိလေ၏။ ထိုကျောက်ဆစ်ရုပ်များကို ဆေးရောင်စုံများ ခြယ်သထားသဖြင့် အထူးပင် ကြည့်၍ကောင်းလေ၏။

စနေမောင်မောင်က ကျွန်ုပ်နှင့်ဘွန်ဟောင်းအား စစ်ဆေး တဲ့နေရာကို တန်းပြီးမသွားသေးဘဲ. . .

"ဟောဟိုမျက်နှာချင်းဆိုင်မှာ ရှိတဲ့ဟိုတယ်မှာ နှစ်ရက် လောက် တည်းပြီး လေ့လာပြီးမှ သွားရင်ကောင်းမယ်"

ဟု ဆိုကာ ဟိုတယ်တွင် သွားရောက်တည်းခိုလေ၏။ ထို ဟိုတယ်မှာ ထိုဒေသကို အုပ်ချုပ်သော စော်ဘွားတစ်ဦး ပိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com

ဟိုတယ်ဖြစ်လေ၏။ ထိုဟိုတယ်တွင် ရိုးရိုးတန်း၊ ဒုတိယတန်း၊ ပထမတန်း၊ မဟာရာဂျာတန်း၊ အတန်း(၄)တန်း ခွဲ၍ထားလေ၏။ မဟာရာဂျာတန်းသည် စေ့းအကြီးဆုံးဖြစ်၏။ အခန်းများမှာလည်း လွန်စွာခမ်းနားလှ၏။ မဟာရာဂျာတစ်ဦး၏နန်းတော်သို့ ရောက်နေဘိသည့်အလား မီးဆိုင်းများ၊ ကြွေပန်းအိုးများ၊ ကြေးပန်းအိုးများ၊ အချွန်အတက်များ ပါသည့် ကြေးကုတင်များ၊ အမွေးရှည်ကော်ဇော ကြီးများဖြင့် တန်ဆာဆင်ထားလေ၏။

နံရံတွင်လည်း အိန္ဒိယပန်းချီကျော်တို့၏ဆီဆေးပန်းချီကား များ ချိတ်ဆွဲထား၏။ ထိုမဟာရာဂျာတန်းတွင် အလုပ်လုပ်သော သူတို့မှာ အိုးတန်ဆာရီများ ဝတ်ဆင်ထားသည့် ကုလားမ မိန်းမချော လေးများ ဖြစ်၏။ နံနက်အိပ်ရာထသည်နှင့် မျက်နှာသစ် ရေချိုးရန် ရေနွေးဖြင့် စပ်ထားသောရေအေးကို ရေချိုးခန်းတွင် ဖြည့်ပေး၏။ နံ့သာဖြူနှင့် မွှေးနေသော ဆပ်ပြာတုံးများ ပေး၏။ လွန်စွာလှပ သော မျက်နှာသုတ်ပုဝါများ အသင့်ထားပေး၏။

စားသောက်ခန်းသို့ မသွားဘဲ မိမိအိပ်ခန်း၌ပင် စား သောက်လိုလျှင်လည်း ကုလားမ မိန်းမချောလေးများသည် စားပွဲပု များ လာရောက်ခင်းပေးပြီး အစားအသောက်များ ပို့လေ၏။

ဘရိတ်ဖတ်စ်ဟု ခေါ်သော အိပ်ရာမှ နိုးနိုးချင်း စားရသောစားပွဲတွင် ထောပတ်ဖြင့် ကျွတ်နေအောင် ကြော်ထားသည့် တိုရှည်မုန့်များ၊ ပူရီများ လွန်စွာပျစ်သော နွားနို့များ၊ ပေါင်မုန့်များ၊ ချိုစ် ခေါ် ဒိန်ခဲ များ၊ ယိုများ လာ၍တည်ခင်းပေး၏။ စားသောက်နေစဉ်အတွင်း၌ လည်း လွန်စွာသာယာနာပျော်ဖွယ်ကောင်းသော 'စီးတား' ခေါ် တူရိယာတစ်မျိုး တီးခတ်သံဖြင့် ဖျော်ဖြေထားလေ၏။ နွားနို့ချည်း သက်သက် မသောက်လိုကလည်း ပိုလဆင်ကော်ဖီမှုန့်ကို နှပ်ထား သည့် ကော်ဖီကရား လာ၍ချပေးထား၏။ လက်ဖက်ရည် သောက် လိုပါကလည်း အကောင်းစား လစ်ပ်တန် လက်ဖက်ခြောက်ကို နှပ် ၍ ခရားဖြင့် ထည့်ပေးထားလေ၏။

ဆရာကြီးစနေမောင်မောင်သည် ပိုလဆင်ကော်ဖီကို ဖျော် ၍သောက်၏။ ကျွန်ုပ်နှင့်ဘွန်ဟောင်းမှာမူ လစ်ပ်တန် လက်ဖက် ရည်ကို ဖျော်၍သောက်ကြရလေ၏။ ထောပတ်နှင့် ကြော်ထားသော ဘိုရှည်ကို ယိုများ၊ ဒိန်ခဲများ သုပ်၍စားကြ၏။ စားသောက်ပြီးသော အခါ၌ လွန်စွာအလုံးလှ၍ မှည့်ပျော်နေသော ငှက်ပျောသီးများကို လာ၍ပေးပြန်၏။ ငှက်ပျောသီး စားမည်ဟု လုပ်ချိန်မှာပင် ကိုးထား သော သရက်သီးမှည့်များကို လာ၍ချပေးပြန်၏။ ထိုနောက်တွင်

www.burmeseclassic.com

www.burmeseclassic.com

စားပွဲထိုးအုပ် မိန်းကလေးက. . .

"နံနက်စာကို မည်သည့်ဟင်းဖြင့် သုံးဆောင်လိုပါသနည်း"

ဟု လာ၍မေးကာ စာအုပ်ကလေးဖြင့် မှတ်သွားလေ၏။။

စနေမောင်မောင်က ထိုမိန်းကလေးအား. . .

"မင်းတို့ ဒီဒေသမှာ နာမည်ကြီးတဲ့ အစားအသောက် ပြောပါ"

ဟု မေးလိုက်ရာ ထိုမိန်းကလေးက. . .

"ကျွန်မတို့ဆီမှာ ခါသားဟာ လူတိုင်းကြိုက်တဲ့ အစားအသောက်ပါပဲ၊ ပြီးတော့ အလွန်ထွားကျိုင်းတဲ့ ချိုးကြီးတွေလည်း ဝမ်းဗိုက်ကို ခွဲပြီး စပျစ်သီးခြောက်တွေ၊ ဗာဒန်စေ့တွေ ထည့်ပြီးပေါင်းတဲ့ အစားအသောက်ကိုလည်း နှစ်သက်ကြပါတယ်၊ ပန်းသီးထည့်ပြီးချက်တဲ့ ကြက်သားဟင်းကိုလည်း စားတယ်၊ အချို့ဒေသမှာ အာလူးထည့်တဲ့နေရာမှာ ဒီဒေသမှာ အာလူးအစား ပန်းသီးထည့်ပြီး ချက်ပါတယ်၊ အိန္ဒိယပြည်နယ်များများမှာ ချက်တဲ့ဟင်းတွေဟာ ရှိန်းခိုပါ၊ပါတယ်၊ ကျွန်မတို့ဆီမှာ ရှိန်းခိုမသုံးပါဘူး၊ လေးညှင်းပွင့်ကို ထောင်းပြီး ပေါင်းထားတဲ့ ပူဆီနံ့ရွက်ကိုပဲ သုံးပါတယ်၊ ဟင်းချိုကလည်း ကျွန်မတို့ဒေသမှာ ရတဲ့ငါးတစ်မျိုးကို ကျောက်ဖရုံသီးနဲ့ ချက်

လေ့ရှိပါတယ်"

ဟု ရှင်းပြလေ၏။။ ထို့ကြောင့် စနေမောင်မောင်သည် နံနက်စာ ပန်းသီးဖြင့် ချက်သော ကြက်သားဟင်း အစာသွပ်၍ ပေါင်းထားသော ခိုပေါင်း၊ ခါကြော်၊ ကျောက်ဖရုံသီးဟင်းချိုတို့ကို မှာလိုက်လေတော့သတည်း။။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

ပြေးရပြန်ပြီ

မဟာရာဂျာအတန်းတွင် လာရောက်အလုပ်လုပ်သော ကုလားမလေးများအနက် နီပေါအမျိုးသမီးတစ်ဦးလည်း ပါ၏။ ထိုမိန်းကလေး၏အမည်မှာ လက်ရှမီးဒေ့ရှ်ဟူ၍ဖြစ်၏။ ထိုမိန်းကလေးသည် စနေမောင်မောင်နှင့် လွန်စွာရင်းနှီးနေပြီဖြစ်၏။ ထိုမိန်းကလေး၏အစ်ကိုတစ်ယောက်သည် မြေလျှိုးမိုးပျံ အဖွဲ့ဝင်တစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြောင်း စနေမောင်မောင် သိလိုက်ရပြီဖြစ်၏။

အာဂျန်တာလိုဏ်ဂူတွင် ကျေနပ်အောင် စစ်ဆေးပြီးနောက် အဖွဲ့၏ပင်မ တွေ့ဆုံမည့်နေရာမှ ကိုယ်စားလှယ်တစ်ဦး လာလေ့ရှိ၏။ ထိုကိုယ်စားလှယ်ကို အပြာရောင်ဝတ်ရုံဝတ် ကိုယ်စားလှယ်တော်ကြီးဟု ခေါ်၏။ ထိုအပြာရောင်ဝတ် ကိုယ်စားလှယ်ကြီးထံတွင် ဆင်စွယ်ဖြင့် လုပ်ထားသော ကြုတ်ကလေးများ များစွာပါ၏။ ထိုကြုတ်ကလေးများ ပါသူကိုသာ ထိုနေရာမှ ဝင်ခွင့်ပေးမည်ဖြစ်၏။ ရိုးရိုးတက်ရောက်သူများအတွက် ကြုတ်ကလေးများအပေါ်တွင် ဟိန္ဒူဘာသာဖြင့် ရေးထားသော ဂါထာများ ပါ၏။ အတွင်းစည်းသို့ ဝင်ရမည့် အထူးကိုယ်စားလှယ် ခြစ်ဦးအတွက် ကြုတ်ကလေးများတွင် အရုပ်များ ထွင်းထုထားလေ၏။ ကြုတ်ကလေးများမှာ ငါးဆယ်ဝင် စီးကရက်ဘူး၏အရွယ်ပမာဏခန့် ရှိ၏။

ထိုစစ်ဆေးပွဲကို လက္ခယ်နေ့ညတွင် ပြုလုပ်လေ့ရှိ၏။ စစ်ဆေးပွဲသို့ တက်ရောက်မည့်လူအားလုံး မျက်လုံးနေရာတွင်သာ အပေါက်ဖောက်၍ထားသော ခေါင်းစွပ်မည်းမည်းကြီးများကိုသာ စွပ်ရ၏။ ထို့ကြောင့် စနေမောင်မောင်က. . .

"ကိုအောင်ထွန်းနဲ့ ဘွန်ဟောင်းတို့ရေ. . . ဒီနေ့ညလက္ခယ်

နေ့ညပဲ၊ ကျုပ်တို့ သွားပြီးအစစ်ခံရမယ်၊ ကျုပ်က ရှေ့က အစစ်ခံမယ်၊ ခင်ဗျားတို့နှစ်ယောက်က နောက်ကနေ ကြည့်ပြီး ပါးပါးနပ်နပ် လိုက်ခဲ့ပေတော့"

ဟု ပြောလိုက်လျှင် ညသန်းခေါင်သို့ ရောက်သောအခါ၌ အာဂျန်တာလိုဏ်ဂူရှိ လူစစ်ဆေးပွဲသို့ သုံးယောက်သား ထွက်ခဲ့ကြလေတော့၏။ ဝင်ပေါက်တစ်ခုသို့ ရောက်သောအခါ ဓားကြီးများကိုင်ဆောင်ထားသော လူ(၈)ယောက်နှင့်အတူ ကုလားယောဂီများကဲ့သို့ ဝတ်ဆင်ထားသော သက်ကြီးရွယ်အို အဘိုးကြီးတစ်ဦးက စနေမောင်မောင်၏ရင်ဘတ်ကို ဆီးခြိမ်တွန်းထားပြီးလျှင်. . .

"ဘယ်အချိန်ရှိပြီလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ စနေမောင်မောင်က အောင်မြင်,ပြတ်သားသောအသံဖြင့်. . .

"ဘယ်အချိန်ပဲရှိရှိ မြေလျှိုးလို့လဲ ရတယ်၊ မိုးပျံလို့လဲ ရတယ်"

ဟု ဖြေလိုက်ရာ အခန်းတွင်းသို့ ဝင်ခွင့်ပေးလေ၏။ ကျွန်ုပ်နှင့်ဘွန်ဟောင်းကိုလည်း. . .

"ဘာလာလုပ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးပြန်၏။ ထိုအခါ ဘွန်ဟောင်းက...

"ကျုပ်က မိုးပျံမယ်...သူက မြေလျှိုးမယ်၊ အဲဒါလုပ်ဖို့ လာတာ"

ဟု ဆိုလိုက်လျှင် အခန်းတွင်းသို့ ချောမောစွာ ဝင်ခွင့်ပေးပြန်၏။ အတွင်းသို့ ရောက်လျှင် လူတစ်ယောက်က ပခြုပ်အတွင်းမှ မြွေဟောက်တစ်ကောင်စီ နှိုက်ယူ၍ ကျွန်ုပ်တို့၏လည်ဂုတ်ပေါ်သို့ တင်ပေးလိုက်လေ၏။ မြွေဟောက်၏လုံးပတ်မှာ ကျွန်ုပ်၏လက်ကောက်ဝတ်ခန့် ရှိ၏။ မြွေဟောက်သည် ငြိမ်မနေဘဲ လည်ဂုတ်ပေါ်တွင် ဟိုရွေ့ဒီရွေ့ လုပ်နေသဖြင့် ကျွန်ုပ်သည် ကြောက်စိတ်ကြောင့် ချွေးစေးများ ကျလာလေတော့၏။ မြွေဟောက်သည် ကျွန်ုပ်၏မျက်နှာအနီးသို့ ကပ်ကာ ပါးပျဉ်းခွက်လိုက်လေ၏။ စနေမောင်မောင်သည် ကျွန်ုပ်အနီးသို့ ကပ်ကာ...

"ကိုအောင်ထွန်း...ဘာမှမကြောက်နဲ့၊ ခန္ဓသုတ်ရွတ်နေ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း...

"ဝိရူပက္ခေဟိမေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိမေ၊
မေတ္တံ ကဏှာ ဂေါတမ ကေဟိစ"

ကျွန်ုပ်သည် ခန္ဓသုတ်ကို အလွတ်ရသော်လည်း ကြောက်စိတ်ဖြင့် ရွတ်ဆိုသောအခါ ဒုတိယပိုဒ်ကို မေ့၍နေလေ၏။ ထိုအခြင်းအရာကို ရိပ်မိသော စနေမောင်မောင်က...

"ကိုအောင်ထွန်း ဒုတိယပိုဒ်ကို မေ့နေပြီထင်တယ်...ကြောက်လို့ မေ့သွားတာပါဗျာ၊

အပါဒကေဟိမေ မေတ္တံ၊
မေတ္တံဒ္ဝိပါဒကော ဟိမေ၊
စတုပ္ပဒေဟိမေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိမေ"

ဟူ၍ ၎င်းက တိုးတိုးလေး ဆိုပြလေ၏။ ထိုအခါကျမှပင် ကျွန်ုပ်လည်း ခန္ဓသုတ် တစ်ခုလုံးကို အမှတ်ရသွားလေ၏။ ထို့ကြောင့် အစအဆုံး ရွတ်လိုက်ရာ ကျွန်ုပ်၏ပခုံးပေါ်တွင် ပါးပျဉ်းထောင်နေသော မြွေဟောက်ကြီးသည် ပါးပျဉ်းချ၍ ငြိမ်သွားလေတော့၏။ ဘွန်ဟောင်းလည်း လွန်စွာကြောက်လန့်နေပုံရ၏။ ထို့ကြောင့် တရုတ်ဘာသာဖြင့် ခပ်တိုးတိုး ဘုရားရှိခိုးနေလေ၏။ ၎င်း ရွတ်ဆိုသည်ကို ကျွန်ုပ် ကောင်းစွာမှတ်မိသေးတော့၏။ ၎င်းရွတ်ဆိုသည်မှာ 'နမောအော်မီတော်ဖော်' ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ စနေမောင်မောင်က အနီးသို့ ကပ်၍...

"ဟေ့... ဘွန်ဟောင်း၊ မဏိပဒ်မေဟုံ ရွှတ်ကွ"

ဟု အကြေပေးလိုက်သဖြင့် ဘွန်ဟောင်းလည်း ထိုအတိုင်း လိုက်၍ ရွှတ်လေ၏။ နောက်ဝင်ပေါက်တစ်ခုသို့ ရောက်သောအခါ လူတစ်ယောက်က ကျွန်ုပ်တို့၏ပခုံးပေါ်မှ မြွေဟောက်များကို ဆွဲယူသိမ်းဆည်း၍ ပခြုပ်အတွင်းသို့ ထည့်လိုက်လေ၏။ ထိုဝင်ပေါက်တွင် စနေမောင်မောင်အား ခေါင်းတစ်ခေါင်းလုံး ဖြူနေသော အဘိုးကြီးက...

"ဘာတွေလုပ်ဦးမှာလဲ"

ဟု မေးလေ၏။ ထိုအခါ စနေမောင်မောင်က...

"လုပ်စရာဆိုလို့ ရွှေစကြာနဲ့ငွေစကြာကို ကြည့်ဖို့ပဲ ကျန်တော့တယ်"

ဟု ပြန်၍ဖြေလိုက်လျှင် ထိုခေါင်းဖြူအဘိုးကြီးကပင်...

"ဒီမှာ ဘယ်သူအကြီးဆုံးလဲ"

ဟု မေးလေ၏။ ထိုအခါ စနေမောင်မောင်က...

"ယောဂီကြီး ဘူတာဝါဟနဟာ အကြီးဆုံးပါ"

ဟု ဖြေလေ၏။ ထိုသို့ဖြေလိုက်လျှင် စနေမောင်မောင်ကို

လူတစ်ယောက်က အခြားအခန်းတစ်ခုသို့ ခေါ်၍သွားလေ၏။ ကျွန်ုပ်နှင့် ဘွန်ဟောင်းကိုလည်း ခေါင်းဖြူအဘိုးကြီးက စစ်ဆေးပြန်၏။

"သင်တို့နှစ်ယောက်ကော ဘာလုပ်ဖို့ ကျန်သေးသလဲ"

ဟု မေးလေ၏။ ထိုအခါ ဘွန်ဟောင်းက...

"ကျန်တာကတော့ ဝတ်ရုံအပြာဝတ် ကိုယ်စားလှယ်ကြီးကို စောင့်ဖို့ပဲ ကျန်ပါတယ်"

ဟု ပြန်၍ဖြေလျှင် ကျွန်ုပ်တို့နှစ်ဦးအား လမ်းမအတိုင်း ပြန်၍ထွက်ရန် ပြလေ၏။ ကျွန်ုပ်တို့လည်း လိုက်ဂူအပြင်သို့ ရောက်ပြီဖြစ်သဖြင့် စိတ်အေးလက်အေး ထိုင်၍နေကြလေ၏။

ထိုအချိန်၌ စနေမောင်မောင်သည် ရေးကြီးသုတ်ပြာဖြင့် ပြေးလာပြီးလျှင် ကျွန်ုပ်တို့အနီးသို့ ရောက်လာလေ၏။

"ကိုယ့်လူတို့နှစ်ယောက်... ဟိုမှာ မေးတာတွေ လွဲချော်လို့ သွားပြီ၊ ကျုပ်တို့ ပြေးရတော့မယ်... လာ... လာ"

ဟု ဆိုကာ ၎င်းက ရှေ့မှ ပြေး၏။ ကျွန်ုပ်နှင့်ဘွန်ဟောင်းက နောက်မှ ဒရောသောပါး လိုက်ရလေ၏။ စမ်းချောင်းတစ်ခုသို့ ရောက်သောအခါ အမောပြေရန် ထိုင်ကြလေ၏။ မြွေလျှိုးမိုးပုံ

www.burmeseclassic.com

www.burmeseclassic.com

အဖွဲ့သားများသည် လက်တစ်ဖက်တွင် မီးတုတ်များ ကိုင်ဆောင်၍ အခြားသောလက်တစ်ဖက်တွင် ဓားကြီးများ ကိုင်ဆောင်ကာ ညာသံပေး၍ လိုက်လာကြပြီဖြစ်၏။

ကျွန်ုပ်တို့လည်း စမ်းချောင်းတွင် ကြာကြာမထိုင်တော့ဘဲ စမ်းချောင်းကို ဆန်၍တက်ကာ တောအုပ်တစ်ခုသို့ ဝင်၍ ချဉ်းကပ်ရလေ၏။ တစ်နေရာသို့ ရောက်သောအခါ၌...

"ဘယ်နေရာတွေမှာ လွဲကုန်တာလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က...

"မေးခွန်းတွေက (၁၀၀)လောက် ရှိတယ်ဗျ၊ ကျုပ် ချော်သွားတဲ့အချက်က ကျုပ်ကို မေးတဲ့ ခေါင်းဖြူကြီးက သူ့အသက် ဘယ်လောက်ရှိပြီလဲလို့ မေးတာ၊ ကျုပ်က ခန့်မှန်းပြီး ပြောလိုက်ရတယ်၊ (၈၀)ရှိပြီလို့ ပြောလိုက်တယ်၊ အမှန်က သူက (၉၀)ရှိနေပြီဗျ၊ အဲဒီက စပြီးလွဲတာပဲဗျာ၊ နောက်ထပ်မေးခွန်းနှစ်ခုမှာ ထပ်ပြီးလဲ လွဲရော အဲဒီခေါင်းဖြူကြီးက...

ဒီကောင်လူလိမ်... သူ့အဖော်နှစ်ယောက်ရော သူရော သတ်ရမှာ၊ 'ဖမ်းလိုက်' လို့ အမိန့်ပေးလိုက်ရော... ဓားကိုင်ထားတဲ့ လူလေးယောက်ဟာ ကျုပ်ကို ဝိုင်းပြီးဖမ်းတော့တာပဲ၊ ကျုပ်က လွတ်

အောင် ရုန်းပြီး ခင်ဗျားတို့ဆီ ပြေးလာတာ"

ဟု ရှင်းပြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

ကြုတ်သုံးလုံးကို ခိုးယူခြင်း

ကျွန်ုပ်တို့သည် စမ်းချောင်းအတိုင်း မြောက်ဘက်သို့ တောတွင်းမှပင် ဖြတ်သွားကြလေ၏။ နံနက်(၇)နာရီထိုးလောက်တွင် ကျွန်ုပ်တို့ လျှောက်လာသော တောအုပ်၏အစပ်တွင် ဂေါ်ရခါး ရွာလေးတစ်ရွာကို တွေ့ရလေ၏။ ထိုရွာသို့ ချဉ်းကပ်ကာ ဂျုံဖြင့် ပြုလုပ်ထားသော မုန့်အနည်းငယ်ကို ဝယ်ယူစားသောက်ကြလေ၏။ ပြီးလျှင် မြောက်ဘက်သို့ ခရီးဆက်ခဲ့ကြ၏။ နံနက်(၁၀)နာရီကျော်

www.burmeseclassic.com

www.burmeseclassic.com

ကျော်လောက်တွင် ကျွန်ုပ်တို့၏ရှေ့တည့်တည့် တောင်ကုန်းပေါ်၌ ထမ်းစင်တစ်ခုကို လူလေးယောက်က ထမ်းလျက် ထမ်းစင်ပေါ်တွင် အပြာရောင် ဖဲဝတ်ရုံကို ဝတ်ဆင်ထားသော လူတစ်ယောက်က စီးနင်းလိုက်ပါလာလေ၏။ စနေမောင်မောင်သည် ကျွန်ုပ်နှင့် ဘွန်ဟောင်းလက်ကို ဆွဲကာ ခြုံနံဘေးသို့ ဝင်၍ကွယ်လိုက်လေ၏။

"ကိုယ့်လူတို့ရေ. . . အပြာရောင်ဝတ်ရုံဝတ် ကိုယ်စားလှယ်တော်ကြီးဆိုတာ အဲဒီဝတို ဖြစ်မှာပဲ၊ သူတို့က အတော်ဝေးတဲ့နေရာက လာခဲ့ကြတာ၊ ကျုပ်တို့ဝင်တဲ့ ဂေါ်ရခါးရွာ ရောက်ရင် သူတို့လည်း ဝင်ချင်ဝင်ဦးမှာ၊ အဲဒီမှာ အစားအသောက် စားပြီးမှ ခရီးဆက်မယ် ထင်တယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က သူတို့နောက်က နေပြီး နောက်ယောင်ခံပြီး လိုက်သွားရမယ်၊ သူတို့ နားတဲ့အခါကျမှ ဆုံစည်းပွဲမှာ တက်ခွင့်ရဖို့ ဆင်စွယ်ကြုတ်တွေ ပါလာလိမ့်မယ်၊ အဲဒီအထဲက သုံးခုခိုးယူရမှာပဲ၊ အဲဒီတာဝန်ကိုတော့ ဘွန်ဟောင်းက ယူမယ်"

ဟု စနေမောင်မောင်က ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့လည်း ပုန်းလျှိုးကွယ်လျှိုးဖြင့် ထိုသူတို့၏နောက်မှ လိုက်ခဲ့လေတော့၏။ ၎င်းတို့သည် ကျွန်ုပ်တို့ မြင်ခဲ့သော ဂေါ်ရခါးရွာသို့ ရောက်လျှင်

ရွာတွင်းသို့ ဝင်လေ၏။ ရွာသူရွာသားများသည် အပြာရောင် ဝတ်ရုံဝတ် လူအား တွေ့လျှင် အရိုအသေ ပေးကြ၏။ နေရာထိုင်ခင်းများ ပေးကြလေ၏။ ထိုအခါ အပြာရောင် ဝတ်ရုံဝတ် လူသည် ထမ်းစင်ပေါ်မှ ဆင်းလေ၏။ ထမ်းစင်ကို ထမ်းသောလူများလည်း ထမ်းစင်ကို ခေတ္တချ၍ အမောဖြေကြလေ၏။ ထို့နောက် ၎င်းတို့အားလုံးသည် ရွာအနောက်ဘက်ရှိ စမ်းချောင်းဆီသို့ သွားကြကုန်၏။ ရောက်လျှင် စမ်းချောင်းအတွင်းသို့ ဆင်းကာ ရေချိုးခြင်း၊ ရေကူးခြင်းများ ပြုလုပ်ကြလေ၏။

ရွာသူရွာသားများမှာလည်း ၎င်းတို့အား ဧည့်ဝတ်ပြုရန် အတွက် ချက်ပြုတ်ကြော်လှော်နေကြလေ၏။ ကျွန်ုပ်တို့သုံးဦးသည် ခြုံကြိုးတစ်ခုအတွင်းမှနေ၍ ထိုအခြင်းအရာကို လှမ်းမြင်နေရလေ၏။ ထိုအခါ စနေမောင်မောင်က. . .

"ဘွန်ဟောင်းရေ. . . ရွာသူရွာသားတွေကလည်း သူတို့ ထမ်းစင်ကို စိတ်မဝင်စားကြဘူးကွာ၊ သူတို့ကလည်း စမ်းချောင်းထဲမှာ အိုက်လွန်းလို့ ရေချိုးနေကြပြီ၊ ဒီအချိန်မှာ ဆင်စွယ်ကြုတ်သုံးလုံးကို သွားခိုးရရင် အကောင်းဆုံးပဲကွ၊ အဲဒီဆင်စွယ်ကြုတ်တွေမှာ ထမ်းစင်ပေါ်မှာ ပါလာမယ်ကွ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။ ဘွန်ဟောင်းလည်း ကျွန်ုပ်တို့အနီးမှ ကြောင်တစ်ကောင်၏လျင်မြန်ခြင်းတို့ဖြင့် စွေ့ခနဲ ပျောက်ကွယ်သွားလေ၏။

များမကြာမီ၌ ဘွန်ဟောင်းသည် ကျွန်ုပ်တို့ ရှိရာ ခြံကြီးတွင်းသို့ ပြန်၍ရောက်လာ၏။ ၎င်း၏လက်အတွင်း၌လည်း လွန်စွာဖြူဖွေးသော လွန်စွာမှ လှပသော ဆင်စွယ်ကြုတ်ကလေးသုံးလုံး ပါလာလေ၏။ ထိုဆင်စွယ်ကြုတ်သုံးလုံးအနက် နှစ်လုံး၏ဘေးတွင် သက္ကတ ဘာသာဖြင့် ရေးထားသောစာများ ထွင်းထား၏။ ကျန်တစ်လုံးမှာမူ လွန်စွာလက်ရာကောင်းသော ပန်းပုဆရာ၏လက်ရာဖြစ်ကြောင်း အရုပ်များ ထွင်းထုထားသည်ကို တွေ့ရလေ၏။

ထိုအရုပ်များကို ကြည့်လိုက်သောအခါ စကြာတံဆိပ် ပါသော စာအုပ်နှစ်အုပ်ကို ဆုကျစ်ရှိသော ယောဂီကြီးတစ်ဦးက သူ၏ရင်ကို ခွဲ၍ထုတ်ပြနေပုံဖြစ်၏။ စနေမောင်မောင်သည် ထိုကြုတ်များကို ကြည့်ပြီးနောက်. . .

"ဒီတစ်ခါတော့ နေရာကျပြီဗျို့၊ ဒီကြုတ်တွေ ပါရင် ကျုပ်တို့ ဝင်ခွင့်ရမယ့်လက်မှတ်ပါပဲ၊ အတွင်းစည်း ရောက်ရင်တော့ ကျုပ်တို့ လိုချင်တဲ့ စာအုပ်နှစ်အုပ်ကို တွေ့ခွင့်ရပြီ၊ အဲဒီလို တွေ့ခွင့်ရပြီဆိုရင်

တော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ အဲဒီစာအုပ်ကြီးနှစ်အုပ်ကို ကိုယ့်လက်ထဲ ရောက်အောင် လုပ်ရမှာပဲ၊ အဲဒီလို လုပ်တဲ့နေရာမှာ သူတို့ဘက်က ဦးသွားရင်လည်း ကျုပ်တို့ သေမယ်. . . အသက်လုရမယ့်ကိစ္စပဲ၊ ဘာပဲဖြစ်ဖြစ် ဒီအဆင့်ထိ ရောက်လုပြီးမှတော့ သေတာဟာ မဆန်းပါဘူး၊ မရရအောင် ယူရမှာပဲ"

ဟု တည်ကြည်လေးနက်သောအသံဖြင့် ပြောလေ၏။

"ဒီမှာ ဆရာကြီး. . . အပြောရောင်ဝတ်ရုံဝတ် ကိုယ်စားလှယ်ကြီးနဲ့ အဖွဲ့ဟာ ဒီရွာမှာ အေးအေးဆေးဆေး စားကြသောက်ကြဦးမှာ၊ ဖြစ်နိုင်ရင် တရေးတမောတောင် အိပ်ချင်အိပ်ကြဦးမှာ၊ နေအေးပြီး မှောင်စပျိုးမှ အာဂျန်တာကို သွားကြမှာ၊ သူတို့ပစ္စည်းပျောက်မှန်းတောင် သိကြမှာ မဟုတ်ဘူး၊ အာဂျန်တာ ရောက်မှ ဆင်စွယ်ကြုတ်တွေကို ရေတွက်ကြည့်ရင် ရိုးရိုးကြုတ်က နှစ်လုံး၊ အတွင်းစည်းကို ဝင်ခွင့်ပြုရမယ့် ကြုတ်က တစ်လုံးပျောက်နေတာကို သိကြလိမ့်မယ်၊ အဲဒီအခါမှာ အဖွဲ့ဆုံစည်းတဲ့နေရာကို လူစုခွဲပြီး လိုက်လာကြလိမ့်မယ်၊ ကျွန်တော်တို့က သူတို့ ဟိုမရောက်ခင် အရင်ရောက်အောင် သွားနှင့်ပြီး ကိုယ်လုပ်စရာရှိတာကို လုပ်ဖို့ပဲ"

ဟု ဘွန်ဟောင်းက ပြောလေ၏။ ထိုအခါ စနေမောင်

www.burmeseclassic.com

www.burmeseclassic.com

မောင်က. . .

"ဘွန်ဟောင်းပြောတာ မှန်ပါပေတယ်၊ အဲဒီတော့ ငါတို့က မြောက်ဘက်ကို ခပ်သွက်သွက် ခရီးနှင်ရမယ်၊ ရွာတွေ့ရင် မြင်းသုံးစီး ရအောင်ရှာမယ်၊ မြင်းနဲ့ သွားမှ တို့က အချိန်ဦးမှာ"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သည် မြောက်ဘက်သို့ ခရီးနှင်ခဲ့ကြလေ၏။ ထိုသို့ခရီးနှင်ရင်း မိုးချုပ်သွားသဖြင့် အခက်အခဲ တွေ့ရလေတော့၏။ အမောပြေ၍ ခရီးဆက်သောအခါ၌ ကျွန်ုပ်က. . .

"ဆရာကြီး. . မှောင်မဲနေတာ အရှေ့၊ အနောက်၊ တောင်၊ မြောက်လည်း မသိတော့ဘူး၊ တောင်ဘက်ကို မြောက်ဘက်မှတ်လို့ သွားမိရင် အာဂျန်တာက ထွက်လာမယ့် ကျွန်တော်တို့ရဲ့သေမင်းတွေနဲ့ ပက်ပင်းတိုးနေဦးမယ်"

ဟု ပြောလိုက်သည်။ စနေမောင်မောင်က အနီးရှိ သစ်ပင်တစ်ပင်သို့ ကပ်ကာ သူ၏ပါးဖြင့် ပင်စည်ကို ကပ်ကြည့်နေလေ၏။ ထို့ပြင် ကျွန်ုပ်ကို ခေါ်ပြီးလျှင်. . .

"ဟောဒီသစ်ပင်ကို ပါးနဲ့ ကပ်ကြည့်၊ ပူနွေးနေတဲ့ဘက်ဟာ ဘယ်ဘက်လဲဆိုတာ မှတ်ထား၊ အဲဒီဘက်ဟာ အနောက်ဘက်ပဲ၊

နောက်ဆုံး နေဝင်သွားတဲ့အခါမှာ နေပူထိုးလို့ ပူနေတာ၊ သူနဲ့ ဆန့်ကျင်ဘက်ဟာ အရှေ့ပေါ့ဗျာ၊ အရှေ့နဲ့အနောက် သိရင် တောင်နဲ့မြောက်ဟာ ဘာခက်တော့မှာတုန်း"

ဟု ပြောလေ၏။ ကျွန်ုပ်လည်း ၎င်းပြောသည့်အတိုင်း သစ်ပင်ကို ပါးဖြင့် ကပ်၍ကြည့်ပြီးနောက်. . .

"ဆရာကြီး. . . ဟောဒီဘက်က အနောက်ဘက်ပဲ၊ ဒီဘက်က နွေးနေတယ်၊ သူ့ရဲ့ဆန့်ကျင်ဘက်က အရှေ့ဘက်ပေါ့၊ အရှေ့ဘက်ကို မျက်နှာမူပြီး စဉ်းစားလိုက်ရင် ညာဘက်ဟာ တောင်ဘက်ပေါ့၊ ဘယ်ဘက်ဟာ မြောက်ဘက်ပေါ့ ဆရာကြီးရယ်"

ဟု ပြောလိုက်လျှင် ဆရာကြီး စနေမောင်မောင်က. . .

"ကိုအောင်ထွန်း မဆိုးတော့ဘူး၊ အကောင်ပြရင် အရိပ်ထင်တဲ့သဘောတော့ ရှိနေပြီ"

ဟု ခပ်ညှက်ညှက်ကလေး လှောင်ပြောင်လိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၇)

မြင်းသုံးကောင် ရပြီ

ကျွန်ုပ်တို့သုံးဦးသည် မှောင်ကြီးမဲမဲတွင် စမ်းတဝါးဝါးနှင့် လျှောက်လာခဲ့ရာ နံနက်အရုဏ်တက်သောအခါ၌ တောစပ်သို့ ရောက်ကြလေ၏။ ထိုတောစပ်မှနေ၍ ကျွန်ုပ်သည် အဝေးသို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာ ထီးအမြောက်အများကို ဖွင့်၍ စိုက်ထောင်ထားသောနေရာတစ်ခုကို မြင်တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က စနေမောင်မောင်အား. . .

www.burmeseclassic.com

www.burmeseclassic.com

"ဟိုးမှာ ထီးတွေအများကြီး ဖွင့်ပြီး စိုက်ထောင်ထားတဲ့ နေရာကို တွေ့နေရပြီ"

ဟု ပြောရာ စနေမောင်မောင်က...

"အဲဒါ ထီးတွေ မဟုတ်ဘူးဗျ... အိမ်တွေ၊ အိမ်တွေကို ဝိုင်းဝိုင်းခွန်ခွန်တွေ မိုးထားတော့ ခင်ဗျားက ထီးတွေ ထင်နေတာ၊ တကယ်က အိမ်တွေ၊ ဒီလိုအမိုးဝိုင်းတွေနဲ့ နေတာက လူရိုင်းတွေများတယ်၊ လူရိုင်းရွာကလေးနဲ့ တူပါတယ်ဗျာ၊ အဲဒီရွာကို အရောက်သွားပြီး ကျုပ်တို့ လိုချင်တဲ့မြင်းကို ရှာရမှာပဲ"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက...

"လူရိုင်းရွာဆိုရင်တော့ ကြောက်ဖို့ကောင်းတယ်နော် ဆရာကြီး၊ လူသားစားတဲ့လူရိုင်းတွေဆိုရင် ကျွန်တော်တို့သုံးယောက်ကို စားပစ်လိုက်လိမ့်မယ်"

ဟု ပြောလိုက်ရာ စနေမောင်မောင်က...

"မင်းပြောတာတွေက အာဖရိကတိုက်မှာတော့ ဟုတ်မှာပါကွာ၊ ဒီဒေသမျိုးမှာကတော့ လူသားစားတဲ့လူရိုင်း မရှိပါဘူး"

ဟု ဆိုကာ ထိုရွာသို့ သွားကြလေ၏။ ရွာအနီးသို့ ရောက်သောအခါ အိမ်တိုင်းလိုလိုပင် အမိုးဝိုင်းများ မိုးထားသည်ကို တွေ့ရ

က...

"ဆရာကြီး... ဒီဝတိတွေက သဒ္ဒါရက်ရောမှုတွေ ရှိတာပဲ၊ အဲဒီမြင်းကောင်ကို ကျွန်တော်တို့ကို ပေးလိုက်မှာလား"

ဟု မေးလျှင် စနေမောင်မောင်က...

"မြင်းတင် မကဘူး... နောက်ထပ် ဘာလိုချင်သေးလဲ၊ သူက အကုန်ပေးမှာ၊ ငါ့ခုနက ပေးလိုက်တဲ့အထုပ်ဟာ ဘိန်းထုပ်လေကွာ၊ သူတို့က ဘာကိုမှ မသိဘူး၊ ဒါပေမယ့် ရွှေနဲ့ဘိန်းကိုတော့ ကောင်းကောင်းသိတယ်ကွ၊ ရွှေနဲ့ဘိန်းဟာ လူရိုင်းတွေနဲ့ တွေ့ရင် ဆက်ဆံရတာ အကောင်းဆုံးပဲ"

ဟု ပြောလေ၏။ ထို့နောက် လူရိုင်းများသည် ကျွန်ုပ်တို့ သုံးဦးအား မြင်းတစ်စီးစီပေါ်တွင် တင်ပေးလေ၏။ ဦးထုပ်ဆောင်းရန်လည်း တစ်လုံးစီ ပေးလေ၏။ ကျွန်ုပ်တို့လည်း နွားနောက်သားရေဖြင့် ချုပ်ထားသော ဦးထုပ်များကို ဆောင်းကြလေ၏။ စနေမောင်မောင်သည် ကျွန်ုပ်ကို ကြည့်ပြီးနောက်...

"ကိုအောင်ထွန်းက အဲဒီဦးထုပ်ကြီး ဆောင်းလိုက်မှ တကယ့်လူရိုင်းနဲ့ တူသွားတာ"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့ သုံးဦးသည် မြောက်

www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်ုပ်က ပြောလိုက်လျှင် စနေမောင်မောင်က. . . ,

"ဝအောင် စားထားနော်၊ ရှေ့မှာ ဆက်ရမယ့်ခရီးက အဝေးကြီး လိုသေးတယ်၊ အစားအသောက်က အခုလောက် အဆင်ပြေချင်မှ ပြေမယ်"

လူရိုင်းအကြီးအကဲနှင့် စနေမောင်မောင်သည် ခြေဟန်လက်ဟန်ဖြင့် စကားလက်ဆုံ ကျနေကြ၏။ စနေမောင်မောင်သည် မည်သည့်အခါမျိုးနှင့်မဆို မသိသော အထုပ်ကလေးတစ်ထုပ်ကို လူရိုင်းအကြီးအကဲအား ပေးလိုက်လေ၏။ လူရိုင်းကြီး အကြီးအကဲသည် ထိုအထုပ်ကို ဖြည်၍နမ်းကြည့်၏။ သွားဖြင့် တို့ကြည့်၏။ ပြီးလျှင် သူ၏လူတစ်ယောက်အား အမိန့်ပေးလိုက်ရာ ထိုလူသည် ပြေးသွားပြီး ဒေါက်အလျားကောင်းသော မြင်းသုံးကောင်ကို လျင်မြန်စွာ ဆွဲလာလေ၏။ မြင်းများပေါ်တွင်လည်း သားရေဖြင့် ချုပ်လုပ်ထားသော မြင်းကုန်းနှီးများ ပါ၏။

ထို့အပြင် မြင်းစီးသူ ဆောင်းရန်အတွက် နွားနောက်သားရေဖြင့် ချုပ်လုပ်ထားသော ဦးထုပ်သုံးလုံးလည်း ပါလေ၏။ လူရိုင်းအကြီးအကဲသည် ကျွန်ုပ်တို့အား နွားနောက်သားများ စားရန် လက်ဟန်ခြေဟန်ဖြင့် တိုက်တွန်းလေ၏။ ထိုအခါ ဘွန်ဟောင်း

ဟု ပြောလေ၏။ ထိုအခါ စနေမောင်မောင်က. . .

"နောက်က သေမင်းတွေ လိုက်လာမှာလေ၊ အကြာကြီး တည်းနေလို့ ဘယ်ရမလဲ"

ဟု ဟန့်လိုက်မှ ဘွန်ဟောင်းလည်း ငြိမ်၍သွားလေတော့၏။ နွားနောက်သားကင်နှင့် ကောက်ညှင်းသာမက ဆီများ ထည့်ထားသော ထန်းစေ့မှုတ်များလည်း လာရောက်ချပေးသဖြင့် နွားနောက်သားကင်ကို ဖဲ့၍ ဆီဖြင့် တို့ကာ စားကြည့်ရာ လွန်စွာထူးသော အရသာကို ရရှိလေ၏။

"အလွန်ကောင်းပါလား ဆရာကြီး"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာကြီးစနေမောင်မောင်က

"နွားနောက်သားက လတ်တာကိုးဗျ၊ အဲဒါကြောင့် လျှာမှာ အရသာထူးသွားတာဗျ"

ထို့နောက် ကျွန်ုပ်လည်း ကောက်ညှင်းပေါင်းကို ယူ၍ ဆီဖြင့် တို့စားပြန်၏။

"ကောက်ညှင်းပေါင်းကလည်း ကောင်းတယ် ဆရာကြီးရေ ဒီကောင်တွေ့ ကောက်ညှင်းလည်း ပေါင်းတတ်တာပဲ၊ ဘယ်ရိုင်းမတုန်း"

www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ရွာသားများသည် ကျွန်ုပ်တို့ကို မြင်လျှင် လူတစ်ရပ်ခန့်ရှိ ဒိုင်းကြီးများ၊ လှံရှည်ကြီးများကို ကိုင်ဆောင်၍ ကျွန်ုပ်တို့အား ဝိုင်းထားလေ၏။

ငင်းတို့ ဝိုင်းထားပြီးနောက် လူရိုင်းအကြီးအကဲ ရောက်လာလေ၏။ စနေမောင်မောင်သည် ထိုအကြီးအကဲအား ရွှေဒင်္ဂါးအနည်းငယ် လက်ဆောင်ပေးလိုက်လေ၏။ အကြီးအကဲလုပ်သူလည်း များစွာသဘောကျသွားပုံရပြီး သူ၏လူများအား ရွာတွင်းသို့ ကောင်းကောင်းမွန်မွန် ခေါ်ခဲ့ရန် လူရိုင်းစကားဖြင့် ပြောလိုက်လေ၏။ သူ၏လူများလည်း ကျွန်ုပ်တို့သုံးဦးအား ရွာတွင်းသို့ ကောင်းမွန်စွာ ခေါ်သွားကြလေ၏။

ရွာလယ်ရှိ ဘုံအိမ်ပေါ်တွင် ကျွန်ုပ်တို့သုံးဦးအား တင်ထားကြပြီးနောက် လူရိုင်းအကြီးအကဲ၏အမိန့်ဖြင့် နွားနောက်သားမီးကင်များ၊ ကောက်ညှင်းပေါင်းများ လာရောက်၍ ကျွေးကြလေ၏။ လူရိုင်းမကလေးများမှာ အောက်ပိုင်းတွင် အဝတ်ရှိသော်လည်း အပေါ်ပိုင်းတွင် ဗလာဖြစ်နေ၏။ ဘွန်ဟောင်းသည် ထိုအခြင်းအရာကို ကြည့်၍ ဆရာကြီးစနေမောင်မောင်အား. . .

"အချိန်ရရင်တော့ ဒီရွာမှာ ကြာကြာတည်းချင်တယ်"

စူးစူးသို့ မြင်းများဖြင့် ကဆုန်စိုင်း၍ ထွက်ခွာခဲ့ကြလေ၏။ တစ်နေရာသို့ ရောက်လျှင် စနေမောင်မောင်က မြေပုံကလေးတစ်ခုကို ထုတ်၍ ကျွန်ုပ်တို့နှစ်ဦးအား ပြလေ၏။

"ဟောဒီအစိမ်းရောင် ခြယ်ထားတဲ့နေရာဟာ ဟိမဝန္တာတောင်ခြေရဲ့တောအုပ်ပဲ၊ ဟောဒီအပြာရောင် ခြယ်ထားတဲ့ဟာက ဟိုက်ဒရောဆိုတဲ့ စမ်းချောင်းလေးပဲ၊ ဟိုဘက်ကျတော့ ကျယ်သွားပြီး မြစ်ဖြစ်သွားတယ်၊ မြစ်လည်း ဖြစ်ရော ဂင်္ဂါမြစ်ထဲ စီးဝင်သွားတယ်၊ အဲဒီမြစ်ဖျားမှာ ခရမ်းရောင်နဲ့ ခြယ်ထားတာဟာ အလွန်နာမည်ကြီးပဲ၊ အဲဒီတောင်တန်းရဲ့အစွန်က တောင်စွယ်ပဲ၊ ဟိုင်ဒရာစမ်းချောင်းလေးဟာ အဲဒီဘက်က စီးခဲ့တာပဲ၊ မြေလျှိုးမိုးပျံအဖွဲ့သားတွေ ဆုံစည်းပွဲ လုပ်တဲ့နေရာဟာ အော်လတိန်တာ တောင်စွယ်ရဲ့အစပ်မှာ ဖြစ်တယ်၊ အဲဒီနေရာမှာဆိုတော့ ဟိုက်ဒရာ စမ်းချောင်းတ ရေလည်း အလုံအလောက် ရတယ်၊ တောအုပ်ကလေးက လုံခြုံအေးချမ်းတယ်၊ အဲဒီမှာက တောင်ကမူတွေ၊ တောင်ကလပ်တွေလည်း ပေါတယ်၊ လူသူလည်း ဝေးတော့ သူတို့ နေချင်သလိုနေပြီး လုပ်ချင်သလို လုပ်လို့ရတယ်"

ဟု ရှင်းပြလေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီကနေ ဟိုဘက်ကို ဆက်သွားရင် ဘယ်ရောက်သွားမလဲ"

ဟု မေးလိုက်ရာ စနေမောင်မောင်က. . .

"အလွန်ကျယ်ပြောတဲ့ ဆင်ကီအိုင်လွင်ပြင်ကို ရောက်သွားမယ်၊ အဲဒီက လွန်သွားရင်တော့ ဂိုဘီသဲကန္တာရထဲ ရောက်သွားမယ်၊ အဲဒီအတိုင်း မလိုက်ဘဲနဲ့ တောင်ကြောကို ဖြတ်လိုက်ရင်တော့ တောအထပ်ထပ်ကို တွေ့ရမယ်၊ ခွန်ဒွက်အိုင်ကြီးတွေ ရှိတဲ့တော၊ အဆိပ်ပြင်းတဲ့ ဆူးခြုံတွေ ပိတ်နေတဲ့တော၊ အဲဒီတောကို လွန်သွားနိုင်ရင်တော့ သူတော်ကောင်းတွေမှ ကိန်းအောင်း မွေ့လျော်ကြတဲ့ စုံတောမဟာမြိုင်လို့ ခေါ်တဲ့ ရှမ်ဘဲလားဒေသကို ရောက်သွားမယ်၊ အခု မြေလျှိုးမိုးပျံ အဖွဲ့အစည်းပွဲလုပ်တဲ့နေရာဟာ မဟာမြိုင်အဝင်လမ်းဝပဲဗျ" ဟု ပြောလိုက်လေ၏။ ထို့နောက် ဆရာကြီး စနေမောင်မောင်က. . .

"ဟီမဝန္တာတောစပ်ကို ဝင်တာနဲ့ ခင်ဗျားနဲ့ကျွပ်နဲ့ဟာ လူချင်း ခွဲရမယ်၊ ကျွပ်က အရင်သွားနှင့်မယ်၊ သုံးယောက်စလုံး အမိခံလို့ မရဘူး၊ ကျွပ်ကို မိပြီး ခင်ဗျားတို့နှစ်ယောက် ကျန်ရင် ခင်ဗျားတို့နှစ်ယောက်က ကျွပ်ကို ကယ်နိုင်တယ်၊ ခင်ဗျားတို့ နှစ်

ယောက်ကို မိသွားရင်လည်း ကျွပ်လာကယ်နိုင်တယ်၊ လမ်းမှားစရာတော့ မရှိဘူး၊ ချောင်းကလေးကို မှတ်ပြီးသွားရုံပဲ၊ ချောင်းဖျားရောက်တာနဲ့ သူတို့နေရာကို ရောက်ပြီ"

ဟု ပြောလေ၏။ ထို့နောက် စနေမောင်မောင်သည် မြင်းကို ကဆုန်စိုင်း၍ ရှေ့မှ ထွက်သွားလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၀)

အာသားစားသော သစ်ပင်တစ်မျိုး

ကျွန်ုပ်နှင့် ဘွန်ဟောင်းလည်း မြင်းကိုယ်စီဖြင့် ခရီးဆက်ခဲ့ကြလေ၏။ ဟိမဝန္တာတောင်ခြေ တောစပ်သို့ ရောက်လျှင် ချောင်းကလေးစလည်း တောအုပ်အတွင်းသို့ ကွေ့၍ဝင်သွားသဖြင့် ကျွန်ုပ်တို့နှစ်ဦးလည်း ချောင်းအတိုင်း တောအုပ်အတွင်းသို့ ဝင်ကြလေ၏။ တောအုပ်အတွင်း၌ကား ကျွန်ုပ်တို့အနေနှင့် အမျိုးအမည်

www.burmeseclassic.com

www.burmeseclassic.com

မသိသော သစ်ပင်ကြီးငယ်များစွာကို တွေ့ရ၏။

သစ်ပင်ကြီးတို့တွင် ကပ်၍ပေါက်နေသော သစ်ခွပန်းအမျိုးမျိုးတို့ကိုလည်း တွေ့ရလေ၏။ ပန်းခြံကြီးများနှင့် ပန်းမျိုးစုံတို့ကိုလည်း တွေ့ရလေ၏။ အချို့သောပန်းပင်များသည် အပင်တစ်ပင်တည်းနှင့် ပုံစံချင်း တူသော်လည်း အရောင်သုံးမျိုးကွဲ၍ ပွင့်နေသော ပန်းများကိုလည်း တွေ့ရလေ၏။ သစ်ပင်ကြီးတစ်ပင်တွင် ဟသ်ာပြဒါးရောင်ကဲ့သို့ နီရဲ၍နေသော သဇင်ပန်းကို တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်က...

"ဟိုသဇင်ပန်းကလဲ နီလှချည်လား"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက...

"အဲဒါ သဇင်နီပေါ့ ကိုအောင်ထွန်းရယ်"

ဟု ပြောလေ၏။

"ကျုပ်ဖြင့် ဒီတစ်ခါပဲ တွေ့ဖူးတယ်ဗျာ"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက...

"ဒီအပင်က သိပ်ရှားတယ်ဗျ၊ ဆေးမဖော်ဘဲ သူ့ချည်းပဲကို ပိယွဂ္ဂာက်မှာ အလွန်စွမ်းတယ်ဗျ၊ သဇင်နီ အရိုးမာမာလေး ရလို့ သူရဿတီပုံ ထုပြီး အမွေးနဲ့သာကောင်းကောင်းနဲ့ ပုလင်းနဲ့ စိမ်ပြီး

ဆောင်ထားရင် ပိယတင် မဟုတ်ဘူး၊ လာဘ်လာဘလည်း သိသိသာသာကြီး အစွမ်းပြတယ်ဗျ၊ ကျုပ်ဆီမှာ အရင်တုန်းက အဲဒီပုံမျိုးလေး တစ်ပုံရှိခဲ့ဖူးတယ်ဗျ၊ ကျုပ်နဲ့ ရင်းနှီးတဲ့ 'ဝင်ဂိုဏ်း' ဆရာတစ်ဦးလုပ်ပေးတာ၊ အဲဒါလေးကို ကျုပ်နဲ့ အတူနေတဲ့ ဘိန်းစားတစ်ယောက်က ခိုးသွားပြီး ရွှေဆိုင်မှာ တစ်ပဲခြောက်ပြားနဲ့ ရောင်းလိုက်တယ်ဗျာ၊ အဲဒီရွှေဆိုင်ကတော့ အဲဒါလေး ရပြီးကတည်းက ကြီးပွားချမ်းသာလာလိုက်တာ မပြောနဲ့တော့"

ဟု ပြောလေ၏။ တစ်နေရာသို့ ရောက်လျှင် လွန်စွာကြီးမားသော သစ်ပင်ကြီးတစ်ပင်မှ လွန်စွာလှပသောပန်းများ ပွင့်နေသည်ကို တွေ့ရလေ၏။ ထိုသစ်ပင်၏အရင်းခံမှ ယင်ရိုင်းကြီးများအုံ၍နေလေ၏။ တိရစ္ဆာန်တို့၏အရိုးများကိုလည်း တွေ့ရလေ၏။

"ဘွန်ဟောင်းရေ... ဟိုအပင်ကို ကြည့်စမ်း၊ ပန်းတွေကလှလိုက်တာကွာ၊ ဒါပေမယ့် အပင်ရင်းမှာတော့ ယင်ကောင်တွေချည်းပဲ"

ဟု ပြောလိုက်လျှင် ဘွန်ဟောင်းက...

"ဒီအပင်မျိုးက ဒီဘက်မှာ ရှိခဲပါတယ်ဗျာ၊ ဒီအပင်ဟာသေမင်းပင်ဗျ၊ သူ့အနားကို လာတဲ့ တိရစ္ဆာန်တွေကို သူ့အပင်က

www.burmeseclassic.com

www.burmeseclassic.com

နွယ်နဲ့ ရစ်ပတ်ပြီး ဟောဟိုခွဆုံမှာ ရှိတဲ့ သစ်ခေါင်းပေါက်ထဲကို ထည့်လိုက်ရော၊ အဲဒီသစ်ပင်က အဲဒီတိရစ္ဆာန်ကို စားပစ်လိုက်တယ်၊ အရိုးတွေကိုတော့ နွယ်တွေနဲ့ ပြန်ထုတ်ပစ်လိုက်တယ်၊ အသားစား သစ်ပင်တစ်မျိုးပေါ့ဗျာ၊ သူ့အပင်က ပန်းကလေး လှလို့ အနားကပ်သွားတာနဲ့ သူ့နွယ်တွေက လာပြီးဖမ်းရောဗျ၊ အလွန်ကြောက်ဖို့ကောင်းတဲ့အပင်ပေါ့ဗျာ၊ ဒီအပင်နာမည်က ဆူဇာနီလို့ ခေါ်တယ်၊ ခပ်ဝေးဝေးက ရှောင်ပြီးသွားတာ အကောင်းဆုံးပဲ"

ဟု ပြောလေ၏။ များမကြာမီ၌ အမျိုးအမည်မသိ လူရိုင်း အစိတ်ခန့် ရောက်လာပြီးလျှင် ထိုအပင်ကြီးအား ၎င်းတို့၏ထုံးစံဖြင့် အရိုအသေပြုကြလေ၏။ တေးသီချင်းများ ဝိုင်းပတ်၍ ဆိုကြလေ၏။ ထို့နောက် ၎င်းတို့တွင် ပါလာသောခွေးများ၊ ကြောင်များကို သွားများ တုပ်၍ ထိုသစ်ပင်၏အခေါင်းအတွင်းသို့ ပစ်သွင်းကြလေ၏။ ထိုသို့ပစ်သွင်းလိုက်သောအခါ ထိုသစ်ပင်၏နွယ်တန်းကြီးများသည် သက်ရှိသတ္တဝါကဲ့သို့ လှုပ်ယမ်းလာလေတော့၏။ ထိုအခါ ကျွန်ုပ်က. . .

"ဘွန်ဟောင်းရေ. . . ဒီလူရိုင်းတွေက ဒီသစ်ပင်ကြီး အကြောင်း သိတယ်ကွ၊ ဒါကြောင့် လာပြီးပူဇော်ကြတာ"

ဟု ပြောလိုက်လျှင် ဘွန်ဟောင်းက. . .

"ကိုအောင်ထွန်း ပြောတာ ဟုတ်လိမ့်မယ်ဗျို့"

ဟု ပြန်၍ဖြေလိုက်ချိန်၌ပင် လူရိုင်းသုံးလေးဦးသည် ကျွန်ုပ်တို့နှစ်ဦးအား မြင်တွေ့သွားသဖြင့် ညာသံပေး၍ လိုက်ကြလေ၏။ ကျွန်ုပ်နှင့် ဘွန်ဟောင်းလည်း မြင်းကို ကဆုန်စိုင်း၍စီးရလေ၏။

လူရိုင်းများနှင့် လွတ်သွားသောနေရာသို့ ရောက်သွားသောအခါ ဘွန်ဟောင်းက. . .

"ကျုပ်တို့နှစ်ယောက်ကို မိသွားရင်လည်း ကြိုးနဲ့ တုပ်ပြီး အဲဒီသစ်ပင်ရဲ့သစ်ခေါင်းထဲကို ထည့်လိုက်မှာနော်"

ဟု ပြောသဖြင့်. . .

"မပြောစမ်းပါနဲ့ ဘွန်ဟောင်းရယ်၊ ငါ့မှာ ခုထိ ကြောက်စိတ်က မပြေသေးဘူးကွ"

ဟု ကျွန်ုပ်က ပြောလိုက်ရလေ၏။ ထိုအခါ ဘွန်ဟောင်းက

"မစိုးရိမ်နှင့် ကိုအောင်ထွန်းရေ၊ ရှေ့မှာလည်း အန္တရာယ်တွေက ဆက်တိုက်တွေ့အုံးမှာ၊ သေဘေးတွေက ဆက်တိုက်ကြုံအုံးမှာ"

ဟု အားပြတ်ဖွယ်ရာ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

www.burmeseclassic.com

www.burmeseclassic.com

"ငါ့ဟာငါ ပင်လယ်ပိုင်းမှာ ဓါးခေါင်းလုပ်ပြီး မျှောခုတ်စား နေတာ ဒီလောက်စိတ်မညစ်ရဘူး"

ဟု ပြောလိုက်လျှင် ဘွန်ဟောင်းက. . .

"သေချာတာပေါ့ ကိုအောင်ထွန်းရယ်၊ ဆရာကြီး စနေမောင်မောင်နဲ့ ပေါင်းကတည်းက သေမင်းနှုတ်ခမ်းမွေးကို တစ်ပင်ချင်း သွားနှုတ်ပြီး ရန်စ့နေသလိုပဲ၊ အခု ကျွန်ုပ်တို့အဖွဲ့က စာအုပ်ကြီးကို သွားခိုးမှာ မဟုတ်လား၊ မရခင်မှာလည်း သေဘေးတွေ ကြုံအုံးမယ်၊ ရခဲ့ပြန်ရင်လည်း အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရ တထိတ်ထိတ်နဲ့ပေါ့ဗျာ၊ ကမ္ဘာအရပ်ရပ်မှာ ရှိတဲ့ အဲဒီအဖွဲ့ဝင်တွေက ကျုပ်တို့ကို သတ်ဖို့ လိုက်ရှာမှာ"

ဟု စိတ်ပျက်ဖွယ်ရာ ပြောလေ၏။ ထိုအခါ ကျွန်ုပ်က. . .

"နေစမ်းပါအုံး ဘွန်ဟောင်းရယ်၊ ငါတို့ဆရာကြီးစနေမောင်မောင်ကရော အဲဒါတွေ မတွေးမိဘူးလား"

ဟု မေးလိုက်ရာ ဘွန်ဟောင်းက. . .

"သူ့ကိုတော့ မပြောနဲ့လေဗျာ၊ သူက အသက်ဘေးကြုံမှ ထမင်းစားဝင်တာဗျ၊ အန္တရာယ် ရောက်လာမှ အိပ်ပျော်တာဗျ၊ အေးအေးဆေးဆေးကို မနေချင်ဘူး၊ အမြဲစွန့်စားနေချင်တဲ့လူဗျ၊

ကျုပ်တို့က သူနဲ့ သွားပြီးပေါင်းမိတာကိုက ဘဝဘဝက အကုသိုလ်တွေ များမိလို့ပေါ့ဗျာ၊ ဘွန်ဟောင်းကပင် အခုလည်း ကြည့်လေ၊ ကျုပ်တို့က ဟိုအဖွဲ့ရဲ့ဆုံစည်းရာကို ဝင်ရမယ်၊ ကျုပ်တို့ အထဲ ရောက်တဲ့အချိန်မှာပဲ ကျုပ်တို့တွေဟာ အဖွဲ့ဝင်အစစ် မဟုတ်ပဲ လိမ်ပြီးလာတဲ့လူတွေဆိုတာ သိတဲ့ အာဂျမ်တာက အဖွဲ့တွေ ရောက်လာလိမ့်မယ်၊ အဲဒီမှာ ကျုပ်တို့နှစ်ယောက် ပြေးပေါက်ပိတ်ပြီး သေမင်းနှုတ်ခမ်းဝကို ရောက်သွားပြီ"

ဟု ပြောလိုက်လေ၏။

"နေစမ်းပါဦး ဘွန်ဟောင်းရယ်၊ တို့ မိတယ်ပဲ ထားပါအုံး တို့ဆရာကြီး စနေမောင်မောင်က လာပြီးကယ်မှာပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ. . .

"သူ့ကိုပါ မိသွားရင် ဘယ့်နဲ့လုပ်မလဲ"

ဟု စိတ်ပျက်ဖွယ်ရာစကားကို ပြောလေ၏။

"ကိုယ့်လူပြောတာနဲ့ ကျုပ်တော့ အတော်စိတ်ဓါတ်ကျသွားပြီ"

ဟု ကျွန်ုပ်က ညည်းညူလိုက်ရာ ဘွန်ဟောင်းက. . .

"စိတ်ဓါတ်ကျသွားလည်း ပြန်လှည့်လို့တော့ မရတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ခရီးက အဝေးကြီး၊ လမ်းမှာ အန္တရာယ်တွေ့ရင် ကိုယ်တစ်ယောက်တည်း တွေ့ရမှာ၊ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ဆရာကြီးစနေမောင်မောင် ခေါ်တဲ့နောက်ကို ရေဆုံးရေဖျား လိုက်ရမှာပဲ ကိုအောင်ထွန်းရေ"

ဟု ပြောလိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၉)

ဒီတစ်ခါ အပြီးပြေးရပြီ

ကျွန်ုပ်နှင့် ဘွန်ဟောင်းသည် မြင်းကိုယ်စီဖြင့် ချောင်း၏ အဖျားဘက်သို့ လိုက်ခဲ့ကြလေ၏။ ချောင်းအဖျားသို့ ရောက်သော အခါ၌ မြင်းစီးလျက်နှင့်ပင် ချောင်းကို ဖြတ်လေ၏။ မြင်းများသည် ချောင်း၏အတွင်းသို့ ဆင်းသောအခါ၌ လန့်၍အော်ကြကုန်၏။ ၎င်းတို့ အော်သောအသံမှာ တောတစ်တောလုံး ဟီးခြွမ်းသွားတော့

www.burmeseclassic.com

www.burmeseclassic.com

လေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

"ဒီနေရာက ရေက အလွန်အေးတာဗျ၊ ရေခဲတွေ ပျော်ပြီး ကျနေတဲ့ရေတွေဗျာ၊ အဲဒါကြောင့် မြင်းတွေ လန့်သွားတာပဲဗျ"

ဟု ပြောလေ၏။

"ဘွန်ဟောင်းရေ. . . တို့နှစ်ယောက် စမ်းချောင်းထဲ ဆင်းပြီးစိမ်လိုက်ရရင်တော့ သေလိမ့်မယ်ထင်တယ်"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဘွန်ဟောင်းက. . .

"မဟုတ်မဟုတ်ကတွေ မကြံစည်စမ်းပါနဲ့ဗျာ"

ဟု ပြောလေ၏။ ထိုအချိန်၌မှာပင် လှံရှည်ကြီးများ၊ ဓါးများ ကိုင်ထားသော လူအမြောက်အမြားသည် ချောင်း၏ကမ်းပါး နှစ်ဖက်တွင် ရောက်ရှိလာပြီးလျှင် ကျွန်ုပ်တို့နှစ်ဦးအား ဝိုင်း၍တားကြ လေ၏။ ထို့ကြောင့် ကျွန်ုပ်က. . .

"ဘွန်ဟောင်းရေ. . . ငါတို့သေမင်း တစ်မျိုးမျိုး ရောက်လာ ပြန်ပြီဟော့၊ ဒီတစ်ခါတော့ လွတ်လမ်းမရှိတော့ဘူးကွ"

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဘွန်ဟောင်းက. . .

"ဒီလူတွေဟာ တခြားလူတွေ မဟုတ်ဘူး၊ ဆုံစည်းပွဲကို တက်တဲ့ မြေလျှိုးမိုးပျံအဖွဲ့သားတွေဗျ၊ ဒီနေရာဟာ သူတို့နေရာလေ

ဗျာ၊ လူစိမ်းရောက်လာရင် ဖမ်းမှာပဲ၊ သတ်စရာရှိရင် သတ်ပစ်မှာပဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က. . .

"ဒါပေမယ့် ကြည့်ဦးဗျ၊ ဟောဟိုခေါင်းဆောင်လုပ်တဲ့လူ ရဲ့မျက်နှာကို မြင်ဖူးသလိုပဲ"

ဟု ပြောလိုက်လျှင် ဘွန်ဟောင်းက. . .

"မြင်ဖူးတာ မဟုတ်ဘူးဗျ အာဂျန်တာနားက ဟိုတယ်မှာ ကျုပ်တို့ တည်းနေတုန်းက ဆရာကြီးစနေမောင်မောင်နဲ့ အလွမ်း သင့်တဲ့ ဟိုတယ်အလုပ်သမလေး လက်ရှိမီးရဲ့မျက်နှာနဲ့ တူနေတာ ဗျ၊ ဂေါ်ရခါးမလေးဗျာ. . . ခင်ဗျားမမှတ်မိဘူးလား"

ဟု မေးလိုက်ရာ ကျွန်ုပ်က. . .

"မှတ်မိရဲ့ ဘယ်ကမလဲ ဘွန်ဟောင်းရယ်၊ နှလုံးသားမှာ ထွင်းထားသလိုကို ထင်နေတာပါ၊ အဲဒီလက်ရှိမီးကလည်း ပြောဖူး တယ်လေ၊ သူ့အစ်ကိုတစ်ယောက်ဟာ မြေလျှိုးမိုးပျံ အဖွဲ့ဝင်တစ်ဦး တဲ့၊ ဘွန်ဟောင်းရေ. . . သေချာပါပြီကွာ၊ ဒီငတိဟာ သူစိမ်းမဟုတ် ဘူး၊ ငါ့ရဲ့ယောက်ဖလောင်းပါကွာ"

ဟု ကျွန်ုပ်က ရယ်စရာ ပြောလိုက်ရာ ဘွန်ဟောင်းက. . .

"ယောက်ဖသတ်လို့ သေတဲ့မသံကို မကြာခင် မြင်ဖူးရ

www.burmeseclassic.com

www.burmeseclassic.com

တော့မယ်"

ဟု ပြောလေ၏။ ကျွန်ုပ်တို့လည်း မြင်းများနှင့်ပင် ချောင်းကမ်းပါးပေါ် သို့ တက်ရလေ၏။ ကမ်းပါးပေါ် သို့ ရောက်သောအခါ၌ ကျွန်ုပ်တို့နှစ်ဦးအား မြင်းများပေါ်မှ ဆွဲချပြီးလျှင် ကြိုးများဖြင့် ချုပ်နှောင်ကြလေတော့၏။ ထိုအချိန်၌မှာပင် ခေါင်းဆောင်လုပ်သူအား ကျွန်ုပ်က. . .

"ကျုပ်တို့ဟာ ခင်ဗျားညီမ လက်ရှိမီးနဲ့ မိတ်ဆွေတွေပါ"

ဟု ပြောလိုက်လျှင် ထိုလူက. . .

"အော်. . . လက်ရှိမီးနဲ့ သိသကိုး၊ ဟုတ်ပါတယ်. . . ကျုပ်ရဲ့ညီမပါပဲ၊ ဒီကောင်မလေးဟာ မိဘစကား နားမထောင်ပဲ မိဘသဘောမတူတဲ့ကောင်နဲ့ လိုက်သွားတယ်၊ အဲဒီကောင်က ပစ်သွားမှ အိမ်ကို ပြန်ရောက်လာတယ်၊ အိမ်မှာလဲ နေလို့ အဆင်မပြေတော့ဘူးပေါ့၊ ဒါကြောင့် စော်ဘွားရဲ့ဟိုတယ်မှာ ဝင်ပြီးအလုပ်လုပ်နေတာ၊ ခင်ဗျားတို့ အဲဒီနေရာမှာ အသိအကျွမ်း ဖြစ်ခဲ့ကြတာ ထင်တယ်"

ဟု ထိုလူက ပြောလေ၏။

"ဟုတ်ပါတယ်ဗျာ. . . အဲဒီဟိုတယ်မှာပဲ ရင်းနှီးခင်မင်ခဲ့ကြ

တာပါ၊ ခင်ဗျားတို့မောင်နှမကလည်း ရုပ်ချင်း အလွန်တူတာကို"

ဟု ကျွန်ုပ်က ပြောရလေ၏။ ထိုအခါ ထိုလူက. . .

"ဒီအချိန်ဟာ ကျွန်တော်တို့အဖွဲ့သားတွေ ပွဲတော်လုပ်ခါနီးအချိန်ပဲ၊ ဒီအနားမှာပဲ လုပ်ကြမှာပါ၊ ဟောဟိုတောင်ကလပ်ပေါ်က လိုဏ်ဂူပေါက်ဟာ ကျွန်ုပ်တို့ရဲ့ခေါင်းဆောင် ယောဂီကြီး ဘူတာဝါဟာန နေတဲ့ကျောက်ဂူပါပဲ၊ ဒီနေရာကို ကျူးကျော်ပြီး ရောက်လာတဲ့ လူစိမ်းတွေကိုတော့ ကျုပ်တို့အဖွဲ့က ချမ်းသာပေးလေ့ မရှိပါဘူး ဒီနေရာကို လာတဲ့လူတွေဟာ အဖွဲ့ဝင်ပဲ ဖြစ်ရမယ်၊ အဖွဲ့ဝင် မဟုတ်ရင်တော့ သေရတာချည်းပါပဲ"

ဟု ပြောလိုက်ရာ ဘွန်ဟောင်းက သူ၏လက်မောင်းတွင် ထိုးထားသော မျှားခေါင်းနှစ်ဖက် မြေလျှိုးမိုးပျံတံဆိပ်ကို. . .

"ဒီမှာကြည့်"

ဟု ဆိုကာ ပြလိုက်လေ၏။ ထိုအခါ ထိုသူက. . .

"လက်မောင်းမှာ တံဆိပ်ပါရုံနဲ့တော့ မရသေးဘူးဗျ၊ ဒီနေရာကို လက်မှတ်လိုသေးတယ်"

ဟု ပြောလျှင် ဘွန်ဟောင်းသည် အတန်ငယ် တွေဝေသွားပြီးနောက်. . .

www.burmeseclassic.com

www.burmeseclassic.com

"ဆင်စွယ်နဲ့ လုပ်ထားတဲ့ကြုတ်ကို ပြောတာလား၊ ကျုပ်ရဲ့ မြင်းကုန်းနှီးထဲမှာ ပါတယ်၊ နှစ်ယောက်စလုံးမှာ ပါကြပါတယ်၊ တစ်ယောက်တစ်ခုပေါ့ဗျာ"

ဟု ပြောလိုက်လျှင် ထိုသူလည်း မြင်းကုန်းနှီးတွင် ဆင်စွယ်ကြုတ်ကို ရှာလေ၏။ ဆင်စွယ်ကြုတ်နှစ်လုံး ရသွားသောအခါ သူ၏ လူများအား ကြိုးဖြည်ပေးရန် အမိန့်ပေးလိုက်လေတော့၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးအား အဖွဲ့သားများ တည်းခိုနေထိုင်သော ကျောက်ဂူကြီးအတွင်းသို့ ခေါ်သွားလေ၏။ ထိုနေရာသို့ ရောက်သောအခါ လွန်စွာအရသာရှိသော ထောပတ်ထမင်း၊ တောင်ဆိတ်သား ဆီပြန်တို့ဖြင့် ကျွေးမွေးကြေးခဲ့ကြလေ၏။

"ခင်ဗျားတို့ ရောက်လာတာ စောတယ်ဗျာ၊ ဆုံစည်းပွဲက တန်ဆောင်မုန်းလပြည့်နေ့မှ လုပ်မှာ"

ဟု ထိုလူက ပြောလေ၏။ ထို့နောက် ထိုလူကပင်...

"ခင်ဗျားတို့နှစ်ယောက်ထက် စောတဲ့လူတစ်ယောက် ရောက်နေသေးတယ်၊ သူကတော့ ရိုးရိုးကိုယ်စားလှယ် မဟုတ်ဘူးဗျ၊ အတွင်းစည်း ဝင်ခွင့်ရ ကိုယ်စားလှယ်ဗျ၊ ဒါကြောင့် သူ့ကို ယောဂီကြီး ဘူတာဝါဟာနဆီကို ပို့ထားတယ်"

ဟု ရှင်းပြလေ၏။ ဘွန်ဟောင်းသည် ထမင်းစားရင်း ကျွန်ုပ်၏အနီးသို့ ကပ်ကာ...

"ကိုအောင်ထွန်းရေ... ကျုပ်တို့ဆရာကြီး စနေမောင်မောင်တော့ ဟောဟိုကျောက်ကလပ်ပေါ်က ကျောက်ဂူထဲမှာ စားလိုက် သောက်လိုက် အိပ်လိုက်နဲ့ အတော်ကို ဇိမ်ကျနေပြီထင်တယ်"

ဟု ပြောလေ၏။

"ဇိမ်မကျနဲ့ ဘွန်ဟောင်းရေ၊ အာဂျန်တာကနေ ရောက်လာမယ့် အပြာရောင်ဝတ်ရုံဝတ် ကိုယ်စားလှယ်ကြီးနဲ့ အဖွဲ့သားတွေ ရောက်လာရင် ကျုပ်တို့သုံးယောက်လုံး အလိမ်ပေါ်ပြီဗျ၊ အဲဒီအခါကျရင်တော့ လက်ရှိမီးလည်း မကယ်နိုင်တော့ဘူးနော်၊ အဲဒါကလည်း အနှေးနဲ့အမြန် ရောက်လာမှာဗျ၊ ဒီတစ်ရက်နှစ်ရက်အတွင်း ကျုပ်တို့တော့ ဒုက္ခတွေ့မှာပါဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ကျွန်ုပ်နှင့် ဘွန်ဟောင်းသည် ဧည့်ဆောင်ပြုလုပ်ထားသော ကျောက်ဂူထဲတွင် စားလိုက် သောက်လိုက် အိပ်လိုက်နှင့် နေခဲ့ကြလေ၏။ တစ်နေ့တွင် ဘွန်ဟောင်းက...

"ကိုအောင်ထွန်းရေ... ဒီနေ့ဟာ တန်ဆောင်မုန်း အဖိတ်

www.burmeseclassic.com

www.burmeseclassic.com

နေ့ ညပဲဗျ၊ မနက်ဖြန်ဆိုရင် လပြည့်ပြီး ဆုံစည်းပွဲက လပြည့်နေ့မှာ ကျင်းပမှာလေဗျာ၊ ဘာပဲဖြစ်ဖြစ် အာဂျန်တာက လူစုဟာ ဒီနေ့ အရောက်လာကြမှာပဲ၊ သူတို့ လာတာနဲ့ ကျုပ်တို့က ပြေးရမှာ၊ အဲဒီတော့ ဒီနေ့တော့ မအိပ်နဲ့ဗျ၊ ဟောဟိုတောင်ကုန်းဘက်ကို လှမ်းပြီးကြည့်နေ၊ ဒီနေရာက အမြင့်လေဗျာ၊ သူတို့လာရင် အဲဒီတောင်ကုန်းဘက်က လာမှာပဲ၊ အဲဒီတော့ ဒီကနေ စီးပြီးမြင်နေရမယ်"

ဟု ပြောလေ၏။ ထိုကြောင့် ကျွန်ုပ်လဲ တောင်ကုန်းဘက်သို့ လှမ်းမျော်၍ကြည့်ရှုနေမိလေ၏။ ထိုအချိန်၌မှာပင် စနေမောင်မောင် ရောက်နေသော တောင်ကလပ်လိုဏ်ဂူမှ သေနတ်သံ တစ်ချက် ကြားရလေ၏။ ထိုသေနတ်သံနှင့်အတူ အသံနက်ကြီးဖြင့် အားကန် အော်သံတစ်ချက်ကိုလည်း ကြားလိုက်ရလေ၏။ ထို့နောက် တောင်ကလပ်ပေါ်မှ တွယ်ကပ်၍ ဆင်းလာသော ကျွန်ုပ်တို့၏ဆရာကြီး စနေမောင်မောင်ကို တွေ့မြင်ရလေ၏။ ထိုအချိန်၌မှာပင် ဘွန်ဟောင်းက. . .

"ဟောဟိုတောင်ကုန်းပေါ်ကို ကြည့်လိုက်စမ်း"

ဟု ပြောသဖြင့် ကြည့်လိုက်ရာ လူလေးယောက် ထမ်းသော

ထမ်းစင်ပေါ်တွင် အပြာရောင်ဝတ်ရုံဝတ် ကိုယ်စားလှယ်ကြီးသည် အပြာရောင် ထီးတစ်လက်ကို ဆောင်း၍ စီးနင်းလိုက်ပါလာသည်ကို တွေ့ရလေ၏။

သူ၏နောက်မှလည်း မားများ၊ လှံရှည်ကြီးများ ကိုင်ထားသော လူအုပ်ကြီးကို တွေ့လေ၏။ ကျွန်ုပ်သည် ကြောက်လွန်း၍ ဒူးများ တုန်နေလေ၏။ ကျွန်ုပ်တို့ ရှိရာ ကျောက်ဂူအတွင်းမှ လူများလည်း ကျောက်ကလပ်ပေါ်သို့ ပြေး၍တက်သွားကြပြီဖြစ်၏။

ဆရာကြီး စနေမောင်မောင်သည် စာအုပ်အထူကြီးနှစ်အုပ်ကို ပိုက်၍ ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီးလျှင်. . .

"ကဲ. . . ကိုယ့်လူတို့ ဘာကြောင်နေတာလဲ. . . ပြေးရမယ်၊ ကျုပ်တို့ကို သတ်မှာ သေချာတယ်၊ ကျုပ်လည်း မလွဲမရှောင်သာ ယောဂီကြီး ဘူတာဝါဟနကို သတ်ပစ်ခဲ့ပြီ၊ ကျုပ်တို့ လိုချင်တဲ့ စာအုပ်ကြီးနှစ်အုပ်တော့ ပါလာပြီ၊ ကျုပ်တို့သုံးယောက် ချမ်းသာပြီဗျ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

"ချမ်းသာတာက နောက်. . . သေမှာက အရင်နေဦး"

ဟု ပြောကာ စတင်၍ပြေးလေ၏။ သို့ရာတွင် စနေမောင်

www.burmeseclassic.com

www.burmeseclassic.com

မောင်သည် ၎င်း၏ရှေ့သို့ ရောက်နေ၏။ ကျွန်ုပ်မှာမူ နောက်ဆုံးမှာ ဖြစ်၏။ ကျွန်ုပ်နှင့်ဘွန်ဟောင်းသည် စနေမောင်မောင်၏နောက်သို့ ပြေး၍လိုက်နေရ၏။ တောင်ခြေသို့ ရောက်သောအခါ ကျွန်ုပ်တို့ စီးလာသော မြင်းသုံးစီးကို တွေ့သဖြင့် မြင်းများပေါ်သို့ တက်ကြလေ၏။ ထို့နောက် မြင်းများဖြင့် ဆက်၍ပြေးကြလေ၏။ ထိုသို့ပြေးရင်း စနေမောင်မောင်က. . .

"ကိုယ့်လူတို့. . . ပိုပြီးမြန်အောင်ဆိုပြီး မြင်းတွေကို သွားပြီး မရိုက်နဲ့နော်၊ ဒီမြင်းမျိုးတွေက သူ့ဘာသာသူ ပြေးတယ်၊ ရိုက်လိုက်ရင် မပြေးတော့ဘူး၊ ပိုပြီးမြန်မြန်ပြေးစေချင်ရင် နားအနားကို ကပ်ပြီး လေချွန်ပေးရတယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း မြင်း၏နားအနားသို့ ခေါင်းကို ထားကာ တရှိုရှို့ လေချွန်ကြလေတော့၏။ မြင်းများသည် လေ၏ အဟုန်ဖြင့် လွှားခနဲ လွှားခနဲ ပြေးနေ၏။ အတော်အတန် ခရီးပေါက်သောအခါ၌ နောက်သို့ လှည့်၍ကြည့်လိုက်ရာ များပြားလှသော လူအုပ်ကြီးသည် ယင်မဲရိုင်းအုပ်ကြီးပမာ ကျွန်ုပ်တို့သုံးဦးနောက်သို့ လိုက်နေကြောင်း တွေ့ရလေတော့၏။ လူအုပ်ထဲတွင် အပြာရောင် ဝတ် ကိုယ်စားလှယ်ကြီးလည်း ထမ်းစင်မစီးနိုင်တော့ဘဲ ခြေလျင်

ဆင်း၍ ပြေးလိုက်နေသည်ကို တွေ့ရလေ၏။

ကျွန်ုပ်လည်း လွန်စွာလန့်နေပြီဖြစ်၏။ ထိုအခါ ဆရာကြီး စနေမောင်မောင်က. . .

"ကိုအောင်ထွန်း. . . သိပ်လည်း မကြောက်နဲ့ဗျ၊ ဒီလူစုက လူတော်တော်များများဟာ ဂန်ဂျာရှူတဲ့လူတွေ၊ ဂန်ဂျာဆိုတာ ဆေးခြောက်ကို ပြောတာ၊ သိပ်ပြီးအမောမခံနိုင်ကြဘူး၊ နည်းနည်းလေး မောတာနဲ့ ဆက်ပြီးမလိုက်နိုင်တော့ပါဘူး၊ မြင်းကိုသာ ဒီအတိုင်း စီးခဲ့"

ဟု ပြောလိုက်သဖြင့် ကျွန်ုပ်တွင် ရှိသော ကြောက်စိတ်များ ပြေပျောက်သွားလေတော့သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

ပန်းခြံအောက်ခြေမှ ရွာကြီးတစ်ရွာ

ကျွန်ုပ်တို့သုံးဦးသည် မြင်းကိုယ်စီဖြင့် တောင်ဘက်စူးစူးသို့ ခရီးနှင်ခဲ့လေရာ အတော်အတန် ခရီးပေါက်သောနေရာ၌ ပန်းခြံကြီးများ ဝိုင်းရံထားသော ရွာတစ်ရွာကို တွေ့ရလေ၏။ ထိုရွာ၏ အိမ်များမှာ အမိုးများသည်လည်း အဝိုင်းများ ဖြစ်ကြလေ၏။ ထို့

www.burmeseclassic.com

www.burmeseclassic.com

ကြောင့် စနေမောင်မောင်က. . .

"ဟောဟိုမှာ ပန်းခြံတွေ ကာထားတဲ့ ရွာကြီးတစ်ရွာတော့ တွေ့တယ်၊ လှလိုက်တာ မပြောနဲ့တော့၊ ဒါမေမယ့် ရွာကတော့ လူရိုင်းရွာပဲ၊ အဲဒီရွာကို ဝင်ပြီး ကျုပ်တို့အတွက် စားရေးသောက်ရေး စီမံရမယ်"

ဟု ပြောလေ၏။ ထို့နောက် ထိုရွာကြီးသို့ ရောက်သော အခါ ကျွန်ုပ်တို့ကို မြင်လျှင် လူရိုင်းမကလေးများ ပြေးထွက်လာကြ လေ၏။ ၎င်းတို့၏ခေါင်းဌလည်း လှပသောပန်းများကို စည်းထား၏။ ရင်ဘတ်ပေါ်ဌလည်း ပန်းများကို စည်းထား၏။ ခါးပေါ်ဌလည်း ပန်းများကို စည်းထား၏။ ထိုပန်းများအောက်တွင် ဖျင်ကြမ်းအဝတ် အစားများ ဝတ်ထား၏။ ထိုအခြင်းအရာကို မြင်လျှင် ဘွန်ဟောင်း က. . .

"အတော်ကို ကြည့်လို့ကောင်းတဲ့ ကောင်မလေးတွေပဲ"

ဟု ပြောလိုက်လေ၏။ ထို့နောက် ရွာလူကြီးနှင့် ရွာသား လေးငါးဦး ထွက်လာလေ၏။ ဆရာကြီးစနေမောင်မောင်သည် ခြေဟန်လက်ဟန်ဖြင့် ရွာလူကြီးကို မိတ်ဆက်လေ၏။ ထိုသို့ မိတ် ဆက်ပြီးလျှင် ရွာလူကြီး၏လက်အတွင်းသို့ ရွှေဒင်္ဂါးအနည်းငယ်

ထည့်ပေးလိုက်လေ၏။ ရွှေဒင်္ဂါး ပေးပြီးနောက် ဘိန်းအနည်းငယ်ကို ပါ ပေးလိုက်လေ၏။

ထိုအခါ ရွာလူကြီးသည် ရွာလယ်ရှိ ဘုံအိမ်သို့ ခေါ်သွားပြီး လျှင် ကောက်ညှင်းပေါင်းမျှား၊ နွားနောက်သားမီးကင် ဆီဆမ်းများ ဖြင့် ဧည့်ခံကျွေးမွေးလေ၏။ ထိုပြင် ကျောက်ဖရုံသီးကဲ့သို့သော အသီးတစ်မျိုးကို ဟင်းချိုပြုလုပ်၍လည်း ကျွန်ုပ်တို့အား တိုက်လေ၏။ ထိုအရာနှင့်အတူ လွန်စွာပြင်းသောအရက်များကိုလည်း ချပေး လေ၏။ ကျွန်ုပ်တို့သည် ကောက်ညှင်းပေါင်းနှင့် နွားနောက်သား များကို ဝနှင့်နေအောင် စားကြလေ၏။ စားပြီးသောအခါ ထိုပန်းခြံ ရွာကြီးမှ ထွက်ပြီး ခရီးဆက်ခဲ့ကြရာ အာဂျန်တာလိုဏ်ဂူအနီးသို့ ရောက်ကြလေ၏။

ထိုနေရာသို့ ရောက်သောအခါ၌ ယခင်တည်းခဲ့သော စော်ဘွားပိုင် တဲညီးခိုခန်း၌ပင် တည်းခိုကြလေ၏။ ထိုတည်းခိုခန်းတွင် အသွားတုန်းက တွေ့ခဲ့သော ဂေါ်ရခါး မိန်းမချောလေး လက်ရှမီး နှင့် ပြန်လည်ဆုံစည်းရလေ၏။ လက်ရှမီးက. . .

"ရှင်တို့ ကာလကတ္တားထိ သွားပြီး သင်္ဘောနဲ့ ပြန်ရင်တော့ အကြာကြီး သွားနေရလိမ့်မယ်၊ အမြန်ဆုံး သွားလို့ရမယ့်လမ်း

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကို ကျွန်မသိတယ်၊ အဲဒါကတော့ နီပေါနယ်စပ်ဘက်ကို သွားပြီး ဘက်(ရှ်)ဝါမြို့ကို ဝင်လိုက်၊ အဲဒီမှာ လေယာဉ်တွေ ရှိတယ်၊ အဲဒီလေယာဉ်တွေဟာ ငြိတိသျှ လေတပ်ပိုင် လေယာဉ်တွေပဲ၊ လူအများကြီးတော့ မဆန့်ဘူး၊ သူတို့ဟာ အဲဒီကနေ ယိုးဒယားပြည် ဘန်ကောက်မြို့ကို ပြန်တယ်၊ ဘန်ကောက်ကနေမှ သူတို့ရဲ့အမှုထမ်းတွေကို လန်ဒန်မြို့အထိ သယ်တယ်၊ စစ်ကြီးဖြစ်ခါနီးပြီဆိုတော့ သူတို့လူတွေ သူတို့ပြန်ပြီးသိမ်းတဲ့သဘောပဲ၊ အဲဒီလေယာဉ်နဲ့ ဘန်ကောက်အထိ လိုက်သွား၊ ဘန်ကောက်ကနေမှ မြန်မာပြည်ကိုပြန်၊ အဲဒီလမ်းကြောင်းက လွယ်လိမ့်မယ်”

ဟု ပြောလေ၏။ ထို့ကြောင့် လက်ရှိမီး ပြောသည့် လမ်းကြောင်းအတိုင်း သွားရန် ကျွန်ုပ်တို့သည် ပတ်(ရှ်)ဝါမြို့ လေဆိပ်သို့ အရောက်သွားကြလေ၏။ ငြိတိသျှအစိုးရ အမှုထမ်းများမှာ ထို လေယာဉ်ပျံကို စီးရန်အတွက် လက်မှတ်ဝယ်ရန် မလိုသော်လည်း ကျွန်ုပ်တို့သုံးဦးမှာမူ လက်မှတ်ကို ဝယ်ရလေ၏။ လက်မှတ်ရဲ့ အဝင်အဝရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ကော်ဖီနှင့်မုန့်များ ဝယ်ယူစားသောက်နေကြလေ၏။ ထိုအချိန်၌ စားသောက်ဆိုင်အတွင်း မျက်နှာဖြူ လေယာဉ်မောင်းသမားတစ်ဦး ဝင်လာသဖြင့် အခြားသော

မျက်နှာဖြူတစ်ဦးက အခြားစားပွဲမှ လူများကို. . .

“ဗန်ကောက်ကို သွားမယ့် လေယာဉ်ပျံကို မောင်းမယ့် ပိုင်းလော့က သူပဲဗျ”

ဟု မိတ်ဆက်ပေးလေ၏။ လေယာဉ်မှူးလည်း အနည်းငယ် နှုတ်ဆက်ပြီးနောက် အခြားစားပွဲသို့ သွားကာ ကော်ဖီအေးတစ်ခွက်မှာသောက်ပြီးလျှင် လေယာဉ်ရုံးခန်းအတွင်းသို့ ဝင်သွားလေ၏။ များမကြာမီ၌ အသံခဲ့စက်မှနေ၍ ဗန်ကောက်သို့ လိုက်မည့် ခရီးသည်များ လေယာဉ်အမှတ် မည်ရွေ့မည်မျှပေါ်သို့ တက်ရန် ကြေညာလေတော့၏။

ကျွန်ုပ်တို့သုံးဦးလည်း ထိုလေယာဉ်ပေါ်သို့ အပြေးအလွှား တက်ကြလေ၏။ ကျွန်ုပ်တို့နှင့် လေယာဉ်တစ်စီးတည်း အတူစီးမည့် ခရီးသည်အချို့လည်း ပါလာလေ၏။ ခရီးသည်တစ်ဦးမှာ ငြိတိသျှ အမျိုးသား ကောင်စစ်ဝန်တစ်ဦးဖြစ်၏။ အခြားတစ်ဦးမှာ သူ၏ လက်ထောက် ကောင်စစ်ဝန်ဖြစ်၏။ မိန်းမတစ်ဦးလည်း ပါလာလေ၏။ ထိုမိန်းမမှာ ပြင်သစ်နှင့် အင်္ဂလိပ်ကပြား၊ ခရစ်ယာန် သာသနာပြုဆရာမ ဖြစ်၏။ ကျန်တစ်ဦးမှာ ကုန်သည်ကြီးတစ်ဦး ဖြစ်၏။

ကျွန်ုပ်တို့ လေယာဉ်ပျံပေါ်သို့ ရောက်ပြီး မကြာမီ၌ လေ

www.burmeseclassic.com

www.burmeseclassic.com

ယာဉ်ပျံသည် စတင်၍ ပျံသန်းလေတော့၏။ ကျွန်ုပ်တို့ ထိုင်၍စီးသောနေရာမှနေ၍ လေယာဉ်ပျံ မောင်းသော ပိုင်းလော့ကို လှမ်း၍ မြင်နေရ၏။ သို့ရာတွင် မှန်များ ကာထားလေ၏။ လေယာဉ်ပျံသန်းသောအခါ နေကို ကြည့်၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် ကျွန်ုပ်က မှတ်သားလျက်ရှိလေ၏။ လေယာဉ်ပျံသည် ဗန်ကောက်သို့ သွားရန်အတွက် တောင်စူးစူးသို့ ပျံသန်းရမည်ဖြစ်၏။ သို့ရာတွင် လေယာဉ်ပျံသည် မြောက်စူးစူးသို့ ပျံသန်းနေကြောင်း သတိပြုမိလေ၏။ ထို့ကြောင့် ကျွန်ုပ်က ဆရာကြီးစနေမောင်မောင်အား. . .

"ဆရာကြီး. . . ဗန်ကောက်ပြို့က တောင်ဘက်မှာ ရှိတယ် မဟုတ်လား၊ ဒီလေယာဉ်ပျံက မြောက်စူးစူးကို ပျံနေတယ်"

ဟု ပြောလိုက်ရာ ဆရာကြီးစနေမောင်မောင်က. . .

"ပိုင်းလော့က သူ့အလုပ်သူ သိပါတယ်ဗျာ၊ ဗန်ကောက် ရောက်တော့ ဆင်းလိုက်ရုံပေါ့"

ဟု ပြောလေ၏။ အချိန်တော်ကြာ ပျံသန်းနေ၏။ ထို့ကြောင့် ဘွန်ဟော်ငံးက. . .

"ဆရာကြီး. . . ဒီလေယာဉ်ပျံမျိုးက ဓါတ်ဆီသိပ်ပြီးမဆန့်ဘူး၊ အခု ပျံနေတာလည်း နာရီတော်တော်ကြာပြီ၊ ပျံနေတဲ့ အတော

အတွင်း ဓါတ်ဆီကုန်သွားရင်တော့ မြေလျှိုးမိုးပျံဂိုဏ်းက သတ်လို့ မသေဘဲ လေယာဉ်ပျံ ဖျက်ကျလို့ သေလိမ့်မယ်နော်"

ဟု ပြောလိုက်ရာ ဆရာကြီး စနေမောင်မောင်က. . .

"ပိုင်းလော့က သူ့အလုပ်သူသိပါတယ်ဗျာ"

ဟု ပြန်၍ပြောလေ၏။ လေယာဉ်ပျံသည် တောင်တန်းကြီးများကို ဖြတ်ကျော်နေ၏။ ကျွန်ုပ်မှာ အထူးထိတ်လန့်လျက်ရှိလေ၏။ ထို့နောက် တောင်တန်းပေါ်တွင် လေယာဉ်ပျံကွင်းကဲ့သို့ မြေညီတစ်ခုတွေ့သောအခါ ထိုမြေညီပေါ်သို့ ထိုး၍ဆင်းလေ၏။

"ဆရာကြီး. . . လေယာဉ်ပျံက တောင်ပေါ်မှာ ဆင်းနေပြီ၊ မဟုတ်တော့ဘူး ထင်တယ်"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဆရာကြီး စနေမောင်မောင်က

"တိတ်တိတ်စီးစမ်းပါဗျာ. . . ထင်မြင်ချက်တွေ မပြောစမ်းပါနဲ့"

ဟု ပြောလေ၏။ လေယာဉ်ပျံ ရပ်ပြီးသောအခါ၌ ပိုင်းလော့သည် အောက်သို့ ဆင်းပြီး ကျွန်ုပ်တို့ ခရီးသည်အားလုံးအား အောက်သို့ ဆင်းရန် ခြေဟန်လက်ဟန်ဖြင့် ပြလေ၏။ ကျွန်ုပ်တို့လည်း အောက်သို့ ဆင်း၍ အညောင်းအညာ ဖြေကြလေ၏။ ထို

www.burmeseclassic.com

www.burmeseclassic.com

အခါ၌ ဘွန်ဟောင်းက. . .

"ဆရာကြီး. . . လေဆိပ်တုန်းက ဒီလေယာဉ်ပျံကို မောင်းမယ်သူနဲ့ ဟိုလူတွေကို မိတ်ဆက်ပေးတာ ကျွန်တော် ကောင်းကောင်းသတိထားမိတယ်၊ လေယာဉ်ပျံမောင်းမယ့်လူဟာ အင်္ဂလိပ်လူမျိုးဗျ၊ ဒီလူက အင်္ဂလိပ် မဟုတ်ဘူး၊ မျက်ပေါက်ကျဉ်းကျဉ်း၊ မျက်နှာဝိုင်းဝိုင်း အသားဝါဝါဗျ၊ မဟုတ်မှလွဲရော. . . ဒီလေယာဉ်ပျံကို ဒီလူ ခိုးပြီးမောင်းလာတာ၊ ခရီးသည်တွေကို ပြန်ပေးဆွဲခွင့်လို့ပဲ"

ဟု ပြောလိုက်သဖြင့် ဆရာကြီး စနေမောင်မောင်လည်း ထိုလေယာဉ်မှူးကို ကြည့်ပြီးနောက် အင်္ဂလိပ်စကားဖြင့်. . .

"မိတ်ဆွေ. . . လေယာဉ်ပျံကို ဘယ်မောင်းသွားမလို့လဲ"

ဟု မေးလိုက်ရာ ထိုလေယာဉ်မှူးက ခါးကြားမှ သေနတ်ကို ထုတ်၍ ရင်ဝသို့ ချိန်ပြီးလျှင်. . .

"ငြိမ်ငြိမ်လေး လိုက်ခဲ့. . . စကားမများနဲ့"

ဟု ပြောလိုက်လေ၏။ ထို့ကြောင့် ဆရာကြီးစနေမောင်မောင်က. . .

"ကိုအောင်ထွန်းရေ. . . ကျုပ်တို့ကံကြမ္မာက တစ်မျိုးဖြစ်သွားပြီဗျ၊ ဒီလေယာဉ်မှူးဟာ လေယာဉ်မှူးအစစ် မဟုတ်ဘူးဗျ၊

ဟိုလေယာဉ်မှူးအစစ်ကို လေယာဉ်ရုံးခန်းထဲမှာ ရိုက်နှက်ပြီး ချုပ်ထားခဲ့မယ်ဗျာ၊ ပြီးတော့မှ အဲဒီလေယာဉ်မှူးရဲ့ အဝတ်အစားတွေ ဝတ်ပြီး သူက ဒီလေယာဉ်ကို တက်ပြီးမောင်းလာတာ ဖြစ်လိမ့်မယ်၊ ကျုပ်တို့သုံးယောက်နဲ့တော့ မပတ်သက်ဘူးဗျ၊ ဟိုလေးယောက်ထဲက တစ်ယောက်ယောက်ကို ဖမ်းချင်လို့ပဲ"

ဟု ပြောလေတော့၏။

"ဖမ်းပြီဆိုရင်တော့ ကျွန်တော်တို့ကိုလည်း လွှတ်ထားမှာ မဟုတ်ဘူး၊ ရောပြီးဖမ်းထားမှာပဲ၊ ကျွန်တော်တို့ ဘယ်လိုပြန်ထွက်မလဲဆိုတာ စဉ်းစားရတော့မယ်"

ဟု ဘွန်ဟောင်းက ပြောလိုက်လေ၏။ ထိုအခါ စနေမောင်မောင်က. . .

"တစ်ခုတော့ ရှိတယ်ဗျို့၊ မြေလျှိုးမိုးပျံဂိုဏ်းက အသဲအမဲ ကျုပ်တို့ကို လိုက်ပြီးသတ်မှာ မဟုတ်လား၊ အခုလို ဖြစ်သွားတော့ ဒီဂတိတွေ ကျုပ်တို့ကို မျက်ခြေပြတ်သွားပြီ၊ အဲဒီအချက်ဟာ သေဘေးက လွတ်သွားတဲ့အချက် မဟုတ်လား၊ နောက်တစ်နေရာမှာ အဖမ်းခံထားရရင်တော့ အဲဒီကျမှပဲ လွတ်ပေါက်ကို စဉ်းစားရမယ်"

ဟု ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့အား စိတ်အားအား

www.burmeseclassic.com

www.burmeseclassic.com

နေရန် မှာကြားသဖြင့် ကျွန်ုပ်တို့လည်း ကြောက်စိတ်များ ပြေပျောက်စေရန် မိမိကိုယ်ကိုမိမိ နှစ်သိမ့်ပြီး နေကြရလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com





အခန်း(၁၁)

လေယာဉ်မှူး သေဆုံးသွားပြီ

မျက်မကြာမီ မြည်းပုကလေးများပေါ်တွင် ဓာတ်ဆီပုံးများ တင်ဆောင်လာသည့် ကျေးရွာသားတစ်စု ရောက်ရှိလာလေ၏။ ထိုကျေးရွာသားတို့နှင့် ကျွန်ုပ်တို့၏လေယာဉ်မှူး ပိုင်းလော့သည် စကားပြောကြလေ၏။ ပြီးလျှင် လေယာဉ်တွင် ဓါတ်ဆီဖြည့်ကြလေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးစနေမောင်မောင်. . . စဉ်းစားကြည့်စမ်းပါဦး၊ ဒီလိုခေါင်တဲ့နေရာမှာ လေယာဉ်မာတ်ဆီက ဘယ်လိုလုပ်ရသလဲ၊ ဒီနေရာကျရင် ဆီဖြည့်မယ်ဆိုပြီး ပိုင်းလော့က စီစဉ်ထားတာ၊ ကြိုတင်ကြံစည်ပြီး လုပ်ထားတဲ့အလုပ်တွေပဲ၊ ဒီကနေပြီး ကျွန်တော်တို့ကို ဘယ်ကို ခေါ်သွားဦးမလဲ"

ဟု ပြောလေ၏။

"ဘယ်ကိုပဲခေါ်ခေါ်ပါ ဘွန်ဟောင်းရယ်၊ ဒီကမ္ဘာမေါ်တင်ပဲ ခေါ်လို့ရမှာပါ၊ တို့ ပြန်တတ်ပါတယ်. . . မပူပါနဲ့ကွာ"

ဟု ဆရာကြီးစနေမောင်မောင်က ပြောလေ၏။ ဓာတ်ဆီဖြည့်ပြီးသောအခါ၌ ပိုင်းလော့သည် ကျွန်ုပ်တို့အား သေနတ်ဖြင့်

ဟု ပြောလိုက်လျှင် ဆရာကြီး စနေမောင်မောင်က. . .

"အဲဒီတော့လည်း ရောက်ဖူးတာပေါ့ ကိုယ့်လူရယ်"

ဟု ပြန်၍ ပြောလေ၏။ မြောက်မြားစွာသော တောင်များကို ဖြတ်ကျော်လာ၏။ တောင်များမှာ မြင့်မားလွန်းသဖြင့် တောင်ထွဋ်များပေါ်တွင် နှင်းများ ခဲနေသည်ချည်း ဖြစ်၏။ အချိန်အတော်ကြာပျံသန်းပြီးနောက် တောင်တစ်ခုပေါ်ရှိ မြေကွက်လပ်ပေါ်တွင် လေယာဉ်ပျံသည် ထိုး၍ဆင်းလေတော့၏။ လေယာဉ်ပျံ ဆင်းပြီးသော အခါ၌ ပိုင်းလော့သည် လေယာဉ်ပေါ်မှ ဆင်းပြီးလျှင် အနီးရှိ မြက်ခင်းပြင်ပေါ်၌ အမောဖောက်၍နေလေတော့၏။ ထိုသို့ အမောဖောက်နေရာမှ မျက်ဖြူလန်၍ အသက်ထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဟု စိတ်ပျက်အားငယ်သောလေသံဖြင့် ဘွန်ဟောင်းက ပြောလေတော့၏။

"ဘွန်ဟောင်းရယ်. . ဟိုလူစုက လေးယောက်၊ တို့က သုံးယောက်၊ စုစုပေါင်း ခုနစ်ယောက် ဒုက္ခတွေ့ကြတာ၊ ကိုယ်က ဖောက်ပြီး မည်ည်းစမ်းပါနဲ့"

ဟု စနေမောင်မောင်က ပြောလေ၏။ ထိုအချိန်၌ ပြိတိသျှ

ဟု ပြောလိုက်ရာ ပြိတိသျှဝန်ထမ်း ကောင်စစ်ဝန်သည် အကြိမ်ပေါင်းများစွာ ကျေးလူးတင်ကြောင်း ပြောလေတော့၏။ ကျွန်ုပ်တို့ ခုနစ်ယောက်သည် မြက်ခင်းပြင်ပေါ် တွင် ခြေပစ်လက်ပစ် ထိုင်နေကြလေ၏။

ထိုအချိန်၌ လူသံများ ကြားသဖြင့် လှမ်းမျှော်ကြည့်ရှုလိုက်

www.burmeseclassic.com

www.burmeseclassic.com

ပဲ"

ဟု ပြန်၍ဖြေလျှင်...

"ခင်ဗျားပြောတဲ့ အင်္ကလိပ်စကားဟာ သိပ်ပီပြင်ပီသတာပဲ၊ အင်္ကလိပ်စကားကို ခင်ဗျား ဘယ်မှာ သင်ခဲ့တာလဲ"

ဟု မေးလိုက်ရာ ထီးဆောင်းသူက...

"ကျွန်တော်ဟာ ကင်းဗရစ်တက္ကသိုလ်မှာ ဘွဲ့ရခဲ့ပါတယ်"

ဟု ပြန်၍ဖြေသည်။ ဗြိတိသျှကောင်စစ်ဝန်သည် မျက်လုံးပြူး၍သွားလေ၏။ ထို့နောက်မှ...

"ဒီလောက်ခေါင်တဲ့ဒေသကနေ ကင်းဗရစ် တက္ကသိုလ် အထိ လာပြီး ကျောင်းတက်ပြီး ဘွဲ့ယူတယ်ဆိုတာ အံ့သြစရာပဲ"

ဟု ပြောလျှင် ထီးဆောင်းသောသူက...

[redacted]

ချိုင့်သို့ ညွှန်ပြ၍...

"အဲဒီတောင်ကြားကို ခေါ်သွားရမှာ၊ ခင်ဗျားကို အလွန်တွေ့ချင်တဲ့ လားမားဆရာတော်ကြီးက စောင့်နေတယ်၊ ကျန်တဲ့လူတွေက အပိုပါလာတာတွေပါ၊ ခင်ဗျားကတော့ အရေးအကြီးဆုံးပဲ၊ ကျုပ်တို့ လူတွေအများကြီး လာတာက ခင်ဗျားတို့ကို ဒုက္ခပေးဖို့ မဟုတ်ဘူး၊ ဟိုဘက်ရောက်ရင် တောင်ကြားလမ်းတွေက အလွန်ကျဉ်းတယ်၊ ချော်ပြီးကျသွားရင် တောင်အောက်ကို ရောက်သွားပြီး အရိုးတခြား အသားတခြား ဖြစ်သွားမယ်၊ အဲဒါကြောင့် ခင်ဗျားတို့ကို တွဲဖို့ ခေါ်လာတာ"

ဟု အင်္ကလိပ်စကားဖြင့်ပင် ပြန်၍ပြောလေ၏။ ထိုအခါ ကောင်စစ်ဝန်က...

[redacted]

www.burmeseclassic.com

www.burmeseclassic.com

များ ခေါ်ရာသို့ လိုက်ပါသွားကြရလေ၏။ ထိုလူစုသည် ကျွန်ုပ်တို့အား တောင်ပေါ်မှ ချော်မကျအောင် ကြိုးများ သိုင်းချည်၍ ဆွဲသွားကြလေ၏။

လမ်းတွင် စနေမောင်မောင်က...

"က...ကိုရင်ကြီး၊ ခင်ဗျားတို့က ဒီကောင်စစ်ဝန်ကို ဒီကို မရမက ခေါ်လာတာ ဘာသဘောလဲ...ပြန်ပေးဆွဲတာလား"

ဟု မေးလိုက်ရာ ထိုသူက...

"ပြန်ပေးဆွဲတာ မဟုတ်ပါဘူး၊ ကျုပ်တို့ဆရာကြီးက သူ

တစ်ဦးဖြစ်နေတယ်ဆိုတာလည်း သိရတယ်၊ သူ့ရဲ့ဆန္ဒကတော့ ဆရာတော်လောင်းကို ဒီကို မရမက ရအောင် ခေါ်ပြီး လားမား ကျောင်းကြီးကို ပြန်အပ်ဖို့ပါပဲ"

ဟု ရှင်းပြလေ၏။ ထိုအခါ စနေမောင်မောင်က...

"ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ဒီကောင်စစ်ဝန်ဟာ လားမား ဘုန်းကြီး ဝင်စားတာပေါ့။ အတော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာပဲ"

ဟု ပြန်၍ပြောလေ၏။ ထို့နောက် စနေမောင်မောင်ကပင်

www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားတို့ ဒီမှာ နေဦးမှာပဲဥစ္စာ၊ လသာတဲ့ညမှာ လကို ကြည့်လိုက်ပေါ့၊ တခြားဒေသမှာလို လက အဝါမဟုတ်ဘူးဗျ၊ ဒီဒေသမှာက လဟာ အပြာရောင် ဖြစ်နေတယ်၊ စဉ်းစားကြည့်လို့ ရတာကတော့ လနဲ့ ကျွဲတို့မျက်လုံးကြားမှာ ရေခဲမှုန်တွေ ထပ်နေတာနဲ့ တူပါရဲ့ဗျာ၊ ဒီနေရာကနေ တိဝက်မြို့တော်ဖြစ်တဲ့ 'လာဆာမြို့' ကို (၁၂)မိုင်ဝေးတော့တယ်၊ အဲဒီမှာ ရှိတဲ့ လားမားကျောင်းတော်ကြီး ပြီးရင် ဒီမှာရှိတဲ့ လားမားကျောင်းတော်ကြီးဟာ ဒုတိယအကြီးဆုံး"

ဟု ရှင်းပြလိုက်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁၂]

ရေနွေးကြမ်းသောက်နည်း

ကျွန်ုပ်တို့သည် ထိုလူစုနှင့် လိုက်ပါသွားရာ တောင်ကြားဒေသသို့ ရောက်ရှိခဲ့လေ၏။ ထိုတောင်ကြားဒေသသည် လွင်ပြင်ဖြစ်၏။ မြက်ခင်းများသည် စိမ်းနေ၏။ ကျောက်တောင်တစ်ခုကို ထွင်း၍ အထက်ပိုင်းတွင် လားမားကျောင်းတော်ကြီးတစ်ခုဆောက်လုပ်ထား၏။ လွန်စွာခမ်းနားလှ၏။ အမိုးကြီးတစ်ခုလုံးမှာ ရွှေဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ပြုလုပ်ထား၏။ ထိုကျောင်းတော်ကြီး၏ရှေ့တွင် တန်းလျားသဖွယ် ဆောက်လုပ်ထားသော အဆောက်အဦးတစ်ခု ရှိ၏။

ကျွန်ုပ်တို့အား ထိုတန်းလျားထဲတွင်ပင် ထည့်ထား၏။ အစားအသောက်များကိုလည်း ထိုနေရာသို့ပင် လာ၍ကျွေးလေ၏။ အစားအသောက်များမှာ သက်သတ်လွတ်များသာ ဖြစ်၏။ ရွှေဖရုံသီး၊ မုန်လာဥ စသည်တို့ကို ဆီပြန်ချက်ထား၏။ အသီးအနှံများ လတ်ဆတ်သောကြောင့် လွန်စွာအရသာရှိလေ၏။ ညပိုင်းသို့ ရောက်သောအခါ၌ ကျွန်ုပ်တို့ လှမ်း၍မြင်နေရသော တောင်အောက်တွင် မီးတုတ်များဖြင့် ရွှေ့လျားနေသော လူတန်းကြီးကို တွေ့ရလေ၏။

ထိုအချိန်၌ နေ့ခင်းက ကျွန်ုပ်တို့အား ခေါ်ဆောင်လာသော ထီးဆောင်းသည့်လူသည် ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီးလျှင်. .

"ခင်ဗျားတို့ စီးလာတဲ့ လေယာဉ်ပျံပိုင်းလော့ သေသွားပြီ မဟုတ်လား၊ သူ့အသုဘကို ချတာပါ၊ တခြားမဟုတ်ပါဘူး"

ဟု ပြောလေ၏။ ညနေစာ ထမင်းကျွေးပြီးသောအခါ၌ ကျောင်းထိုင်ဆရာတော် လားမားဘုန်းတော်ကြီးက ကျွန်ုပ်တို့ခုနစ်ဦးအား တွေ့လိုသည်ဆိုသဖြင့် ထီးဆောင်းသောပုဂ္ဂိုလ်က ဦးဆောင်၍

ခေါ်သွားလေ၏။ ကျောက်တောင်ကြီးကို ထွင်း၍ ပြုလုပ်ထားသော လားမားဘုန်းတော်ကြီးကျောင်း၏ကျောက်လှေကားမှနေ၍ ဆက်သွားရလေ၏။ လှေကားထစ်များကို ကျွန်ုပ်အနေနှင့် ရေတွက်ကြည့်ရာ (၁၄၉)ထစ် ရှိကြောင်း တွေ့ရလေ၏။

လှေကားထိပ်သို့ ရောက်သောအခါ၌ ညာဘက်သို့ စောင်းငဲ့၍ ကြည့်လိုက်ရာ မီးဖိုချောင်ကို တွေ့ရလေ၏။ မီးဖိုချောင်တွင် ရွှေဖရုံသီးများ၊ မုန်လာဥနီများကို လားမားဘုန်းတော်ကြီးအချို့ လှီးနေကြ၏။ ထီးဆောင်းသောပုဂ္ဂိုလ်က ကျွန်ုပ်တို့အား အင်္ဂလိပ်ဘာသာဖြင့်. . .

"ဒါက ဆွမ်းချက်ဆောင်ပါ၊ ဒီအဆောင်ရဲ့နာမည်က ရုန်ပလို့ ခေါ်တယ်၊ ဘုန်းကြီးတွေကို မနက်အရုဏ်ဆွမ်းကပ်ဖို့ အခုကတည်းက လုပ်ရတယ်"

ဟု ရှင်းပြလေ၏။ ထို့နောက် ကျွန်ုပ်တို့အား ကျောက်သားစကြိန်လမ်းတစ်ခုမှ ဖြတ်၍ခေါ်သွားပြီးလျှင် ဆရာတော်၏ဧည့်ခန်းဆောင်သို့ သွင်းလိုက်လေ၏။ ဆရာတော်၏ဧည့်ခန်းဆောင်မှာ အထူးပင် သပ်ရပ်သာနှားလှလေ၏။ လွန်စွာလှပသော သစ်မှုံးကို အကွက်ဖော်၍ ခင်းထား၏။ အချို့နေရာများတွင် မွေးရှည် ကော်

www.burmeseclassic.com

www.burmeseclassic.com

ဇောကြီးများ ခင်းထား၏။ လူတစ်ရပ်ခန့် ရှိသော ကြွေပန်းအိုးကြီးများ ထောင်ထား၏။ ထိုကြွေပန်းအိုးများထဲတွင် ငှက်ပျောပင်ပေါက်များ ထည့်ထား၏။ အချို့အိမ်တွေ့ ငှက်ပျောသီးများ သီးနေပြီဖြစ်၏။

ကျောက်နံရံများတွင် နံရံကပ်မှန်ဗီရိုများလည်း ထား၏။ ထိုမှန်ဘီရိုထဲတွင် စာအုပ်အမြောက်အမြား စီ၍ထား၏။ စာအုပ်များ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော စာအုပ်များချည်းသာဖြစ်၏။ တစ်နေရာတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မဂ္ဂဇင်းများ၊ ဂျာနယ်များကို တွေ့ရလေ၏။ ပြီးခဲ့သောလကမှ ထုတ်ဝေသော မဂ္ဂဇင်းနှင့်ဂျာနယ်များကို တွေ့ရသဖြင့် လွန်စွာအံ့သြမိလေ၏။

ဤမျှခေါင်သောနေရာသို့ ထိုစာအုပ်များ မည်သို့မည်ပုံ ရောက်လာသနည်းဆိုသည်ကိုမူ စဉ်းစား၍မရနိုင်အောင် ရှိလေတော့၏။ အခန်း၏ထောင့်တစ်ထောင့်တွင် လွန်စွာပြောင်လက်သော စန္ဒရားတစ်လုံးကို တွေ့ရလေ၏။ ထိုစန္ဒရားပေါ်တွင် ကြိုးလေးခြောင်းတပ် ဗျပ်စောင်းတစ်လက်ကိုလည်း တွေ့ရလေ၏။

လက်ရှိဆရာတော်ကြီးသည် လွန်စွာကြီးမားသော နောက်

မှီ ကုလားထိုင်ကြီးပေါ်တွင် သက်တောင့်သက်သာ မှီ၍ထိုင်နေလေ၏။ ဆရာတော်ကြီးသည် ထီးဆောင်းသောပုဂ္ဂိုလ်အား. . .

"ထွင်းမာကို ပြောလိုက်၊ ဧည့်သည်တွေအတွက် ရေနွေးကြမ်း လာပို့ခေ့"

ဟု ဆိုသဖြင့် ထီးဆောင်းသောပုဂ္ဂိုလ်လည်း အခန်းတစ်ခုအတွင်းသို့ ဝင်သွားလေ၏။ မျှားမကြာမီ၌ သွယ်လျ၍ ချောမောသော မိန်းကလေးတစ်ဦး ထိုအခန်းမှ ရေနွေးကြမ်းကရားနှင့် ပန်းကန်များကို သယ်၍ထွက်လာသည်ကို တွေ့ရလေ၏။ ထိုမိန်းကလေး၏ဆံပင်သည် လွန်စွာရှည်လျားလေ၏။ သူ၏ဒူးခေါက်ခွက်ကိုပင် ကျော်နေပြီဖြစ်၏။ သူ၏ဆံပင်တွင် ပန်းရောင်နှင်းဆီအဝဲလေးတစ်ဝဲကို ပန်ထား၏။

ထိုမျက်ဝန်းကလေးသည် ကျွန်ုပ်တို့အနီးသို့ ရောက်လာသောအခါ၌ ကြွေပန်းကန်လှလှကလေးများအတွင်းသို့ ရေနွေးကြမ်းများ ငဲ့.ကာ တစ်ဦးစီကို လိုက်၍ပေးလေ၏။ ကျွန်ုပ်သည် လက်အတွင်းသို့ ရောက်လာသော ရေနွေးကြမ်းကို တစ်ချက်တည်းနှင့် မော့ချပစ်လိုက်လေ၏။

ထိုအခြင်းအရာကို မြင်သော ဆရာတော်က ထီးဆောင်း

www.burmeseclassic.com

www.burmeseclassic.com

သောပုဂ္ဂိုလ်အား. . .

"ဟိုနည့်သည်ဟာ ရေနွေးကြမ်း ကောင်းကောင်းမသောက်တတ်ဘူး၊ မင်းသင်ပြပေးလိုက်ပါ"

ဟု ဆိုသဖြင့် ထိုပုဂ္ဂိုလ်သည် ကျွန်ုပ်၏အနီးသို့ ရောက်လာပြီးလျှင်. . .

"ရေနွေးကြမ်းကို ဒီလို တစ်ချက်တည်း မမော့ရဘူး မိတ်ဆွေ၊ ပါးစပ်ဖျားမှာ တော့်ပြီး တဖြည်းဖြည်းချင်း စုတ်ယူပြီး သောက်ရတယ်၊ ပထမတစ်စုတ် သောက်ပြီးတာနဲ့ စိတ်ထဲကနေ ရေနွေးကြမ်းတိုက်တဲ့လူကို ကျေးဇူးတင်စကား ပြောရတယ်၊ ဒုတိယတစ်စုတ် သောက်ပြီးတဲ့အခါမှာ ဒီရေနွေးကြမ်းမှာ ခပ်တဲ့ လက်ဖက်ခြောက်တို့ ရအောင် လက်ဖက်ပင် စိုက်ခဲ့တဲ့လူကို ကျေးဇူးတင်ကြောင်း စိတ်ထဲက ပြောရမယ်၊ တတိယ စုတ်သောက်တဲ့အခါမှာ အခုလို အေးအေးချမ်းချမ်း ရေနွေးကြမ်း သောက်နိုင်ခွင့်ရတဲ့အတွက် လောကကြီးကို ကျေးဇူးတင်ကြောင်း စိတ်ထဲက ပြောရမယ်၊ အဲဒီလို ဖြည်းဖြည်းချင်း သောက်မှ မှန်တယ်၊ အခု မိတ်ဆွေသောက်တာ ရေနွေးကြမ်း သောက်တာနဲ့ မတူဘူး၊ ဗိုက်ထဲကို မြန်မြန်ရောက်သွားဖို့ အရေးကြီးတယ်ဆိုပြီး ဆေးသောက်သလို သောက်နေတယ်၊

အဲဒီလို သောက်ရင် ရေနွေးကြမ်းရဲ့အရသာကို သိမှာမဟုတ်ဘူး၊ ရေနွေးကြမ်းတစ်ခွက် သောက်ပြီးရင်လည်း ဟောဟိုမှာ အငန်မုန့်လေးတွေ လာပြီးချပေးထားတယ်၊ အဲဒါလေးတွေကို မြည်းလိုက်ပါဦး၊ ပြီးတော့ ရေနွေးကြမ်းပန်းကန်ကိုလည်း လေးစားတဲ့အနေနဲ့ လက်နှစ်ဖက်နဲ့ ကိုင်ပါ၊ အဲဒီလို သောက်မယ်ဆိုရင် ခင်ဗျားအနေနဲ့ ဉာဏ်ကောင်းသွားမယ်၊ ဦးနှောက်တွေ ကြည်လင်သွားမယ်"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်လည်း လွန်စွာရှက်သွားလေ၏။ ထိုအချိန်၌ ဆရာတော်က. . .

"ဟောဒီမိန်းကလေးနာမည်က ထွင်းမာတဲ့၊ ဒီကျောင်းကို ရောက်နေတာ တရားအားထုတ်ဖို့ပါပဲ၊ သူ့ကိုပဲ လက်တိုလက်တောင်း ခိုင်းနေရတယ်၊ ခရီးပြင်းနှင်ပြီး ပင်ပန်းလာတဲ့ ဧည့်သည်တွေကို သူက ဗျပ်စောင်းတီးပြီး ဖျော်ဖြေပါလိမ့်မယ်"

ဟု အင်္ဂလိပ်ဘာသာဖြင့်ပင် မိန့်တော်မူလေ၏။ ထို့နောက် ထွင်မားဘက်သို့ လှည့်ကာ တိဗက်ဘာသာစကားဖြင့် ပြောလိုက်ရာ ထွင်းမာသည် စန္ဒရားပေါ်မှ ဗျက်စောင်းကို ယူ၍ တီးခတ်ကာ ကြိုးများ ညှိနေလေ၏။ ကြိုးညှိပြီးသောအခါ၌ ကျွန်ုပ်တို့ မြန်မာလူမျိုးတိုင်း ကြားဖူးသော မြမန်းဂီရိ သီချင်းကို တီးခတ်လေတော့

www.burmeseclassic.com

www.burmeseclassic.com

ဇ်။ ဆရာကြီးစနေမောင်မောင်သည် နားထောင်ရင်း လက်ဖျောက်တီး၍ စည်းလိုက်ပေးနေဇ်။ အချို့နေရာများတွင် သီချင်းပင် ဝင်၍ဆိုပေးလိုက်သေးဇ်။

ထိုသီချင်း ပြီးဆုံးသွားသောအခါ၌ ကျွန်ုပ်တို့က လက်ခုပ်တီး၍ ဩဘာပေးလေဇ်။ ထွင်းမာက ဗျပ်စောင်းနှင့်ပင် ထူးမခြားနားဘုန်းတော်ဘွဲ့ကို တီးပြပြန်ဇ်။ ဆရာကြီးစနေမောင်မောင်သည် လက်ဖျောက်တီး၍ စည်းလိုက်ရုံမျှမက ထိုသီချင်းကို အစအဆုံး ဝင်၍ဆိုပေးလေဇ်။ ထို့နောက် နိုင်ငံတော်သီချင်းဆန်ဆန် စပ်ဆိုထားသော ဟုပ်အင်ဂလိုရီ ဆိုသည့် အင်္ဂလိပ်သီချင်းကို ဆိုပြန်လေဇ်။ ထိုအခါ၌ ပြိတိသျှကောင်စစ်ဝန်က ထိုသီချင်းကို လိုက်၍ဆိုပြန်လေဇ်။

ထို့နောက် ဆရာတော်ကြီးသည် ထွင်းမာအား သွားခွင့်ပြုလိုက်ရာ ထွင်းမာသည် ဗျပ်စောင်းကို စန္ဒရားပေါ်သို့ တင်ကာ ပြန်၍ထွက်သွားလေဇ်။

ထီးဆောင်းသောပုဂ္ဂိုလ်သည် ကျွန်ုပ်အနီးသို့ ကပ်ပြီးလျှင်

"ထွင်းမာက အတော်ထူးတဲ့မိန်းကလေး၊ ခင်ဗျားတို့ကို မြန်မာလူမျိုးတွေမှန်း သိလို့ ရှေ့မြန်မာသီချင်းနဲ့ ဦးခဲ့တာ၊ ပြင်သစ်

လူမျိုးတွေဆိုရင်လည်း ပြင်သစ်သီချင်းနဲ့ ဦးခဲ့တယ်၊ အိန္ဒိယလူမျိုးတွေဆိုရင်လည်း ရှေးဟောင်းအိန္ဒိယသီချင်းနဲ့ ဦးခဲ့တယ်၊ ဦးသည်လာရင်တော့ ဦးသည်ကို တိုက်ဖို့ ရေနွေးကြမ်းလည်း သူပဲကြိုရတယ်၊ ဦးသည်ကိုလည်း သူပဲ ရေနွေးကြမ်း တိုက်ရတယ်၊ ဗျပ်စောင်းတီးလည်း သူပဲ တီးရတယ်၊ ပြီးတော့ သူက စန္ဒရားလည်း အတီးကောင်းတယ်၊

ကမ္ဘာကျော် ဂီတဆရာကြီး ဗီသိုဗင်ရဲ့တီးကွက်တွေကို သူက အလွတ်ရတယ်၊ တယောလည်း ထိုးတတ်တယ်၊ ကမ္ဘာကျော် ဂီတဆရာ မိုးဇက်ရဲ့လက်သံကို သူက ရအောင်ထိုးနိုင်တယ်၊ ဆရာတော်ကြီး မကျန်းမမာ ဖြစ်တဲ့အခါ သူက တယောထိုးပြရတယ်၊ သူ့ရဲ့တယောသံကို နားထောင်ပြီးရင် ဆရာတော်ကြီးဟာ နေကောင်းလာတာ များတယ်"

ဟု ပြောလေဇ်။

"ဒီကို ဦးသည်ခုနစ်ယောက် လာကြပြီး ကျန်တဲ့ခြောက်ယောက်ကတော့ ခရီးလမ်းကြုံလို့ ရောက်လာတာပါ။ ကျုပ်တကယ်တွေ့ဖို့ ကြိုးစားတာကတော့ ဟောဒီပြိတိသျှ ကောင်စစ်ဝန်ပဲပေါ့"

ဟု ဆရာတော်ကြီးက အင်္ဂလိပ်ဘာသာဖြင့် မိန့်တော်မူလေ

www.burmeseclassic.com

www.burmeseclassic.com

၏။ ကျွန်ုပ်သည် တောခေါင်ခေါင်တွင် နေသော ထိုတိပက်ဘုန်းကြီး၏ အင်္ဂလိပ်စကားပြောပုံကို လွန်စွာသဘောကျ၍နေလေ၏။ ထို့ကြောင့် မေးမည်ဟု ကြံရာ ဆရာကြီး စနေမောင်မောင်က ကျွန်ုပ်အား လက်ကုတ်၍...

"ဘာမှမမေးနဲ့ ကိုအောင်ထွန်း၊ သူက စပ်စုတာကို မကြိုက်ဘူး"

ဟု ပြောလိုက်မှ ကျွန်ုပ်၏အကြံအစည်ကို လက်လျှော့လိုက်ရလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း[၁၃]

စနေမောင်မောင်နှင့် ဆရာတော်ကြီး တွေ့ဆုံခြင်း

ညပိုင်းသို့ ရောက်လျှင် ပြီတိသျှကောင်စစ်ဝန် တစ်ဦးတည်းကို ဆရာတော်က ခေါ်ယူ၍တွေ့ဆုံလေ၏။ ထိုသူပြန်လာသော အခါ အတော်ညဉ့်နက်နေပြီဖြစ်၏။ ထိုသူပြန်လာသည်အထိ စနေမောင်မောင်သည် စောင့်နေပြီးနောက်. . .

"ကောင်စစ်ဝန်ကြီး. . . ဘာထူးသလဲ"

www.burmeseclassic.com

www.burmeseclassic.com

ဟု မေးလိုက်လေ၏။ ထိုအခါ ကောင်စစ်ဝန်က. . .

"ထူးတာတော့ မပြောနဲ့ဗျာ၊ ကျုပ်ကို အဲဒီဆရာတော်ကြီးက ဆရာတော်လို့ ခေါ်တယ်၊ ကျုပ်က ပြီးခဲ့တဲ့ဘဝတုန်းက ဒီကျောင်းမှာ ကျောင်းထိုင်ခဲ့တဲ့ ဆရာတော်ကြီးတဲ့၊ သူ့ရဲ့ဆရာအရင်းတဲ့၊ ဒီကနေ သေလွန်ပြီးတော့မှ ငြိတိသျှလူမျိုး ဖြစ်သွားတာတဲ့၊ ကျုပ်ကို ဒီကိုရောက်အောင် ခေါ်ဖို့အတွက် သူတို့အနေနဲ့ အများကြီး ကြိုးပမ်းခဲ့ရတယ်တဲ့၊ တိဗက်တစ်ယောက်ကို အင်္ဂလန် လွှတ်ပြီး အင်္ဂလိပ်စကားနဲ့ အင်္ဂလိပ်စာကို တတ်အောင် သင်ခိုင်းပြီးမှ ငြိတိသျှလေတပ်ကို ဝင်ခိုင်းတာတဲ့၊ လေတပ်ရောက်လို့ လေယာဉ်မောင်းသမား ဖြစ်တဲ့အခါမှာ အခါအခွင့်ကြည့်ပြီး ကျုပ်ကို မရရအောင် ဒီကိုခေါ်လာဖို့ တာဝန်ပေးလိုက်တာတဲ့၊ အဲဒီတိဗက်ကလည်း နှစ်ပေါင်းများစွာ ဘဝကို ရင်းနှီးမြှုပ်နှံပြီး ပေးလိုက်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရှာတယ်၊ ဒါပေမယ့် သူ့မှာ နှလုံးရောဂါအခံရှိနေလေတော့ ကျုပ်ကို ဒီလည်း ပို့ပြီးရော သူလည်း ဆုံးသွားရှာတယ်၊

ဆရာတော်ကြီးက ဝိရိုကြီးတစ်လုံးထဲက လားမားဆရာတော်ကြီးတွေ ဝတ်တဲ့ ဝတ်ရုံကြီးတွေ ထုတ်ပြတယ်၊ အဲဒါကြီးတွေ

အရင်ဘဝက ကျုပ်ဝတ်ခဲ့တာတဲ့၊ ဆရာတော်ကြီးတွေ ဆောင်းတဲ့ဦးထုပ်နီကြီးတစ်လုံးလည်း ထုတ်ပြတယ်၊ အရင်ဘဝက ကျုပ် ဆောင်းခဲ့တာတဲ့၊ ကျုပ်ဖြင့်ဗျာ. . . သူပြောတဲ့စကားတွေ နားထောင်ပြီး ရူးတောင်ရူးချင်သွားတယ်၊ သူ့ရဲ့နောက်ဆုံးဆိုလိုချက်ကတော့ အင်္ဂလန်ကို မပြန်နဲ့တော့တဲ့၊ ဒီမှာပဲ ကျောင်းထိုင်ဆရာတော်ကြီး ပြန်လုပ်ဖို့ တိုက်တွန်းနေတယ်"

ဟု ပြန်၍ပြောပြလေ၏။ ထိုအခါ ဆရာကြီး စနေမောင်မောင်က. . .

"အဲဒါတွေကို ကောင်စစ်ဝန်ကြီးက ယုံသလား"

ဟု မေးလေ၏။ ထိုအခါ ကောင်စစ်ဝန်က. . .

"ကျုပ်ယုံတာ မယုံတာက အရေးမကြီးဘူး၊ သူက အဲဒီအတိုင်း ယုံနေလေတော့ ကျုပ်အနေနဲ့ ဒီကနေ ပြန်သွားဖို့ မလွယ်တော့ဘူးဗျ၊ ခင်ဗျားတို့သုံးယောက်အကြောင်းလည်း ပြောသေးတယ်၊ ခင်ဗျားတို့ဟာ လူကောင်းတွေ မဟုတ်ဘူးတဲ့. . . လူဆိုးတွေတဲ့၊ သူများပိုင်တဲ့ ရှေးဟောင်းကျမ်းစာအုပ်နှစ်အုပ်ကို ဦးပြီးထွက်ပြေးလာတဲ့လူတွေတဲ့၊ ကျမ်းစာအုပ်ပိုင်ရှင်တွေက ကမ္ဘာအနှံ့ ပြေးလွှဲနေပြီး ရှာလိမ့်မယ်တဲ့၊ တွေ့တာနဲ့ သတ်ပစ်လိမ့်မယ်တဲ့၊ ခေါင်းဆောင်လုပ်

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်လေ၏။ နောက်တစ်နေ့ညနေတွင် ဆရာတော်ကြီးသည် စနေမောင်မောင်အား သီးခြားခေါ်၍တွေ့လေ၏။ ဆရာကြီးစနေမောင်မောင် ပြန်လာသောအခါ ကျွန်ုပ်က...

"ဆရာကြီး ဘာများထူးသလဲ"

ဟု မေးရာ ဆရာကြီးစနေမောင်မောင်က...

"ထူးပြီလားဗျာ... ဆရာတော်ကြီးဆီက ပညာတွေ အများကြီး ရခဲ့တယ်ဗျ။ ဆရာတော်ကြီးက ကျုပ်ကို မြင်မြင်ချင်း သနားတယ်တဲ့၊ သူများပိုင်တဲ့ ရတနာတွေ ထားတဲ့မြေပုံကို ခိုးပြီး ကြီးပွားချမ်းသာအောင် မလုပ်နဲ့တဲ့၊ ကိုယ်ကိုယ်တိုင် ရတနာတွေ လုပ်တတ်အောင် ကြိုးစား၊

လို့ ပြောပြီး ကျုပ်ကို ဘုရားပျက်လိုလို၊ ဂူပျက်ဟောင်းကြီး လိုလိုထဲကို ခေါ်သွားပြီး အဂ္ဂိရတ်အကြောင်းတွေ ပြောပြတယ်၊ ပြီးတော့ အဲဒီဂူပျက်ကြီးထဲမှာပဲ အဂ္ဂိရတ် ထိုးတဲ့ဖို နှိုတယ်ဗျ၊ သူ ကိုယ်တိုင် ဖိုထိုးတယ်၊ အဖိုးမတန်တဲ့ သတ္တုတစ်ခုကို ရွှေဖြစ်အောင် ကျုပ်ရှေ့မှာတင် ထိုးပြတာဗျ၊ ပြီးတော့ သူက ပြောသေးတယ်၊ ဒီ အတတ်ဟာ ထူးထူးဆန်းဆန်းတော့ မဟုတ်ပါဘူးတဲ့၊ သတ္တုတွေကို ပုံပြောင်းပစ်တဲ့အတတ်ပါပဲတဲ့၊ အဲဒီတော့ သတ္တုအကြောင်းတွေ

တဲ့ခင်ဗျားဟာ စနေ့ဂြိုလ်တဲ့၊ ခင်ဗျားတပည့် တရုတ်နဲ့ တူတဲ့လူဟာ မူးယစ်ဆေးဝါး သုံးစွဲတဲ့လူတဲ့၊ နောက်တစ်ယောက်ကတော့ ခင်ဗျားတို့ ယုံကြည်ပြီး လိုက်လာတာတဲ့၊ သူကတော့ ကြောက်တတ်တယ်တဲ့၊ ကံကောင်းတဲ့ စကားတစ်ခွန်းကတော့ ခင်ဗျားတို့သုံးယောက် စလုံး သူများလုပ်ကြံလို့ မသေပါဘူးတဲ့၊ လက်မတင်ကလေး လွတ်, လွတ်သွားမှာပါတဲ့၊ နောက်နောင်ကိုတော့ ဒီလိုဆိုးသွမ်းတဲ့အလုပ်မျိုး မလုပ်ဖို့ လိုတယ်တဲ့၊ ခင်ဗျားတို့ကို ရှာရင်းနဲ့ပဲ ရှာတဲ့လူတွေ လူစုကွဲပြီး အဖွဲ့ကြီး ပျက်သွားလိမ့်မယ်တဲ့၊ ခင်ဗျားတို့လည်း ကျွမ်းစာအုပ်ထဲက မြေပုံအတိုင်း ရတနာတွေကို ရှာတဲ့နေရာမှာ ရတနာတွေ မရဘဲ အချည်းအနှီး ဖြစ်သွားလိမ့်မယ်တဲ့"

ဟု ပြောလေ၏။ ဆရာကြီးစနေမောင်မောင်သည် ထို အကြောင်းကို ကျွန်ုပ်အား ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ရတနာတွေ မရလို့ မချမ်းသာရင် နေပါစေ ဆရာကြီးရယ်၊ မသေရင်ဘဲ..."

ဟု ပြောလိုက်ရာ ဆရာကြီး စနေမောင်မောင်က...

"ဒီလိုအသက်စွန့်ပြီး စွန့်စားတာ ရတနာတွေ ရချင်လို့ မဟုတ်လား၊ ရတနာတွေ မရတော့ဘူးဆိုရင် ကျုပ်တို့ရှုံးပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com

နားလည်ရမယ်တဲ့၊ ပြီးတော့ သတ္တုတွေကို ပုံပြောင်းနိုင်တဲ့ သဘာဝ ပစ္စည်းတွေအကြောင်းလည်း နားလည်ရမယ်တဲ့၊ ဆရာတော်ကြီးက အသေးစိတ် လမ်းညွှန်တာပါပဲ၊ ကျုပ်ကို စိတ်တွေအကြောင်း ရှင်းပြတယ်၊ အဲဒီလို စိတ်တွေအကြောင်း ရှင်းပြတဲ့နေရာမှာ နာမ်ခါတ်တိုးပါးနဲ့ ရုပ်ခါတ်ကိုးပါးကို ခွဲပြီးရှင်းပြတယ်ဗျ၊ ခါတ်ကစားခြင်းရဲ့ လှိုင်ဝှက်ချက်တွေကိုလည်း နှိုက်နှိုက်ချွတ်ချွတ် ရှင်းပြတယ်. . .

ပြီးတော့မှ ဘုရားဆင်းတုတော်တစ်ဆူရှေ့ ခေါ်သွားပြီး 'သူများပစ္စည်းကို ဘယ်တော့မှ မခိုးတော့ပါဘူး' ဆိုတဲ့အကြောင်း သစ္စာပြုခဲ့ရတယ်၊ ပြန်ကာနီးမှ ကျုပ်ရဲ့ညာဘက်လက်ကို ဆွဲပြီး ဘုကလံလမ်းကြောင်းနဲ့ အသက်လမ်းကြောင်း ဆက်သွယ်နေတဲ့ လမ်းကြောင်းကလေးကို ထောက်ပြပြီး ဒီလမ်းကြောင်းကလေးဟာ အမေကိုယ်တိုင်က ပေးခဲ့တဲ့အမွေတောင် မရနိုင်ဘူးတဲ့၊ ရတနာ ပစ္စည်းတွေ အချောင်ရဖို့တော့ မစဉ်းစားနဲ့တဲ့၊ မင်းတို့သုံးယောက် စလုံးမှာ အဲဒီလမ်းကြောင်း ပါနေတဲ့ တစ်ယောက်မှ ရမှာမဟုတ်ဘူးတဲ့၊ ဖြစ်နိုင်ရင် ခါတ်ပညာကို သေသေချာချာ စီစဉ်ဆည်းပူးပြီး ခါတ်ကစားပါတဲ့၊ အဲဒီလမ်းပွင့်သွားရင် လိုသလောက် ရမယ်တဲ့၊ အဲဒီလိုလည်း ပြောလိုက်သေးတယ်ဗျ"

ဟု ရှင်းပြလေ၏။ ကျွန်ုပ်နှင့်ဘွန်ဟောင်းလည်း ရန်သူလက်ချက်ဖြင့် မသေရဘူးဟု သိရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

"အဲဒါတွေ ထားလိုက်ပါတော့ ဆရာကြီးရယ်၊ ကျွန်တော်တို့ သုံးယောက်က ဒီကနေ ဘယ်တော့ ပြန်ရမှာတုန်း"

ဟု မေးလိုက်ရာ ဆရာကြီး စနေမောင်မောင်က. . .

"ဆရာတော်က ကျုပ်တို့ကို အလိုမရှိပါဘူးဗျ. . . ပြန်လွှတ်မှာပါ၊ ဒါပေမယ့် ပြန်မယ့်လမ်းကတော့ မလွယ်လှဘူးဗျို့၊ တောင်အထပ်ထပ် တောအသွယ်သွယ်ကို ခြေလျင်သွားရမှာ၊ ဆရာတော်ကြီးရဲ့ဥည့်ခန်းက မြေပုံကို ကြည့်လိုက်တော့ ယူနန်နယ်က တောတွေ တောင်တွေကို ဖြတ်ရမှာဗျ"

ဟု ပြောလေ၏။ ထိုအခါ ဘွန်ဟောင်းက. . .

"ဆရာတော်ကြီးရဲ့ဥည့်ခန်းဝမှာ ချိတ်ထားတဲ့ မျက်လုံးပြူးပြူး တောင်ဒေးကြီးကို ကိုင်ပြီးလျှောက်နေတဲ့ ဝတ်ရုံနက်ပုံကြီးဟာ ဘယ်သူ့ပုံလဲ"

ဟု မေးလိုက်၏။ စနေမောင်မောင်က. . .

"ကျုပ်လည်း အဲဒီပုံကြီးကို စိတ်ဝင်စားလို့ မေးမိတယ်ဗျ၊

www.burmeseclassic.com

www.burmeseclassic.com

နီပေါဘုရင်တစ်ပါးရဲ့တတိယမြောက် သားတော်တဲ့၊ ရဟန်းပြုပြီး သူ့ဆရာရဲ့စေခိုင်းချက်ကြောင့် တရုတ်ပြည်ထဲမှာ သာသနာသွားပြုတာတဲ့၊ သူတို့အခေါ် 'ပိုးတီတာမော' လို့ ခေါ်တယ်၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ ပုဂ္ဂိုလ်ထူးကြီးတဲ့၊ ကျုပ်လည်း အဲဒီပုဂ္ဂိုလ်ကြီးအကြောင်းကို တစ်စွန်းတစ်စ ကြားဖူးတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးဟာ ဒီကျောင်းတော်ကြီးမှာ တည်းသွားသေးတယ်တဲ့၊ ဒါကြောင့် အမှတ်တရ သူ့ပုံကို ချိတ်ထားတာတဲ့၊ တရုတ်ပြည် ရောက်တော့လည်း တရုတ်ပြည်မှာ အလွန်နာမည်ကြီးတဲ့ ရှောင်လင်ကျောင်းတော်ကြီးမှာ ဆရာတော်ကြီး သွားပြီးဖြစ်နေသေးတယ်တဲ့၊ သူတို့အသံထွက်နှင့် 'ပိုးတီတာမော' ခေါ်တာဟ၊ ကျုပ်တို့ မြန်မာလိုဆိုရင် 'ဗောဓိဓမ္မ' ဆရာတော်ကြီးပေါ့ဟျာ"

ဟု ပြည့်စုံစွာ ရှင်းပြလိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၄)

ဥုမဂ္ဂဓိပဒ်မေပဟုံ

လားမားဆရာတော်ကြီးသည် မကြာမကြာ ဆရာကြီးစနေမောင်မောင်အား ခေါ်၍တွေ့လေ့ရှိ။ ထို့ကြောင့် ကျွန်ုပ်က...

"ဆရာကြီးကို ဆရာတော်က မကြာမကြာ ခေါ်ပြီးတွေ့တယ်၊ ဘာအကြောင်းတွေ ပြောတာလဲ"

ဟု မေးလေ့ရှိ။ ထိုအခါ ဆရာကြီး စနေမောင်မောင်က...

www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်နဲ့ တွေ့တဲ့အခါတိုင်း ရှင်းပြနေတာကတော့ အဂ္ဂိရတ်ပညာတွေပဲဗျ၊ ဆရာကြီးရဲ့စေတနာကတော့ ဟိုအဖွဲ့. ဒီအဖွဲ့က ရတနာတွေကို မရရတဲ့နည်းနဲ့ လျှောက်ပြီးယူနေတဲ့လုပ်ငန်းကို ရပ်တန်းက ရပ်ပြီး ရှေ့တပင်ဖြစ်တဲ့ အဂ္ဂိရတ်နည်းကို လိုက်စားစေချင်တဲ့သဘောပဲ၊ ကျုပ်ရှေ့တွင်ပဲ သူဟာ ပြဒါးကို ရွှေဖြစ်အောင် ထိုးပြဖူးတယ်၊ ဒုံဿေမယ့် နည်းကိုတော့ တည့်မပြောဘူးဗျ။ အဲဒါကလည်း စောင့်စည်းရမယ့် စည်းကမ်းတွေ ရှိထယ်နဲ့ တူပါရဲ့၊ သွယ်ဝိုက်တဲ့နည်းနဲ့တော့ ရှင်းပြနေတာပါပဲ၊ ကျုပ်နားလည်တာကတော့ နန္ဒင်းနဲ့ သတ်ထားတဲ့ ပြဒါးကို နွားနို့နဲ့ သန့်ထားတဲ့ ကန့်ရယ်၊ ဆားရယ် အချိုးကျ တလှည့်စီ ကစားရင်း ပြဒါးဟာ ရွှေဖြစ်သွားတယ်လို့ပဲ နားလည်လိုက်တယ်၊ အဲဒါကိုတော့ ကိုယ့်နေရာရောက်မှ လုပ်ကြည့်ရမှာပဲဗျ၊ အခြေခံကတော့ ဆန်း ပြဒါးနဲ့ ကန့်ကို ကစားတာပါပဲဗျ၊ ရွှေဖြစ်ငွေဖြစ်ဟာ ကျုပ်တို့အဖို့ အရမ်းခက်နေတာ၊ သူ့အဖို့တော့ ကစားသလို ဖြစ်နေတယ်၊ ကျုပ်အနေနဲ့ တတ်သိနားလည်သွားတာကတော့ အဲဒါပါပဲ၊ အဲဒါကို ဆန်းကြည့်လို့ ဖြစ်ပြီဆိုရင်တော့ ဘယ်ရတနာသိုက်မြေပုံမှ ရှာစရာ မလိုတော့ဘူး၊ အလှူအိမ်မှာ ဟင်းချက်တဲ့ မိုးပြဒယ်ကြီးနဲ့အပြည့် ပြဒါးတွေ ထည့်ပြီး ရွှေဖြစ်အောင်

လုပ်လိုက်ရုံပါပဲ၊ နောက်တစ်ခုကတော့ ခြုံကင်းကနေ ဗီရိုကြီးတွေ စားပွဲတွေ ဆက်တီတွေမှာ ထားတဲ့ အဲဒီက အဲဒီပစ္စည်းတွေ လာပို့တဲ့သူတွေ ရောက်လာလိမ့်မယ်တဲ့၊ အဲဒီလူတွေ ပြန်တဲ့အခါမှာ ကျုပ်တို့ကိုလည်း ထည့်ပြီးလွှတ်လိုက်မယ်သဘော ရှိတယ်၊ ကျုပ်တို့က အဲဒီလူတွေနဲ့ ခြုံကင်းအထိ မလိုက်ပဲ လိကျန်းဆိုတဲ့ မြို့ဟောင်းအထိ လိုက်ပြီး အဲဒီမြို့ဟောင်းကနေမှ 'ဒါလီ' တို့၊ 'ကော[illegible]' တို့ ဆိုတဲ့မြို့တွေကိုဖြတ်၊ တောင်စူးစူးကို ဆင်းသွားရင် ကျုပ်တို့ အမြဲနိုင်းတော် ပြန်ရောက်ပြီတဲ့၊ အဲဒီလိုလည်း ပြောတယ်ဗျ၊ ကျုပ်တို့ကိုသာ ပြန်လွှတ်မှာနော်၊ ဗြိတိသျှ ကောင်စစ်ဝန်ကိုတော့ ပြန်လွှတ်မယ့်ပုံ မပေါ်ဘူး၊ သူ့ကိုတော့ ဒီမှာပဲ လားမားဆရာတော်ကြီး ဖြစ်အောင် လုပ်လိမ့်မယ် ထင်တယ်၊ တစ်ခုတော့ ရှိတယ်ဗျို့၊ ကျုပ်တို့ကို ရေနွေးကြမ်း လာပြီးတိုက်တဲ့ ထွင်းမားဆိုတဲ့ မွန်ဂိုမလေးနဲ့ ကောင်စစ်ဝန်နဲ့ ကလည်း ခပ်ခဲ့ခဲ့ ဖြစ်နေပြီဗျ၊ အဲဒီကောင်မလေးရဲ့အကူအညီနဲ့ ကောင်စစ်ဝန်ဟာ သူ့ရဲ့ထွက်ပေါက် ရှာနိုင်လိမ့်မယ်လို့တော့ မျှော်လင့်ရတာ၊ ဒါတွေထားလိုက်ပါဗျာ၊ အဲဒီကိစ္စက ကျုပ်တို့နဲ့ သိပ်မဆိုင်လှပါဘူး၊ ကျုပ်တို့က ဒီနေ့ ကိုယ့်အိမ်ကိုယ် အမြန်ဆုံးပြန်ရောက်ဖို့ရယ်၊ ပြန်ရောက်တာနဲ့ ဆရာတော်ကြီး လေးလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com

အတိုင်း ကန့်နဲ့ဆားကို အသုံးပြုပြီး ပြဒါးကနေ ရွှေဖြစ်အောင် လုပ်တဲ့နည်းကို ကြိုးစားကြည့်ဖို့ပါပဲ"

ဟု အားရပါးရ ပြောလေ၏။

"ကျန်တာတွေ ဆရာတော်ကြီး ဘာပြောသေးလဲ ဆရာကြီးရဲ့"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆရာကြီး စနေမောင်မောင်က

"ကျန်တာတွေကတော့ လောကီပညာအကြောင်းတွေပါပဲဗျာ၊ ခင်ဗျားအလွယ်ဆုံး နားလည်အောင် ပြောရရင်တော့ ကျုပ်တစ်သက်လုံး လိုက်စားခဲ့တဲ့ ဂမ္ဘီရပညာရဲ့သော့ချက်တွေလည်း ဆရာတော်ကြီးဆီက ရတယ်ဗျို့၊ နောက်တစ်ခု ထူးဆန်းတာကတော့ ဟိုအဖွဲ့ကနေ ကျုပ်အနေနဲ့ မတရား ယူလာတဲ့ စာအုပ်ကြီးနှစ်အုပ် ကျုပ်မှာ ရှိတယ်ဆိုတာကို ဆရာတော်ကြီးက အတပ်သိတယ်ဗျို့၊ အဲဒါကြောင့် အဲဒီစာအုပ်နှစ်အုပ်ကို ကိုယ်နဲ့ မထားနဲ့တဲ့၊ အန္တရာယ် များတယ်တဲ့၊ သူ့ကို လှူခဲ့တဲ့၊ အဲဒီလိုလည်း မိန့်တော်မူစာယ်ဗျ"

ဟု ပြောလေ၏။

"အဲဒီတော့ ဆရာကြီး ဘယ်လိုစဉ်းစားသလဲ"

ဟု ကျွန်ုပ်က မေးလိုက်ရာ ဆရာကြီးစနေမောင်မောင်က

"အဲဒီစာအုပ်ကြီးနှစ်အုပ်ဟာ ကျုပ်တစ်ယောက်တည်း ကြိုးပမ်းချက်မှ မဟုတ်ဘဲဗျာ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ကြိုးပမ်းမှုလည်း ပါတာပဲ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့သဘောတူညီမှု မရဘဲ ကျုပ်တစ်ယောက်တည်း သဘောထားနဲ့ ဘယ်လိုဆုံးဖြတ်မလဲဗျာ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ဆန္ဒကိုလည်း မေးရဦးမှာပါပဲဗျာ"

ဟု ပြောလိုက်ရာ ကျွန်ုပ်ရော ဘွန်ဟောင်းကပါ. . .

"အဲဒီစာအုပ်ကြီးနှစ်အုပ်ဟာ အတော်ကို အန္တရာယ်များပါတယ်၊ အဲဒါကြောင့် ဆရာတော်ကြီးကို လှူခဲ့မယ်ဆိုရင်လည်း သဘောတူပါတယ်ဗျာ"

ဟု ပြိုင်တူပြောကြလေ၏။ ထိုအခါ ဆရာကြီး စနေမောင်မောင်သည် သူ၏အိတ်ထဲတွင် ဝှက်ထားသော စာအုပ်ကြီးနှစ်အုပ်ကို သွား၍ယူလေ၏။ ထိုသို့ သွားယူသော်လည်း ကျွန်ုပ်တို့နှစ်ဦးထံ ပြန်လာသောအခါ စာအုပ်ကြီးနှစ်အုပ် ပြန်ပါမလာပေ။ ထို့နောက် ဆရာကြီးစနေမောင်မောင်က. . .

"ဆန်းတယ်ဗျို့. . . စာအုပ်ကြီးနှစ်အုပ် မရှိတော့ဘူး. . . ပျောက်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က...

"ဘယ်လိုလုပ်မလဲ ဆရာကြီး"

ဟု မေးလိုက်ရာ ဆရာကြီးစနေမောင်မောင်က...

"ကျုပ်တို့ဟာ လှုမယ်လို့ ဆုံးဖြတ်ပြီးပြီပဲဗျာ၊ အခုလို ပျောက်သွားတဲ့အကြောင်းကိုတော့ ဆရာတော်ကြီးကို တက်ပြီး လျှောက်မယ်ဗျာ"

ဟု ဆိုကာ ကျွန်ုပ်တို့နှစ်ဦးကိုပါ ခေါ်၍ ညကြီးသန်းခေါင် ဆရာတော်ကြီးအဆောင်သို့ သွားကာ ဆရာတော်ကြီးနှင့် တွေ့ဆုံရလေ၏။ ဆရာတော်ကြီးနှင့် တွေ့ဆုံသောအခါ၌...

"ဟိုစာအုပ်ကြီးနှစ်အုပ် တပည့်တော်တို့သုံးယောက် ကြိုးပမ်းခဲ့တာပါပဲ၊ ဆရာတော်ကြီးကို လှုမယ်လို့ သုံးယောက် သဘောတူတဲ့အခါမှာ စာအုပ်ကြီးနှစ်အုပ်ကို ထားတဲ့နေရာမှာ သွားပြီးကြည့်တော့ ပျောက်နေပြီဘုရား"

ဟု ပြောလိုက်ရာ ဆရာတော်ကြီးက ပြုံးတော်မူလေ၏။ ထိုသို့ပြုံးပြီးနောက်...

"မင်းတို့နဲ့အတူ အထဲမှာ ကုန်သည်ဆိုတဲ့အကောင် တစ်ကောင် ပါလာတယ် မဟုတ်လား၊ အဲဒီကောင် ခိုးသွားတာ၊ အဲဒီ

ကောင်ဟာ လူလည်၊ မင်းတို့ စာအုပ်ကြီးနှစ်အုပ် ခိုးလာတယ်ဆိုတာကို သူရိပ်မိတယ်၊ ဒါကြောင့် သူက တစ်ဆင့်ထပ်ပြီးခိုးသွားတာ၊ ငါတို့ မှာထားတဲ့ ပရိဘောဂ ပို့တဲ့လူတွေဟာ ဟိုတောင်ပေါ် ရောက်နေကြပြီ၊ အဲဒီလူတွေက ဒီတောင်အောက်ကို ဆင်းဖို့ ကြိုးတွေ ဆိုင်းပြီး တွယ်ဆင်းရမှာ၊ သူတို့ဆီ ရောက်ဖို့လည်း ကြိုးတွေ ဆိုင်းပြီး တွယ်တက်ရမှာ၊ အဲဒီကုန်သည် လူလည်ဟာ မနေ့က နေ့လည်မှာ ပရိဘောဂ ပို့တဲ့သူတွေနဲ့ သွားပြီးဆက်သွယ်တယ်၊ အဲဒီလူတွေအပြန်မှာ လိုက်ဖို့ပေါ့ကွာ၊ ပြီးတော့ စာအုပ်ကြီးနှစ်အုပ်ကို ပိုက်ပြီး လက်တစ်ဖက်က ကြိုးကို တွယ်ပြီး တောင်ပေါ်ကို မနေ့ညနေက တွယ်ပြီးတက်ခဲ့တယ်ကွ၊ ကြိုးပြတ်ပြီး ဒီတောင်ပေါ် ကျပြီး သေသွားတယ်၊ စာအုပ်ကြီးနှစ်အုပ်လည်း တောင်အောက်ကြားထဲမှ ရေကန်ထဲ ကျသွားတယ်၊ စာရွက်တွေ တစ်ရွက်စီ ပြုတ်ထွက်ပြီး စာတွေ ရေစိုကုန်လို့ ဘာမှ ဖတ်လို့မရတော့ဘူး၊ ဟောဟို စားပွဲမှာ တင်ထားတယ်"

ဟု ဆိုသဖြင့် ကျွန်ုပ်တို့လည်း သွားရောက်ကြည့်ရှုရာ စုတ်ပြတ်ကြေမွ၍ ဖတ်၍မရနိုင်အောင် ပျက်စီးနေသော စာအုပ်ကြီးကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ကို ခေါ်လာကတည်းက ဒီလူဟာ လူလိမ်လူကောက်မှန်း ရိပ်မိလို့ ငါတပည့် ဘုန်းကြီးတက်ဖို့ စောင့်နေတဲ့ 'လောရှမ်' (ထီးဆောင်းထားသောပုဂ္ဂိုလ်ကို ဆိုလိုဟန်ရှိ၏။) မျက်ခြေမပြတ် စောင့်ကြည့်ခဲ့တာကွ"

ဟု ရှင်းပြတော်မူလေ၏။ ထိုအခါ ဆရာကြီးစနေမောင်မောင်က. . .

"အဲဒါတော့ တပည့်တော်တို့လည်း မတတ်နိုင်တော့ဘူး၊ တပည့်တော်တို့ကတော့ ဆရာတော့်ကို လှူမယ်လို့ ဆုံးဖြတ်ပြီးသားပါ။ ဒါကြောင့် လှူပြီးပြီလို့ သဘောထားပြီး သာဓုခေါ်တော်မူပါဘုရား"

ဟု ပြောလိုက်ရာ ဆရာတော်ကြီးက ရှည်လျားစွာ ကောင်းချီးသြဘာပေးလေ၏။ ထို့နောက် ငွေဖြင့် ပြုလုပ်ထားသော စုပ်နှင့်မှင်ခွက်ကို ယူကာ ကျွန်ုပ်တို့၏လက်မောင်းအသီးသီးတွင် ထိုးထားသော မြေလျှိုးမိုးပျံအဖွဲ့၏တံဆိပ်အတုကို အုပ်၍ထိုးပေးလိုက်လေ၏။ ထိုသို့ထိုးသောအခါ ထိုနေရာ၌ အနာဖေးများ တက်လာပြီး ထိုအနာဖေးများကို ခွာလိုက်သောအခါ တံဆိပ်များ လုံးဝပျောက်ကွယ်၍ အသားပကတိအတိုင်း ဖြစ်သွားလေတော့၏။

"မင်းတို့လက်မောင်းက တံဆိပ်တွေဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းတို့အတွက် သေမင်းဖြစ်ချင်ဖြစ်နေမှာ၊ ဒါကြောင့် ဖျက်ပေးလိုက်တာ"

ဟု မိန့်တော်မူလေ၏။ ထို့နောက် အခြားသောလက်မောင်းတွင် ဆေးမှင်အနက်ဖြင့် တိဝက်စာတမ်းတစ်ခု ထိုးပေးလေ၏။ ထိုစာတမ်းမှာ အောက်ပါအတိုင်း ဖြစ်လေတော့သတည်း။

Om! ma-ni pad-me Hum!

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၁၅]

လက်ရာညံ့တစ်ပြင်တာညီး

နောက်တစ်နေ့တွင် ဆရာတော်ကြီး၏ခွင့်ပြုချက်ဖြင့် ကျွန်ုပ်တို့သုံးဦးနှင့်တကွ သာသနာပြုဆရာမပါ ပြန်ခွင့်ရလေတော့၏။ ကောင်စစ်ဝန်ကိုမူ ဆရာတော်ကြီးက ပြန်ခွင့်မပြုပေ၊ ကျွန်ုပ်တို့ လေးဦးသည် တောင်ပေါ်သို့ ကြိုးဖြင့် ခက်ခဲစွာ တွယ်၍တက်ရသည်။ သာသနာပြုဆရာမသည် ချောမောစွာ တက်နိုင်သော်လည်း ဘွန်

www.burmeseclassic.com

www.burmeseclassic.com

ဟောင်းမှာမူ သူ၏ကိုယ်ကို သူ၏လက်မောင်းမှ မသယ်နိုင်သဖြင့် ကျွန်ုပ်နှင့် ဆရာကြီးစနေမောင်မောင်က ခက်ခဲစွာ ဆွဲ၍တင်ခဲ့ရလေ၏။ တောင်ပေါ်သို့ ရောက်သောအခါ၌ ပရိဘောဂ လာပို့သောသူများက. . .

"ကျုပ်တို့ ပို့ရမယ့် ပရိဘောဂတွေ မနေ့က ကြိုးနဲ့ တောင်ပေါ်ကို ပို့ပေးပြီးပြီ၊ ဆရာတော်ကလည်း ပေးရမယ့်ငွေကို အပြည့် ပေးလိုက်ပြီးပြီ၊ ကျုပ်တို့ ပြန်ရုံပဲ ရှိတော့တယ်၊ ခင်ဗျားတို့ လိုက်ခဲ့ကြပေတော့"

ဟု ဆိုကာ ခေါ်၍သွားလေ၏။ လမ်းတွင် ထမင်းစားရန် အတွက် ၎င်းတို့တွင် ပါသောအိုးခွက်များဖြင့် ဆရာကြီးစနေမောင်မောင်က မငြိမငြင် ချက်ပြုတ်ကျွေးမွေးလေ၏။ ကျွန်ုပ်တို့သည် ယူနန်ဒေသရှိ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ခြေကျင် လျှောက်ခဲ့ကြရ၏။

ဆရာကြီးစနေမောင်မောင် ထမင်းဟင်းချက်သောအခါ ကျွန်ုပ်နှင့် ဘွန်ဟောင်းအပါအဝင် ကျန်လူများက မျှစ်များ၊ မို့များ ချိုးပေးခြင်း၊ ဝါးကျည်တောက်များဖြင့် တောင်အောက် စမ်းချောင်း အတွင်းမှ ရေများ ခပ်ပေးခြင်း၊ ထင်းရှာပေးခြင်းများ ပြုလုပ်ကြလေ

၏။

တိဗက်ရွာသို့ ရောက်သောအခါ ကျွန်ုပ်တို့သည် ဟင်းစား ရလိုရငြား ရှာဖွေရာ အခြောက်လှမ်းထားသော နွားနောက်သား များ ရခဲ့လေ၏။ ထိုရွာသို့အရောက်တွင် ကျွန်ုပ်တို့ အံ့သြရသည်မှာ ဆရာတော်၏ကျောင်းတွင် ကျွန်ုပ်တို့အား ရေနွေးကြမ်း တိုက်ခဲ့သော ထွင်းမာဆိုသည့် မွန်ဂိုမလေးသည် သူလည်း ကျွန်ုပ်တို့နှင့် လိုက်မည်ဟု ပြောလေတော့၏။ ထို့ကြောင့် ဆရာကြီးစနေမောင်မောင်က. . .

"မင်းက ဒီကို ဘယ်လိုလုပ် ရောက်နေတာလဲ"

ဟု မေးရာ ထွင်းမာက. . .

"ပရိဘောဂ ပို့တဲ့လူတွေနဲ့ လိုက်မယ်လို့ စဉ်းစားပြီး ဒီရွာကနေ ကြိုပြီးစောင့်နေတာ"

ဟု ပြောလေ၏။ ထိုအခါ ဆရာကြီးစနေမောင်မောင်က

"မင်းရဲ့ရည်ရွယ်ချက်ကို ပြောပြပါဦး"

ဟု မေးရာ ထွင်းမာက. . .

"ကျွန်မက ဗြိတိသျှကောင်စစ်ဝန်နဲ့ ယူမှာလေ၊ တရုတ်ပြည်မှာ ဝင်ပြီး သူ့ကို စောင့်နေမယ်၊ သူလည်း တနည်းနည်းနဲ့ ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com

မှာပဲ"

ဟု နိုးသားစွာ အဖြေပေးလေ၏။ ထို့ကြောင့် ကျွန်ုပ်တို့လည်း ထွင်းမာကို ခေါ်ကာ ခရီးဆက်၍ထွက်ခဲ့ကြလေ၏။ ဆရာကြီး စနေမောင်မောင်သည် မျှစ်များ၊ မို့များ၊ နွားနောက်သားခြောက်များဖြင့် (၁၂)မျိုးဟင်းချို ချက်ကာ ကျွန်ုပ်တို့လူစုအား တိုက်လေ၏။ လွန်စွာမှ အရသာရှိလှ၏။ ထွင်းမာ၌ တီးနေကျ ဗျက်စောင်းလေး ပါလာသည်ဖြစ်ရာ တစ်လမ်းလုံး ပင်ပန်းလာသော ကျွန်ုပ်တို့အား ဗျက်စောင်းဖြင့် ဖျော်ဖြေလေ၏။ တစ်နေရာသို့ ရောက်သောအခါ၌ ထမင်းစားကြရာတွင် ထမင်းထည့်စားရာ ဖက်မလုံလောက်သောကြောင့် လွန်စွာကြီးမားသော ကျွန်းရွက်ကြီး တစ်ရွက်ကို ခူးကာ ထိုကျွန်းရွက်ကြီးထဲတွင် ထမင်းမှုး၊ ဟင်းများ ပုံကာ တစ်ဦးနှင့်တစ်ဦး မရွံ့နိုင်တော့ပဲ လက်ရည်တပြင်တည်း နှိုက်၍စားကြရလေ၏။ ထိုအချိန်၌ ထွင်းမာသည် ထမင်းမစားသေးဘဲ လေဘာတီမမြရင် သီဆိုသော လက်ရည်တပြင်တည်း သီချင်းကို ဗျက်စောင်းဖြင့် တီးနေလေတော့၏။ ထို့ကြောင့်...

"ရှေးကထက် ပိုပြီးချစ်ကြတယ်"

ဆိုသောအပိုဒ်ကို ရောက်သောအခါ၌ ဆရာကြီးစနေ

မောင်မောင်၊ ဘွန်ဟောင်းနှင့်ကျွန်ုပ်သည် ဝင်၍ဆိုကြလေ၏။ ထိုအခြင်းအရာကို မသိသော ပရိဘောဂသမားများသည် မျက်လုံးပြူး၍ကြည့်နေကြလေ၏။ ထို့ကြောင့် ဆရာကြီး စနေမောင်မောင်က ထွင်းမာအား ငုံးတို့အား တရုတ်စကားဖြင့် ရှင်းပြရန် ပြောလိုက်သဖြင့် ထွင်းမာလည်း ယူနန်စကားဖြင့် ရှင်းပြလိုက်ရာ ထိုသူတို့လည်း အဓိပ္ပါယ် နားလည်သွားပြီဖြစ်သဖြင့် ဝိုင်းဝန်းရယ်မောကြလေတော့၏။

အတော်အတန် ခရီးရောက်သောအခါ၌ ကျွန်ုပ်တို့ သယ်လာသော နွားနောက်သားခြောက်များသည် ကုန်၍သွားလေတော့၏။ နွားနောက်သားခြောက်များသာ ကုန်၍သွားသည်မဟုတ်၊ ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်အားလုံး တက်တက်ပြောင်သွားပြီဖြစ်၏။ သို့ရာတွင် တောင်တစ်ခုကို ဖြတ်သောအခါ၌ လမ်းကို စောင့်သော လမ်းစောင့်အလုပ်သမားတဲကို တွေ့သဖြင့် ဝင်ရောက်စုံစမ်းရာ တောင်အောက်ရှိ ရွာသို့ လိုက်၍ပို့လေ၏။ ထိုရွာမှ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်နှင့်တကွ ဝက်သားခြောက်များပါ ဝယ်ယူရရှိလေ၏။

ပို၍အဆင်ပြေသွားသည်မှာ ထိုရွာမှာ လက်ဖက်ခြောက်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်း ရသောကြောင့် လွန်စွာမောဟိုက်သောအခါ၌ နား ပြီးလျှင် ရေနွေးကြမ်း တည်၍သောက်ခွင့် ရကြလေတော့၏။ ရေနွေးကြမ်း သောက်သောအခါ၌ ပရိဘောဂသမားများသည် ကျွန်ုပ် ရေနွေးကြမ်း သောက်သည်ကို ကြည့်ကာ. . .

"ဒီလူ ရေနွေးကြမ်း သောက်တာ တခြားလူနဲ့ မတူဘူး၊ အတော့်ကို အရသာရှိရှိ သောက်နေပုံရတယ်"

ဟု ပြောသောစကားကို ထွင်းမာက စကားပြန် လုပ်ပေး သဖြင့် ကြားသိခွင့်ရလေတော့၏။

"ကျုပ်က ရေနွေးကြမ်းသောက်နည်းကို ရှမ်ဂရီလာက ကိုရင်ကြီး(ထီးဆောင်းသည့်ပုဂ္ဂိုလ်)ဆီမှာ သင်ခဲ့တာ"

ဟု ပြန်၍ပြောလိုက်လေ၏။ ထိုစကားကိုလည်း ၎င်းတို့ အား ယူနန်စကားဖြင့် ပြန်၍ပြောပြ၏။ ထိုအခါ ၎င်းတို့က. . .

"သူတို့ကိုလည်း ပြန်ပြီးသင်ပေးပါဦး"

ဟု ဆိုသဖြင့် ကျွန်ုပ်က. . .

"ရေနွေးကြမ်း သောက်တဲ့အခါ တခါတည်း မော့မချရဘူး၊ ပါးစပ်ကလေးနဲ့ စုပ်ယူပြီး တဲ့ပြီးတဲ့ သောက်ရတယ်၊ သောက်ပြီး တာနဲ့ ရေနွေးကြမ်း တိုက်တဲ့လူကို ကျေးဇူးတင်ပါတယ်လို့ စိတ်ထဲ

က တစ်ခေါက်ရွတ်ရမယ်၊ နောက်တဲ့ သောက်ပြီးတာနဲ့ ရေနွေး ကြမ်းမှာ ခပ်ဖို့ လက်ဖက်ခြောက် ရအောင် လက်ဖက်ပင် စိုက်ခဲ့တဲ့ လူတွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ စိတ်ထဲကနေ ပြောရင်း တတိယတဲ့ကို သောက်ပြီးတဲ့အခါမှာတော့ အခုလို အေးအေး ချမ်းချမ်း ရေနွေးကြမ်း သောက်ခွင့်ရတဲ့အတွက် လောကကြီးတစ်ခု လုံးကို ကျေးဇူးတင်ပါတယ်ဟု တစ်ခေါက်ဆိုရမယ်"

ဟု ကျွန်ုပ်က သင်ပြပေးလေ၏။ ကျွန်ုပ်စကားများကို ထွင်းမာ စကားပြန် လုပ်ပေး၍ ပြောပေး၏။ ထိုအခါ ပရိဘောဂ သမားများသည် ကျေးဇူးတင်သဖြင့် ကျွန်ုပ်အား ဦးညွတ်ကာ အရိုအသေ ပေးကုန်ကြ၏။ ထိုနောက်တွင်ကား ရေနွေးကြမ်း သောက် သည့်အခါတိုင်း ထိုနည်းအတိုင်း သောက်ကြကုန်၏။

ထိုသို့ သောက်သည့်အခါတိုင်း၌လည်း ကျွန်ုပ်ကို ပြု၍ ပြုကြကုန်၏။ ရိက္ခာများ ရလာသည့်အခါ၌ ဆရာကြီးစနေမောင် မောင်သည် ကျွန်ုပ်တို့တစ်ဖွဲ့လုံးအား ဝက်သားခြောက်များဖြင့် ချိုချဉ်ကြော်၊ တောက်တောက်ကြော်များ လုပ်၍ကျွေးလေ၏။ ဘွန် ဟောင်းသည် ဆရာကြီးစနေမောင်မောင် ချက်ကျွေးသော အစား အသောက်များကို စားရင်း. . .

www.burmeseclassic.com

www.burmeseclassic.com

"ဆရာကြီးရယ် . . . အလကားနေရင်း အသက်စွန့်ပြီး ရတနာမြေပုံ ရှာရတယ်လို့၊ ဒီလက်ရာမျိုးနဲ့ ခေါက်ဆွဲဆိုင် ဖွင့်ရင် တောင် လက်ဖျားမှာ ရွှေသီးနေပါပြီ၊ ဒါတွေကို ချက်တတ်အောင် ဘယ်မှာ သင်ထားသလဲဗျာ"

ဟု မေးလေ၏။ ထိုအခါ ဆရာကြီး စနေမောင်မောင်က. .

"ကျုပ်ရဲ့ပထမဆရာကတော့ သတ်သတ်လွတ် တရုတ် ဘုန်းကြီးကျောင်းမှာ ထမင်းချက်တဲ့လူဗျ၊ ဒုတိယကတော့ 'အကျောက်' လို့ ခေါ်တဲ့ ကျုပ်မိတ်ဆွေ ခေါက်ဆွဲဆိုင်ပိုင်ရှင်ပဲဗျ၊ သူက ပြည်ကြီးပေါက်အစစ်ဗျ၊ မြန်မာပြည် ရောက်တော့ ချောက်မြို့မှာ မြန်မာအမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး အဲဒီမှာ ခေါက်ဆွဲဆိုင်ကြီးတစ်ဆိုင် ဖွင့်တော့တာပဲ ဂျုပ်နဲ့ အလွန်ခင်တယ်ဗျ၊ ကျုပ်က သူ့ဆီက သင်ယူထားတာ၊ အရေးကြုံရင် အခုလို ချက်နိုင် အောင်ပေါ့ဗျာ"

ဟု စိတ်ရှည်လက်ရှည် ရှင်းပြလိုက်လေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၆)

အာသက်တစ်ထောင်ကျော်ရှည်တဲ့မိန်းကလေး

ကျွန်ုပ်တို့သည် တရွေ့ရွေ့နှင့် လာခဲ့ကြရာ တရုတ်ပြည်၏ နာမည်ကြီးသော 'လီဂျန်း' ဆိုသောမြို့သို့ ရောက်ခဲ့ကြ၏။ ထိုမြို့၏ ထူးခြားချက်မှာ မြို့ဟောင်းနှင့်မြို့သစ် တစ်ဝက်စီ ဖြစ်၏။ မြို့ဟောင်းမှာ မူလအတိုင်း ထားရ၏။ ပြင်ဆင်ခြင်း မပြုရပေ၊ ပြင်ရုန် လိုအပ်သောနေရာများတွင် အဟောင်းအတိုင်း ပြင်ရ၏။ မြို့ဟောင်း၏ အိမ်တိုင်းလိုလိုသည် စေ့းဆိုင်များ ဖြစ်ကြကုန်၏။ အဝတ်အထည်

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်များ၊ စားသောက်ဆိုင်များ၊ အမွေးနုံသာ ရောင်းသောဆိုင်များ ရှိ၏။

မြို့ကြီးတစ်ခုလုံးတွင် လွန်စွာသန့်ပြန့်သော မြောင်းကြီး တစ်ခုမှ ရေများ စီးနေ၏။ ထိုသို့ ရေသန့်များ စီးရန်အတွက် မြို့အဝင်တွင် ရေရဟတ်ကြီးများ ပြုလုပ်ထား၏။ ထိုမြို့ဟောင်းတွင် ဘုရင်၏နန်းတော်ဟောင်းလည်း ရှိ၏။ ထိုမြို့ဟောင်းသို့ ရောက်သောအခါ၌ စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်၍ ခေါက်ဆွဲများ စားကြလေ၏။

ထိုသို့စားသောက်နေရင်း ဘွန်ဟောင်း၏ဝမ်းပိုက်သည် မခံမရပ်နိုင်အောင် အောင့်သည်ဟု ဆိုသဖြင့် ဆေးရုံကို မေးမြန်း၍ ပို့ရလေ၏။ ဆေးရုံသို့ ရောက်သောအခါ ကျွမ်းကျင်သော တရုတ်ဆရာဝန်များက ကြည့်ရှုစစ်ဆေးပြီးလျှင် အူအတက်ပေါက်ခြင်း မဟုတ်ကြောင်း၊ ဝမ်းချုပ်၍ဖြစ်ကြောင်း သိရသောကြောင့် ဘွန်ဟောင်းအား ဝမ်းချူပေးလိုက်မည်ဆိုလျှင် လုံးဝမအောင့်တော့ဘဲ သက်သာသွားလေတော့၏။ ထိုဆေးရုံတွင် တာဝန်ကျနေသော တရုတ်ဆရာဝန်လေးတစ်ဦးက ဆရာကြီးစနေမောင်မောင် အနီးသို့ ကပ်ကာ အင်္ဂလိပ်ဘာသာစကားဖြင့်...

"ဟိုမိန်းကလေးက ခင်ဗျားတို့နဲ့ ဘယ်လိုပတ်သက်သလဲ" ဟု မေးလိုက်လေ၏။ ထိုအခါ ဆရာကြီး စနေမောင်မောင်က...

"ပတ်သက်တာတော့ မဟုတ်ပါဘူး... ခရီးသွားဖော်ပါ။ ရှမ်းဂရီလာက အတူလာခဲ့ကြတာပါ။ ဘာဖြစ်လို့လဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ ထိုဆရာဝန်ကလေးက...

"လူတွေရဲ့ခြေမျက်စိအောက်မှာ ရှိတဲ့ အစင်းကြောင်းလေးတွေကို ကြည့်ပြီး အသက်ဘယ်လောက်ရှိပြီလဲဆိုတာ တွက်ချက်တဲ့နည်းကို ဆေးကျောင်းမှာ နေတုန်းက ကျွန်တော့်ကို သင်ပြပေးဖူးတယ်၊ ကျွန်တော်လည်း တွေ့တဲ့လူတိုင်းကို တွက်ကြည့်ဖူးတယ်၊ အနီးစပ်ဆုံး မှန်တာကို တွေ့ရတယ်၊ အဲဒီမိန်းကလေးရဲ့ခြေမျက်စိအောက်က အစင်းကြောင်းတွေကို ကြည့်ပြီး ကျွန်တော်တတ်တဲ့ပညာနဲ့ တွက်ကြည့်တဲ့အခါမှာ အုံသြစရာ ဖြစ်နေတယ်၊ ဘာကြောင့်လဲဆိုတော့ အသက်တစ်ထောင်ကျော်နေပြီ"

ဟု ထူးဆန်းသောစကားကို ပြောလေသည်။

"အသက်တစ်ထောင် ကျော်မကျော်တော့ မသိဘူး၊ သူကတော့ အခုထက်ထိ အိမ်ထောင်မကျသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ ထိုဆရာဝန်ကလေးက ရယ်လေ၏။ ဆရာကြီးစနေမောင်မောင်နှင့် ကျွန်ုပ်တို့သည် ကျန်လူများနှင့် လမ်းခွဲ၍ တောင်ဘက်စူးစူးသို့ ခရီးထွက်ခဲ့ကြလေ၏။ ထိုသို့ထွက်ခဲ့ကြရာ လွန်စွာလေတိုက်အားကောင်းသော 'ဒါလီ' မြို့ကို ဖြတ်ရလေ၏။

ထိုမှတဖန် မြို့နှင့် မလိုက်အောင် စားသောက်ဆိုင်များ ပေါများလှသော 'ကောင်းစံ' မြို့ကိုပါ ဖြတ်ရလေ၏။ ထိုသို့ဖြတ်ပြီးလျှင် တရွေ့ရွေ့ လာခဲ့ရာ အမိနိုင်ငံ၏မြောက်ပိုင်းသို့ ဝင်မိလေတော့၏။ ထိုအခါ ဘွန်ဟောင်းက. . .

"ကိုယ့်အမေအိမ် ကိုယ်ပြန်ရောက်ပြီ၊ ဘာမှစိတ်ပူစရာ မလိုတော့ဘူး"

ဟု ပြောလေ၏။ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်ခဲ့ပြီးလျှင် ကျောက်မြောင်းစျေးအနီးရှိ ဆရာကြီးစနေမောင်မောင်၏အိမ်သို့ သွားကြလေ၏။

ဆရာကြီးစနေမောင်မောင်သည် အိမ်သို့ ရောက်လျှင် ကျွန်ုပ်အား ပရဆေးဆိုင်သို့ လွှတ်၍ ပြဒါး၊ ကန့်၊ ဆား စသည်တို့ကို ဝယ်ခိုင်းလေ၏။ ပြီးလျှင် ဖိုရုံသို့ သွားကာ ဖိုဆွဲလေတော့၏။ လေး

နာရီခန့် ခွေးတဒီးဒီးဖြင့် ဖိုထိုးနေလေတော့၏။ ထို့နောက် ကျွန်ုပ်အား လှမ်း၍ခေါ်ပြီးလျှင်. . .

"ကိုအောင်ထွန်း. . . လုံကို ငုံကြည့်စမ်း"

ဟု ပြောသဖြင့် ကျွန်ုပ်လည်း ငုံကြည့်ရာ ရွှေရောင်ဝင်း၍ အရည်လည်နေသော ပြဒါးကို တွေ့ရလေ၏။

ထိုကြောင့် ကျွန်ုပ်က "ရွှေ. . ရွှေ" ဟု အလန့်တကြား အော်လိုက်လေ၏။ ထိုအခါ မီးကင်ထားသော သံခွက်အတွင်းသို့ ရေနံဆီထည့်ကာ ထိုလုံကို သွန်းချလိုက်လျှင် သံခွက်အတိုင်း ရွှေချောင်းလေးတစ်ချောင်း ရလေတော့၏။ အအေးခံပြီးလျှင် ဆယ်ယူကာ သက္ကလပ်စဖြင့် ပွတ်၍. . .

"မဂိုလမ်းကိုသွား. . . ဦးခင်စိုးဆိုတဲ့ရွှေဆိုင်မှာ သွားပြီး ရောင်းချေ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း ဘတ်စ်ကားဖြင့် ထိုရွှေဆိုင်သို့ သွားရလေ၏။ ထိုဆိုင်မှ ရွှေဝယ်သူများသည် ကျွန်ုပ်ယူလာသော ရွှေတောင့်ကို မှတ်ထိုးကြည့်၏။ ထို့နောက် လောင်မီးစားကြည့်၍ ပြီးလျှင် ငင်းတို့က. . .

"အတော် အရည်အသွေးကောင်းတာပဲ. . . ပဲ(၂၀)ရည်

www.burmeseclassic.com

www.burmeseclassic.com

လောက် ရှိတယ်၊ အခေါက်စေ့းနဲ့ ယူလိုက်မယ်”

ဟု ဆိုကာ ချိန်ခွင်တွင် ထည့်၍ ချိန်ရာ တစ်ကျပ်သားတိတိ ရှိနေကြောင်း တွေ့ရလေ၏။ ထို့ကြောင့် ကျွန်ုပ်အား ထိုခေတ်က ငွေစေ့းအတိုင်း ငွေနှစ်ရာကျော် ရှင်းပေးလိုက်လေ၏။

ကျွန်ုပ်လည်း ပန်းသေးခေါက်ဆွဲထုပ်များ ဝယ်ကာ လန်ချားငှား၍ ဆရာကြီး စနေမောင်မောင်အိမ်သို့ ပြန်ခဲ့လေ၏။ ဆရာကြီးက ကျွန်ုပ်ကို တွေ့လျှင်. . .

“နေရာကျခဲ့ရဲ့လား”

ဟု လှမ်း၍မေးလိုက်လေ၏။ ကျွန်ုပ်က. . .

“ဆရာကြီးပစ္စည်းက ပုရိုက်ခေါက်အစစ်ပဲ၊ အလေးချိန် တစ်ကျပ်ရှိတယ်၊ အရည်အသွေးက ပဲ(၂၀)ရည်ရှိတယ်”

ဟု ပြောလိုက်လျှင် ဆရာကြီးက. . .

“ဝက္ကာအားရော ဂနအားရော ကောင်းပေတာကိုး. . . ကိုအောင်ထွန်းတို့ ဘွန်ဟောင်းတို့ရေ. . ငါတို့ချမ်းသာပြီဟေ့”

ဟု ပြောလိုက်ချိန်၌မှာပင် ဖိုရုံ၏ပြတင်းပေါက်များမှ ကျွန်ုပ်တို့အား သေနတ်များဖြင့် ချိန်ရွယ်ထားသော ခေါင်းစွပ်ရှည်ရှည်မဲမဲကြီးများ ဆောင်းထားသော လူနှစ်ယောက်ကို တွေ့ရလေ၏။ ထိုလူ

ငါးယောက်အနက် တစ်ယောက်သောသူက အင်္ဂလိပ်စကားဖြင့် “လက်မြှောက်ထားရန်၊ အသံမထွက်ရန်” အမိန့်ပေးလေ၏။

ကျွန်ုပ်နှင့် ဆရာကြီး စနေမောင်မောင် လက်မြှောက်လိုက်ကြလေ၏။ သို့ရာတွင် ဘွန်ဟောင်းမှာမူ လက်မမြှောက်ဘဲ ပန်းသေးခေါက်ဆွဲထုပ်ကို ဖြည်၍စားနေလေ၏။

“မမြှောက်နိုင်ဘူးကွာ. . . ပန်းသေးခေါက်ဆွဲကို စားရဦးမယ်”

ဟု ပြောလိုက်ချိန်၌ ကျွန်ုပ်တို့အား ကြိုးများဖြင့် လာရောက် တုပ်နှောင်ပြီးလျှင် အလုံပိတ် ကားကြီးတစ်စီးကို နောက်ဆုတ် မောင်းလာပြီး ထိုကားပေါ်သို့ တင်၍ မျက်စိကို အဝတ်စည်းကာ မောင်းနှင်၍သွားလေတော့၏။

မည်သည့်နေရာသို့ မောင်းသွားသည်ဟု ခန့်မှန်း၍မဖြစ်နိုင် သော်လည်း ထောက်ကြန့်ဘက်သို့ မောင်းသွားကြောင်းကိုမူ ကျွန်ုပ်တို့သုံးဦးစလုံး ရိပ်မိကြလေ၏။ ထိုကားသည် ထောက်ကြန့်အနီးရှိ ရော်ဘာတောကြီးအတွင်းသို့ ဝင်ပြီးလျှင် အိမ်မြင့်မြင့်မဲမဲကြီး၏ အနောက်ဘက်တွင် သွား၍ရပ်လေ၏။

ထို့နောက် အိမ်နောက်ဖက်သို့ ဆွဲ၍သွင်းကြ၏။ ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com

ဦးစီးခေါင်းဆောင်လုပ်သူဟု ယူဆရသူက...

"ဒီလူတွေရဲ့လက်မောင်းမှာ ငါတို့အဖွဲ့ဝင်တံဆိပ်တွေ ဆေးမှင်နဲ့ ထိုးထားတာ ရှိလိမ့်မယ်ကွ၊ အဲဒါ ရှာကြည့်ကြ"

ဟု အမိန့်ပေးလိုက်လေ၏။ ၎င်း၏လူများလည်း လက်မောင်းကို လှန်၍ ထိုတံဆိပ်ကို ကြည့်ကြလေ၏။ ကျွန်ုပ်တို့၏လက်မောင်းတွင် ထိုးနှံထားသော မြေလျိုးမိုးပျံတံဆိပ်မှာ လားမားဆရာတော်ကြီး၏ကျေးဇူးကြောင့် လက်မောင်းပေါ်တွင် ပျောက်ကွယ်နေပြီဖြစ်၏။ ငယ်သားလုပ်သူများက အကြီးအကဲ လုပ်သူအား...

"အဲဒီတံဆိပ် မရှိဘူး"

ဟု ပြန်၍ဖြေကြလေ၏။ ထိုအခါ အကြီးအကဲလုပ်သူက

"ဆေးမှင်က ဖျက်လို့ရတဲ့ထုံးစံ မရှိဘူးကွ၊ အဲဒီလူတွေ ဆိုတာလဲ သေချာသလောက်ပဲ၊ လက်မောင်းမှာ ထိုးထားတဲ့ သက်သေခံပစ္စည်းကလည်း ပျောက်နေတယ်၊ ဘယ်လိုစဉ်းစားရမှန်းတောင် မသိဘူး"

ဟု ဆိုကာ အကြီးအကဲလုပ်သူသည် အခြားသော လက်မောင်းတစ်ဖက်ကို လှန်၍ကြည့်ရာ လားမားဆရာတော်ကြီး ထိုးပေးလိုက်သော...

"ဥုံမကိုပဒ်မေဟုန်"

ဆိုသည့်စာတန်းကို တွေ့ရသဖြင့်...

"ဒါဟာ ဂါထာပဲ၊ တိဝက်လူမျိုးတွေ ရွတ်လေ့ရှိတဲ့ဂါထာ၊ အဲဒီတော့ ဘယ်လိုလုပ်ကြမတုန်း"

ဟု စိတ်အိုက်သော အမူအယာဖြင့် ပြောလိုက်လေ၏။

ထိုအခါ တစ်ယောက်သောသူက...

"ကျွန်ုပ်တို့ အလိုရှိတဲ့လူ မဟုတ်ဘူးဆိုရင်တော့ အမြန်ဆုံး ပြန်လွှတ်ရမှာ၊ မဟုတ်ရင် ကျွန်ုပ်တို့အတွက် အန္တရာယ်တွေ ကျလာလိမ့်မယ်"

ဟု ဆိုသဖြင့် အကြီးအကဲလုပ်သူသည် ကျွန်ုပ်တို့အား အနည်းငယ်မျှ စစ်ဆေးလေ၏။ ကျွန်ုပ်တို့သုံးဦးကလည်း 'ဘူး' ခံ၍ ငြင်းဆိုကြလေ၏။ ထိုအခါ အကြီးအကဲလုပ်သူသည် ကျွန်ုပ်တို့သုံးဦးအား တောင်းပန်ပြီးလျှင် အိမ်တိုင်ရာရောက် ပြန်၍ပို့လိုက်ကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ဆဆန်း[၁၇]

စနေမောင်မောင်ပြောသော ကျီးသာသော နိမိတ်အသေးစိတ်

ဆရာကြီးစနေမောင်မောင်သည် ပြဒါးများကို ဝယ်၍ ကန့်၊ ဆားတို့ဖြင့် ခါတ်ကစားရာ ရွှေများစွာ ရလေ၏။ ထိုအခါ ၎င်းက "ကိုအောင်ထွန်းနှင့် ဘွန်ဟောင်းတို့ရေ. . . ရွှေသွားတွက်တော့ အမြောက်အများ ရနေပြီ၊ ဒီမှာ ကုန်အောင် ရောင်းလို့မရ

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ အိန္ဒိယမှာဆိုရင်တော့ အိန္ဒိယက စော်ဘွားတွေက ရွှေအမြောက်အများ ဝယ်လေ့ရှိတယ်၊ အဲဒီကို သွားပြီးရောင်းရမှာပဲ"

ဟု ပြောလျှင် ဘွန်ဟောင်းက. . .

"အရင်သွားသလို သင်္ဘောနဲ့ပဲ သွားမှာလား"

ဟု မေးလေ၏။ ထိုအခါ ဆရာကြီးစနေမောင်မောင်က. .

"အဲဒီလမ်းက မသွားဘူး၊ မုံရွာကို သွားပြီး မုံရွာကနေ အိန္ဒိယပြည်မြောက်ပိုင်းကို ဖြတ်ပြီးဝင်မယ်၊ ပထမဦးဆုံး သွားပြီးရောင်းမှာကတော့ ကျုပ်တို့ တည်းခဲ့တဲ့ အာဂျန်တာရှေ့က ဟိုတယ်ပိုင်ရှင် စော်ဘွားကြီးဆီကို သွားပြီးရောင်းရမယ်၊ သူကနေမှ တခြားစော်ဘွားတွေဆီကို ဆက်ပြီးသွားရမယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က. . .

"မြေလျှိုးမိုးပျံတွေနဲ့ တွေ့ရင် ကျွန်တော်တို့ ခက်မယ်နော်"

ဟု ပြောမိလေ၏။

"အဲဒီအတွက် မပူပါနဲ့ဗျ၊ အဲဒီဝတိတွေ အဲဒီနားမှာ မရှိတော့ပါဘူး၊ ဆုံစည်းပွဲ လုပ်ခါနီးမှာ အဲဒီလိုဏ်ဂူကို စခန်းထောက်အဖြစ် အသုံးပြုပြီး လူစစ်တာပါဗျာ၊ အဲဒီပွဲမှ မရှိတော့ဘဲ၊ သူတို့ကို တွေ့ချင်လို့တောင် တွေ့ရမှာ မဟုတ်ဘူး"

ဟု ပြန်၍ပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့သုံးယောက်သည် ရွှေများကို သယ်ပိုး၍ မုံရွာဖက်မှ ဖြတ်ကာ အိန္ဒိယပြည်သို့ ဝင်ကြလေ၏။ အတွင်းသို့ ရောက်သောအခါ၌ အာဂျန်တာလိုဏ်ဂူရှေ့ရှိ ယခင်က တည်းခဲ့ဖူးသော ဟိုတယ်ဆီသို့ သွားရောက်ကြလေ၏။ ဟိုတယ်သို့ ရောက်သောအခါ အေးချမ်းစွာ တည်းနေကြလေ၏။

ထိုအချိန်၌ ဟိုတယ်ပြတင်းပေါက်နှင့် ကပ်လျက် သစ်ပင်ပေါ်တွင် ကျီးကန်းတစ်ကောင်သည် တအားအားနှင့် လာ၍အော်နေလေ၏။

ထို့ကြောင့် ကျွန်ုပ်က. . .

"ဆရာကြီးရေ. . . ရွှေကျီးလေးကတော့ သာနေတယ်၊ လာဘ်တွေ ဝင်တော့မယ်ထင်တယ်"

ဟု ပြောလိုက်ရာ ဆရာကြီးစနေမောင်မောင်က. . .

"ဒီမှာ ကိုအောင်ထွန်း၊ ကျီးသာတဲ့နိမိတ်ကို အရမ်းကောက်လို့မရဘူးဗျ၊ ကျီးသာနိမိတ် ကောက်မယ်ဆိုရင် ကျီးငါးမျိုးကို အရင်သိထားရမယ်၊ ပထမ သိရမယ့်အမျိုးဟာ ငြဟ္မဏာ အမျိုးတဲ့၊ ငြဟ္မဏာမျိုးက အရောင်အဆင်း အလွန်နက်တယ်ဗျ၊ ဇလုပ်လည်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးတယ်ဗျ၊ နှုတ်သီးကလည်း ရှည်ရှည်တုတ်တုတ်ဗျ၊ သူအော်တဲ့ အသံကလည်း အသံနက်ကြီးဗျ၊ အဲဒီကျီးမျိုး သာရင်တော့ အကျိုး အပြစ်က ချက်ချင်းပေးတယ်ဗျ၊ ဒုတိယ တစ်မျိုးက ခတ္တိယမျိုးဗျ၊ အရောင်က ငြဟ္မဏလို အနက်စစ်စစ် မဟုတ်ဘူး၊ အနက်နဲ့အညို ရောထားတဲ့အရောင်ဗျ၊ ခန္ဓာကိုယ်တော့ ကြီးတယ်၊ မျက်လုံးက ခပ်ပြာပြာ ရှိတယ်၊ အဲဒီကျီးမျိုး သာရင်တော့ အကျိုးအပြစ်ဟာ သုံးရက်အတွင်း ပေးတတ်တယ်၊ တတိယအမျိုးကတော့ ဗေဿ အမျိုးတဲ့၊ အရောင်က မနက်ဘူးဗျ၊ မီးခိုးရောင် ဖြစ်နေတတ်တယ်၊ မျက်လုံးကလည်း အဖြူအပြာ ရောနှောနေတတ်တယ်၊ အဲဒီကျီးမျိုး သာရင်တော့ အကျိုးအပြစ်ဟာ ခုနစ်ရက်အတွင်း ပေးတတ်တယ်ဗျ၊ စတုတ္ထအမျိုးကတော့ သုဒ္ဒြအမျိုးလို့ ခေါ်တယ်၊ ကိုယ်ခန္ဓာက သေးတယ်ဗျ၊ အသံကလည်း ကြောင်တယ်ဗျ၊ တစ်ကောင်တည်း အော်နေတာကို အများကြီး အော်နေတယ်လို့ ထင်အောင် ကြားရတတ်တယ်၊ ပြီးတော့ ကျီးထဲမှာ ပြာလောင်အခတ်ဆုံး ကျီးပဲဗျ၊ အရောင်ကလည်း မွဲခြောက်ခြောက်ဗျာ၊ အဲဒီကျီးမျိုး သာရင်တော့ အကျိုးအပြစ်ဟာ ဆယ်ရက်အတွင်း ပေးတတ်တယ်ဗျ၊ ပဥ္စမအမျိုးကတော့ ဇာတ်နိမ့်တဲ့ကျီးမျိုးတွေပေါ့ဗျာ၊ ခန္ဓာကိုယ်က အချိုးအဆစ်

မကျဘူးဗျ၊ ခြေသည်းတွေက မောက်ပြီးကြီးတယ်ဗျာ၊ အသံမြည်တာလဲ နှေးတယ်ဗျာ၊ ပျံတဲ့အခါလည်း နှေးတယ်ဗျာ၊ လည်ပင်းကလည်း ခပ်သေးသေးပဲဗျ၊ အဲဒီကျီးရဲ့ခန္ဓာကိုယ်နဲ့ နှုတ်သီးတွေဟာ အလွန်သေးတယ်ဗျ၊ အဲဒီကျီးမျိုး သာရင်တော့ ဆယ့်ငါးရက် အတွင်း အကျိုးအပြစ် ပေးတတ်တယ်ဗျ၊ ပြီးတော့ ကျီးသာတာဟာ အရှေ့အရပ်က သာတာလား၊ အနောက်အရပ်က သာတာလား ကြည့်ရဦးမယ်ဗျ၊ အဲဒါနဲ့လည်း မပြီးသေးဘူး၊ သာတဲ့အခြိန်ကိုလဲ ထည့်ပြီးစဉ်းစားရသေးတယ်၊ အရှေ့အရပ်ကနေ အရုဏ်တက်မှာ သာရင် ရန်သူကင်းပြီး အကြံအစည် အောင်တတ်တယ်၊ မနက်ခြောက်နာရီကနေ မနက်ကိုးနာရီအတွင်း သာရင်တော့ ဆုံးရှုံးထားတဲ့ငွေတွေ ပြန်ပြီးရတတ်တယ်၊ မိတ်ဆွေကောင်း တွေ့တတ်တယ်၊ ရည်ရွယ်ချက်လည်း အောင်မြင်တတ်တယ်၊ မနက်ကိုးနာရီကနေ မွန်းတည့် ဆယ်နှစ်နာရီအတွင်း သာရင်တော့ သူခိုးခိုးခံရတတ်တယ်ဗျ၊ ရပ်ဝေးဧည့်သည် အိမ်ကို ရောက်လာတတ်တယ်၊ ဘေးရန် ကြောင့် စိုးရိမ်သောက ရောက်ရတတ်တယ်၊ မွန်းတည့် ဆယ့်နှစ်နာရီကနေ ညနေသုံးနာရီအတွင်း သာရင်တော့ ရန်သူကို အောင်မြင်တတ်တယ်၊ အလုပ်ကြီး အကိုင်ကြီး ရတတ်တယ်၊ မင်းအစိုးရ

www.burmeseclassic.com

www.burmeseclassic.com

အပိုင်းကလူ ရောက်လာတတ်တယ်၊ အဲဒီအချိန်မှာပဲ ကျီးသာတာဟာ နားခံပြင်းစရာ ဖြစ်ရင်တော့ သူခိုး,ခိုးခံရတတ်တယ်၊ မိုးရွာတတ်တယ်ဗျ၊ ညနေသုံးနာရီကနေ ညနေခြောက်နာရီအတွင်း မြည်ရင်တော့ ရောဂါဝေဒနာ ရတတ်တယ်၊ မင်းပူဇော်ခံရတတ်တယ်၊ ဘေးအန္တရာယ်များတတ်တယ်၊ ငွေဝင်လာတတ်တယ်၊ ပြီးတော့ အနောက်အရပ်က ကျီးသာရင် အာရုံတက်မှာ သာရင် အိမ်ထောင်ရှိသူများ လင်မယား စကားများတတ်၏၊ မနက်ခြောက်နာရီက မနက်ကိုးနာရီအတွင်း ကျီးသာရင်တော့ သူတော်ကောင်းပုဂ္ဂိုလ် အိမ်ကို ရောက်လာတတ်တယ်၊ မိုးလည်း ရွာတတ်တယ်။

မနက်ကိုးနာရီကနေ မွန်းတည့်ဆယ့်နှစ်နာရီအတွင်း ကျီးသာရင်တော့ မီးဘေးကြုံရတတ်တယ်၊ မိန်းမတစ်ယောက် အိမ်ကို ရောက်လာတတ်တယ်၊ မင်းဘေးသင့်တတ်တယ်၊ မွန်းတည့် ဆယ့်နှစ်နာရီကနေ ညနေသုံးနာရီအတွင်း သာရင်တော့ ခရီးဝေး သွားရတတ်တယ်၊ ကွဲကွာနေတဲ့မိတ်ဆွေ ရောက်လာတတ်တယ်၊ ဆုံးရှုံးထားတဲ့ပစ္စည်းတွေ၊ ငွေတွေ ပြန်ပြီးဝင်လာတတ်တယ်၊ ညနေသုံးနာရီကနေ နေဝင်ချိန်အတွင်း သာရင်တော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ် အိမ်ကို ရောက်လာတတ်တယ်၊ ငွေတွေလည်း ဝင်တတ်

တယ်၊ တောင်အရပ် ကျီးသာရင် အာရုံတက်မှာ သာရင်တော့ သေဘေးတောင် တွေ့တတ်တယ်၊ ရောဂါဝေဒနာတွေ ရတတ်တယ်၊ နံနက်ခြောက်နာရီကနေ မနက်ကိုးနာရီအတွင်း ကျီးသာရင်တော့ ကွဲကွာနေသော မိတ်ဆွေနှင့် ပြန်ပြီးတွေ့တတ်တယ်၊ ချစ်သူခင်သူ ရတတ်တယ်၊ မနက်ကိုးနာရီကနေ မွန်းတည့်ချိန်အတွင်း ကျီးသာရင်တော့ မိုးရွာတတ်တယ်၊ ဘေးအန္တရာယ်အမျိုးမျိုး ရောက်လာတတ်တယ်၊ မိတ်ဆွေဟောင်းနဲ့ ဆုံစည်းတတ်တယ်၊ မွန်းတည့်ချိန်ကနေ ညနေသုံးနာရီအတွင်း ကျီးသာရင်တော့ ကျန်းမာရေး ညံ့တတ်တယ်၊ အလုပ်အကိုင် တိုးတက်ကြီးပွားတတ်တယ်၊ ညနေသုံးနာရီကနေ နေဝင်ချိန်အတွင်း ကျီးသာရင်တော့ အိမ်ကို သူတော်ကောင်း ရောက်လာတတ်တယ်၊ အသက်အန္တရာယ် ပေးလောက်တဲ့ ရောဂါမျိုး ရတတ်တယ်၊ သူခိုး,ခိုးခံရတတ်တယ်၊ မြောက်အရပ် ကျီးသာရင်တော့ အာရုံတက်မှာ သာရင် အဆိပ်ရှိတဲ့ သတ္တဝါ တွေ့တတ်တယ်၊ ဆုံးရှုံးထားတဲ့ငွေတွေ၊ ပစ္စည်းတွေ ပြန်ရတတ်တယ်၊ မနက်ခြောက်နာရီကနေ ကိုးနာရီအတွင်း သာရင်တော့ ရပ်ဝေးက ချည့်သည်ရောက်လာတတ်တယ်၊ အစိုးရပြဿနာက အကူအညီ ပေးတတ်တယ်၊ မနက်ကိုးနာရီမှ မွန်းတည့်ချိန်အတွင်း

www.burmeseclassic.com

www.burmeseclassic.com

ကျီးသာရင်တော့ ငွေများ ဝင်လာတတ်တယ်၊ မိမိတွေ့ဆုံလိုတဲ့ ဖိတ်ဆွေဟောင်းနဲ့ ပြန်ပြီးတွေ့တတ်တယ်၊ နေ့လည်(၁၂)နာရီမှ ညနေသုံးနာရီအတွင်း ကျီးသာရင်တော့ သတင်းကောင်း ကြားရတတ်တယ်၊ စားကောင်းသောက်ဖွယ်တွေ ရောက်လာတတ်တယ်၊ အိမ်ကို ကုန်သည်တစ်ယောက် ရောက်လာတတ်တယ်၊ ညနေသုံးနာရီမှ ညနေ နေဝင်ချိန်အတွင်း သာရင်တော့ ခရီးသွားရတတ်တယ်၊ ရပ်ဝေးက ဧည့်သည်ရောက်လာတတ်တယ်၊ အိမ်မှာ လူမမာ ရှိရင်တော့ ဆုံးပါးတတ်တယ်၊ လက်ဆောင်လည်း ရတတ်တယ်၊ အဲဒီလို ပြည့်စုံအောင် နားလည်မှ နိမိတ်ကောက်လို့ မှန်တယ်ဗျ၊ ခင်ဗျားအခုကြားနေရတဲ့ ကျီးအာသံဟာ တောင်စူးစူးကဗျ၊ ကိုးနာရီကနေ (၁၂)နာရီတွင်း သာတဲ့ကျီးဗျ၊ ဘေးအန္တရာယ် ရောက်လာလိမ့်မယ်ဗျို့၊ သာတဲ့ကျီးကိုလည်း ကြည့်လိုက်ဦး၊ အရောင်အသွေးက နက်မှောင်နေတာပဲ၊ ဇလုတ်ကလည်း ကြီးတယ်ဗျ၊ ပြဟ္မဏမျိုး ကျီးဗျ၊ အကျီးအပြစ်က ချက်ချင်းပေးတတ်တယ်၊ သတိလည်း ထားပြီး နေဦးနော်"

ဟု မှာကြားချိန်မှာပင် ခေါင်းစွပ်အမဲကြီးများ စွပ်ထားသော ကြောက်မက်ဖွယ်ရာ လူငါးဦးသည် အခန်းအတွင်းသို့ ဝင်လာကာ

ကျွန်ုပ်တို့သုံးဦးအား သေနတ်ဖြင့် ချိန်ရွယ်ကာ ဖမ်းဆီး၍ ကြိုးများ တုပ်ယိုက်ကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

လူဝင်စား ပြိတ်သျှကောင်စစ်ဝန်နှင့် ပြန်လည်တွေ့ဆုံခြင်း

ကျွန်ုပ်တို့သုံးဦးအား ခေါင်းစွပ်အမဲကြီး စွပ်ထားသော လူငါးဦးမှ ဖမ်းသွားလျှင် ဖမ်းသွားချင်း ထိုဟိုတယ်တွင် အလုပ်,လုပ်သော လက်ရှိမီး ဆိုသည့် ဂေါ်ရခါးမလေးက ဟိုတယ်ပိုင်ရှင် စော်ဘွားကြီးအား အကြောင်းကြားလိုက်လေ၏။ ဟိုတယ်ပိုင်ရှင် စော်ဘွားကြီးသည် စစ်ရဲတပ်ရင်းသို့ တိုင်တန်းအကြောင်းကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com

လေသည်။ စစ်ရဲတပ်ရင်းသည် ကျွန်ုပ်တို့အား ဖမ်းဆီးထားသော အာဂျန်တာ လိုဏ်ဂူအတွင်းသို့ လက်နက်အပြည့်အစုံဖြင့် ကျွန်ုပ်တို့အား ဝင်ရောက်ကယ်ဆယ်ပြီးလျှင် ခေါင်းစွပ်အမဲ စွပ်ထားသော လူငါးဦးအား ဖမ်းဆီး၍ စစ်ရဲတပ်အချုပ်သို့ ပို့လိုက်လေ၏။

ဆရာကြီးစနေမောင်မောင်သည် ထိုစော်ဘွားကြီးအား ရွှေများ ရောင်းချပြီးလျှင် ထိုစော်ဘွားကြီး၏လမ်းညွှန်မှုဖြင့် နီပေါနိုင်ငံ ခတ္တမန္တုမြို့ စော်ဘွားကြီးတစ်ဦးထံတွင် ကျန်သောရွှေများကို သွားရောက် ရောင်းချခဲ့လေ၏။ ထိုသို့ရောင်းချပြီးလျှင် ကုန်းလမ်းအတိုင်း ဖြတ်ကျော်၍ ပြဟ္မပုတ္တရမြစ်ဘက်သို့ သွားကြလေ၏။ ထိုမြစ်၏ တစ်နေရာတွင် တောင်ပေါ်ပင်လယ်ဟု တင်စားခေါ်ဝေါ်ကြသော ဆာဒိယ ရေအိုင်ကြီးသို့ ရောက်ကြလေ၏။ ထိုရေအိုင်ကြီးအား ဖြတ်ကျော်ရန်အတွက် ကူးတို့သင်္ဘောတစ်စီးကို စီးကြလေ၏။ ကူးတို့သင်္ဘောပေါ်တွင် ငြိတိသျှကောင်စစ်ဝန်ကို မမျှော်လင့်ဘဲ တွေ့ရလေ၏။ ထို့ကြောင့် ဆရာကြီးစနေမောင်မောင်က. . .

"ခင်ဗျားကို တရုတ်ပြည်ထဲကနေ စောင့်နေတဲ့ မွန်ဂိုမလေးနဲ့ မတွေ့ဘူးလား"

ဟု မေးလိုက်ရာ ကောင်စစ်ဝန်က. . .

"ခင်ဗျားတို့ကို သူက လိမ်ပြောတာဗျ၊ ကျုပ်ကို စောင့်တာ မဟုတ်ဘူး၊ ကျုပ်နဲ့အတူ လားမားကျောင်းမှာ ကျန်ရစ်ခဲ့တဲ့ ကျုပ်ရဲ့ လက်ထောက် ကောင်စစ်ဝန် ဟန်နရီကို စောင့်တာဗျ၊ ယိုးဂျင်မြို့မှာ သူတို့နှစ်ယောက် တွေ့ပြီး ဟန်နရီက ထွင်းမားကို အင်္ဂလန်အထိ ခေါ်သွားပြီဗျ"

ဟု ရှင်းပြလေ၏။ ထိုအခါ ဆရာကြီးစနေမောင်မောင်က

"ကောင်စစ်ဝန်ကို ကြည့်ရတာ ကျန်းမာရေး မကောင်းဘူး ထင်တယ်"

ဟု မေးလိုက်ရာ ကောင်စစ်ဝန်က. . .

"ဟုတ်ပြီလားဗျာ. . . ကျုပ်ဟာ ဒါလီမြို့ဆေးရုံမှာ နှစ်လ လောက် ဆေးကုခံပြီး အခုပြန်မလို့ဗျ"

ဟု ပြောလေ၏။

"ကောင်စစ်ဝန်ကြီးက လားမားကျောင်းကနေ ဒါလီတို့ ဘယ်လိုကြောင့် ရောက်သွားတာလဲ"

ဟု စနေမောင်မောင်က မေးလိုက်ရာ ကောင်စစ်ဝန်က. . .

"ထွင်းမာ ပျောက်သွားလို့ ဆရာတော်ကြီးက ရှာခိုင်းလို့ ရှာရင်း အဲဒီကို ရောက်သွားတာ၊ အချိန်မီ တွေ့ရင်တော့ သူတို့နှစ်

www.burmeseclassic.com

www.burmeseclassic.com

ယောတ် လက်မထပ်ဖြစ်အောင် ကျုပ်က တားပြီး ထွင်းမာကို ကျောင်းကို ပြန်ပို့ရမယ်၊ အခုတော့ ကျုပ်က နောက်ကျသွားပြီ၊ သူတို့က လက်ထပ်ပြီး အင်္ဂလန်ကို ထွက်သွားကြပြီ၊ အဲဒါတွေ ထားလိုက်ပါတော့၊ ခင်ဗျားတို့အကြောင်းလည်း ဆရာတော်က ပြောပြလို့ ကျုပ်အကုန်သိပြီးပါပြီ၊ မြေလျှိုမိုးပျံဂိုဏ်းက ခင်ဗျားတို့ကို မြေလှန်ပြီး ရှာနေတယ်တဲ့၊ အဲဒီဂိုဏ်းက သိပ်ပြီးလက်ရဲဇက်ရဲနိုင်တယ်၊ သိပ်လည်း ရက်စက်တယ်တဲ့၊ ဒါပေမယ့် ကျုပ်နဲ့ ကျောင်းနေဘက် သူငယ်ချင်း သတင်းစာဆရာတစ်ယောက်နဲ့ ဒီသဘော်ာ မစီးခင် ဆိပ်ကမ်းတစ်ခုမှာ ဆုံမိသေးတယ်၊ သူ့ရဲ့ပြောပြချက်အရတော့ ခင်ဗျားတို့ သိပ်ပြီး ကံကောင်းသွားတယ်၊ အခု ကမ္ဘာစစ်မီးကလည်း စပြီးလောင်နေပြီ မဟုတ်လား၊ ဂျာမနီပြည်က ဂတ်စတာပိုလို့ ခေါ်တဲ့ နာမည်ကြီး စစ်သူလျှိုအဖွဲ့က မြေလျှိုမိုးပျံဂိုဏ်းဟာ သူတို့ရဲ့စစ်ရေးမှာ နှောင့်ယှက်မယ့်အဖွဲ့လို့ ထင်ပြီး သူတို့အဖွဲ့ကို နေရာအနှံ့အပြားမှာ ရှာပြီး သုတ်သင်ရှင်းလင်းပစ်နေတယ်၊ အဲဒီအချက်ဟာ ခင်ဗျားအတွက် ကံကောင်းသွားတဲ့အချက်ပဲ"

ဟု စိတ်ရှည်လက်ရှည် ပြောပြလေ၏။ ထိုအခါ ဆရာကြီး စနေမောင်မောင်က ကောင်စစ်ဝန်အား. . .

"အခု ကောင်စစ်ဝန်ကြီး ဘယ်ကိုသွားမှာလဲ"

ဟု မေးလိုက်လေ၏။ ထိုအခါ ၎င်းက. . .

"ကျုပ်ပြန်မှာပါ"

ဟု ဖြေလေ၏။

ထိုအခါ ဆရာကြီးစနေမောင်မောင်က. . .

"အင်္ဂလန်ကိုလား"

ဟု မေးလိုက်ရာ ကောင်စစ်ဝန်ကြီးက. . .

"အင်္ဂလန်ဟာ ကျုပ်နဲ့ မပတ်သက်တော့ဘူးဗျ၊ ရှမ်းရီလာက လားမားကျောင်းတော်ကြီးကို ပြန်မှာ၊ ဟိုမှာရှိတဲ့ ဆရာတော်ကြီးကလည်း ကျုပ်ကို မျှော်နေရော့မယ်၊ ကျုပ်လည်း မကြာခင် လားမားဘုန်းကြီး ဖြစ်ချင်ဖြစ်သွားမှာပါ၊ ဆရာတော်ကြီးကတော့ ခင်ဗျားအကြောင်း ခဏခဏ ပြောပါတယ်၊ စနေဂြိုဟ်ကို သနားလို့ ရွှေလုပ်နည်းအတတ် သဲလွန်စ ပြလိုက်တယ်တဲ့၊ အေးအေးချမ်းချမ်း ရှိတဲ့အခါ ခင်ဗျားတို့သုံးယောက်စလုံး ရှမ်းရီလာကို တစ်ခေါက်လာခဲ့ကြဖို့ ဖိတ်မန္တကပြုပါတယ်ဗျာ"

ဟု ပြောလိုက်ရာ ဆရာကြီးစနေမောင်မောင်က. . .

"ဆရာတော်ကြီးကို ပြောပြလိုက်ပါ၊ အဝေးကနေ စနေဂြိုလ်

www.burmeseclassic.com

www.burmeseclassic.com

က ကန်တော့နေပါတယ်လို့"

ဟု ပြောလိုက်လျှင် ၎င်းက. . .

"စိတ်ချပါခင်ဗျာ. . . ပြောဖြစ်အောင် ပြောလိုက်ပါ့မယ်"

ဟု ရွှင်လန်းတက်ကြွစွာ ဖြေကြား၍ ကျွန်ုပ်တို့သုံးဦးစလုံးအား နွေးထွေးစွာ လက်ဆွဲနှုတ်ဆက်ပြီးလျှင် ဆိပ်ကမ်းတစ်ခုၦ ဆင်းသွားလေတော့သတည်း။

ဝန်ခံချက်

ကျွန်ုပ် အင်းစိန်မှ ပြန်လာပြီးနောက် နှစ်ရက်သုံးရက် အကြာတွင် ဆရာမောင်ကျောက်တိုင်နှင့် တွေ့၍ ANDREW THOMAS (အင်ဒရူးသောမတ်စ်)ရေးသည့် ရှမ်ဘဲလားဆိုသည့်စာအုပ်နှင့်တကွ (၁၉၃၁)ခုနှစ်က ထုတ်ဝေခဲ့သော JAMES HILTON (ဂျိမ်းစ်ဟေလတန်) ရေးသည့် LOST HORIZON လော့ဇ်ဟာရိဇင်ဆိုသည့် အင်္ဂလိပ်ဝတ္ထုစာအုပ်အပြင် ၎င်းဝတ္ထုအား အကွက်စေ့စေ့ ပြန်ဆိုထားသော ဆရာမောင်ထွန်းသူ၏ ရှမ်းရိလာ ဘာသာပြန်စာအုပ်ကိုပါ ကျွန်ုပ်အား လက်ဆောင်ပေးသဖြင့် ဖတ်ရှုခွင့်ရခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဖတ်ရှုခွင့်ရသောကြောင့် ကျွန်ုပ်သည် (Shambhala)ကို မှီငြမ်းပြု၍ မဟာမြို့ခရီးသည်၀တ္ထုကို ရေးသားခဲ့လေး။

ထိုအချိန်မှစ၍ ရှမ်ဂရီလာသို့ သွားရောက်လိုစိတ်များ တဖွားဖွား ပေါ်ခဲ့သဖြင့် (၂၀၀၃)ခုနှစ်တွင် ရှမ်ဂရီလာသို့ ကြိုးစား၍ အရောက်သွားခဲ့သည်။ ယခုရေးသားသော စနေမောင်မောင် ၀တ္ထုတွင် မြေလျှိုးမိုးပျံဂိုဏ်းသားများ လိုက်သဖြင့် စနေမောင်မောင်တို့ ကိုယ်လွတ်ရုန်း ပြေးရာတွင် တောင်ဘက်သို့ မပြေးဘဲ ရှမ်ဂရီလာသို့ အရောက်ပြေးလိုသဖြင့် ရှမ်ဂရီလာ ၀တ္ထုတွင် ပက်ရှ်၀ါလေဆိပ်မှ ကောင်စစ်၀န်တစ်ဦး လေယာဉ်ပျံဖြင့် အလိုမတူဘဲ ရှမ်ဂရီလာသို့ ခေါ်ဆောင်သွားရပုံခန်းမှစ၍ မှီငြမ်းကာ ကျွန်ုပ်၏ဇာတ်ကောင်များကို သွတ်သွင်းကာ ရေးသားခဲ့ကြောင်း ရှိုးသားစွာ ၀န်ခံအပ်ပါသည်။



www.burmeseclassic.com